# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (15-7-2015) (၈၂၆၂)


## ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင် လုပ်ကိုင်ကြ

ကမ္ဘာ့ဇာတ်ခုံကြီးမှာ ကမ္ဘာ့တေးသံလိုက်၍ ကနိုင်တဲ့ ဗမာပြည်ကြီးဖြစ်အောင် ဖန်တီးပြုပြင်ကြစို့။ ဗမာပြည်ကြီးကို လွတ်လပ်ပြီး တိုးတက်ထွန်းကားတဲ့ တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားကြစို့။ ယခုလက်ဝယ်ရှိတဲ့ လုပ်ငန်းတာဝန်အလိုက် ကျွန်တော်တို့ အလုပ်လုပ်ကြစို့။ ကျွန်တော်တို့အားလုံး စစ်သားရော၊ နိုင်ငံရေးသမားရော၊ စာရေးဆရာရော၊ ဗမာတစ်မျိုးလုံး ယခုပြောတဲ့အတိုင်း ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင် လုပ်ကိုင်ကြပါစို့။

*(၁၉၄၉ ခုနှစ် အိုးဝေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ အောင်မြင်ဆန်းသစ်သော အတွေးအခေါ်များမှ ကောက်နုတ်ချက်)*



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဝန်ကြီးချုပ်မှ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

" စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ချမှတ်၍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး "

သတင်း စာမျက်နှာ - ၃

# မအူပင်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပံတပွတ်တံတား တည်ဆောက်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သည် မအူပင်ကျွန်း၊ ညောင်တုန်းကျွန်း၊ သုံးခွကျွန်း ဟူသည့် ကျွန်းသုံးကျွန်းနှင့် ဖွဲ့စည်းထားသော မြို့နယ်ဖြစ်သည်။ ကျွန်းသုံးကျွန်းကို တိုးမြစ်နှင့် ပံတပွတ်ချောင်းတို့က ပိုင်းခြား၍ ချောင်းရေ မြစ်ရေများ စီးဆင်းနေကြသည့်အတွက် တစ်ကျွန်းနှင့်တစ်ကျွန်း လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတို့မှာ အခက်အခဲရှိခဲ့ရာ ဖွံ့ဖြိုးတိုးတက်မှုများ တိုးတက်သင့်သလောက် မတိုးတက်ခြင်းဖြစ်ခဲ့သည်။ မအူပင်မြို့နယ် ပံတပွတ်တံတားကို ၁၅-၁၀-၂၀၁၄ ရက်က စတင် ပန္နက်တင်ခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ *

မောင်တင်လှိုင်
(ဟိုတယ်/ခရီး)



ပံတပွတ်တံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။




ကြေးမုံစာတည်းရှထောင့် ၁၅-၇-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# တစ်လှေတည်းစီး တစ်ခရီးတည်း

"တစ်လှေတည်းစီး တစ်ခရီးတည်း" ဆိုသည်မှာ "တစ်လှေတည်းစီး တစ်ခရီးတည်းသွား"ဟူသော မြန်မာစကားပုံ၏ ဆိုလိုရင်းဖြစ်ပါသည်။ "တစ်လှေတည်းစီး တစ်ခရီးတည်း" မှာ အကြောင်းပြစကားဟုဆိုချင်ပြီး "တစ်လှေတည်းစီး တစ်ခရီးတည်းသွား"မှာ ပစ္စုပ္ပန်တည့်တည့် ဆောင်ရွက်ချက်ဟု ပြောချင်ပါသည်။ ထိုစကားအသုံးအနှုန်းကို ကျွန်ုပ်တို့ မြန်မာ့လူမှုဘဝ နယ်ပယ်တွင် မကြာခဏပြောဆိုတတ်ကြပါသည်။

လှေတစ်စင်းကို အတူစီး၍ ခရီးတစ်ခုကို အတူသွားကြသူများကို ဆိုလိုခြင်းဖြစ်ပါသည်။ လှေတစ်စင်းဖြင့် ခရီးတစ်ခုကို အတူသွားကြရာတွင် ခရီးသွားအားလုံးသည် ဆိုးတူကောင်းဖက် ဘဝတူများဖြစ်ပါသည်။ လှိုင်းကြီး၊ လေထန်၊ ရေဆန်တက်တက်၊ မည်သည့်အခက်အခဲပင် ကြုံတွေ့စေကာမူ သွားလိုသောခရီးပန်းတိုင်သို့ ချောမွေ့စွာရောက်ရှိရေးအတွက် ဆိုးလည်းတူတူ၊ ကောင်းလည်းတူတူ ညီညီညွတ်ညွတ် မျှဝေခံစား ကြိုးစားအားထုတ်ရမှုကို ဆိုလိုရင်းဖြစ်ပါသည်။

ထိုဆိုလိုရင်းအတိုင်းပင် လူမှုဘဝနယ်ပယ်၌ ညီညွတ်ကြစေလိုလျှင် လူကြီးသူမတို့က "တစ်လှေတည်းစီး တစ်ခရီးတည်းသွား"ဟု ခိုင်းနှိုင်းပြတတ်ပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသားများအားလုံးသည် တစ်လှေတည်းစီးသည့် တစ်ခရီးတည်းမှ ခရီးသည်များဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် လွတ်လပ်ရေးနှင့်အတူ မွေးဖွားကြီးပြင်းလာကြပြီးနောက် လှေကြီးတစ်စင်းနှင့် ခရီးအတူသွားနေကြသူများကဲ့သို့ ဖြစ်ပါသည်။

လှေကြီးမှာ ခရီးတစ်ခုတည်းကို သွားသည်ဟုဆိုသော်လည်း အမှန်တကယ်တွင် မည်ကာမတ္တပင် ရှိသေးသည်။ ပန်းတိုင်သို့လည်းမရောက်၊ ခရီးလမ်းလည်း အလှမ်းဝေးနေသည်။ "တစ်လှေတည်းစီး တစ်ခရီးတည်းသွား" နေကြသည်ဟု ဆိုကြသော်လည်း ညီညွတ်မှု လိုသေးသည်။ ညီညွတ်မှုနည်းသောကြောင့် သွားလိုရာ ခရီးပန်းတိုင်နှင့်ဝေးနေသေးသည့် သဘောဖြစ်ပါသည်။ ကောင်းတူတူ ဆိုးတူတူမဟုတ်ဘဲ ကိုယ်ထင်ရာကိုယ်စိုင်းနေသည့် သဘောလည်းရှိနေပါသည်။

ညီညွတ်လျှင် အေးချမ်းမည်။ အေးချမ်းလျှင် ဖွံ့ဖြိုးမည်ကို အားလုံးသိကြသော်လည်း ကျွန်ုပ်တို့အားလုံး မညီညွတ်ကြသေးပါ။ ကျွန်ုပ်တို့ လှေကြီးနောက်မှ ထွက်ခွာလာခဲ့ကြသော ညီညွတ်သည့် လှေကြီးများမှာ အချို့ပန်းတိုင်သို့ပင် ရောက်လုနေပြီ။ အချို့ခရီးဆုံးပန်းတိုင်သို့ ရောက်ရှိ၍ အေးချမ်းမှု၊ သာယာမှု၊ ဖွံ့ဖြိုးမှုများကို အားလုံးတညီတညာတည်း ခံစားနေကြပြီ။ စတင်ထွက်ခွာစဉ်က ကောင်းတူဆိုးဖက် တစ်လှေတည်းစီး တစ်ခရီးတည်း ညီညီညွတ်ညွတ်သွားခဲ့ကြသည်။ ယင်းအကျိုးဆက်ကြောင့် ပန်းတိုင်သို့ ပျော်ရွှင်ချမ်းမြေ့စွာ ရောက်ခဲ့ကြသည်။ အေးချမ်းသာယာမှုကို အတူတကွခံစားကြရသည်။

ကျွန်ုပ်တို့လှေကြီးမှာ နောက်ကျနေပါသည်။ တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြပါ၊ သွားနေကြပါဟု ခဏခဏဆိုကြသော်လည်း ကျွန်ုပ်တို့အနေဖြင့် ကောင်းတူဆိုးဖက် မနေကြပါ။ လှေကြီးပေါ်တွင် ညီညီညွတ်ညွတ် မရှိကြပါ။ ညီညီညာညာ မလှော်ခတ်ကြပါ။ နားသူကနား၊ လှော်သူကလှော်နေကြသည်။ ထိုမျှသာမကသေး တစ်လှေတည်းစီး တစ်ခရီးတည်းသွားသူအချင်းချင်းပင် အမုန်းတရားများပွားချင်ကြသေးသည်။ တစ်ဦးနှင့်တစ်ဦး ပြစ်တင်ဝေဖန်ကြသည်။ ငြင်းခုံကြသည်။

အမှန်အားဖြင့် ခရီးပန်းတိုင်မှာ မဝေးတော့ပါ။ တက်ညီ လက်ညီမရှိသဖြင့် ပန်းတိုင်နားတွင် တဝဲလည်လည်ဖြစ်နေခြင်းသာ။ ခရီးမှာတိုတိုလေးဖြစ်၍ ကျွန်ုပ်တို့လှေပေါ်တွင် ဖြစ်နေသမျှအားလုံးကို ပတ်ဝန်းကျင်မှ မြင်တွေ့နေရပါသည်။ ပတ်ဝန်းကျင်မှ သိနေကြပါသည်။ ကျွန်ုပ်တို့လှေကြီး ကမ်းသို့ မြန်မြန်ရောက်စေချင်သူများရှိသလို ကျွန်ုပ်တို့လှေကြီးကို ကမ်းသို့မရောက်စေချင်သူများလည်းရှိပါသည်။

ထို့ကြောင့် တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေကြသော ကျွန်ုပ်တို့ခရီးသွားများအနေဖြင့် ပန်းတိုင်သို့အမြန်ဆုံးရောက်ရှိရေးအတွက် အမုန်းတရားများကို ဘေးဖယ်ထားကြရပါမည်။ အမုန်းစကားများကို လျှော့ကြရပါမည်။ ကျွန်ုပ်တို့အားလုံး တစ်လှေတည်းတွင်ရှိပြီး တစ်ခရီးတည်းကို သွားနေသည်ကို သတိပြုရမည်ဖြစ်ပါသည်။ ကောင်းတူဆိုးဖက် ညီညီညွတ်ညွတ် အမြန်လှော်ခတ်မှသာ ကျွန်ုပ်တို့အားလုံး မျှော်မှန်းသည့် ခရီးပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်ပါသည်။ ။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

| | | | |
|---|---|---|---|
| | ရန်ကုန် | ဇူလိုင် | ၁၄ |
| ရန်ကုန် | ရွှေဈေး | ၇၅၉၀၀၀ - | ၇၅၉၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၅၉၀၀၀ - | ၇၅၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း**


| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၈၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၀၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၀၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၂၃.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၉၄.၀၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅.၃၇၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၁၆.၅၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၈.၉၇၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၉၇၄.၂၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၅.၅၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၉၁.၁၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၈၄.၇၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း






# ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင် လူငယ်မျိုးဆက်သစ်များ၏ ကိုယ့်အားကိုယ်ကိုး ခြင်းလုံးအားကစားရုံတည်ဆောက်

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူး၍ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ခြင်းလုံးဝါသနာရှင် လူငယ်လူရွယ်များ၊ ရပ်ကွက်အတွင်းရှိ ခြင်းလုံးဝါသနာရှင် ပြည်သူများ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ခြင်းလုံးအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်း အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ခြင်းလုံးအားကစားရုံကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် လှဖြူပြာလမ်းမကြီးနှင့် လှဖြူလှ(၁)လမ်းထောင့်ရှိ မြေကွက်လပ်ပေါ်တွင် သံတိုင်၊ သံဒိုင်း၊ သွပ်မိုး၊ အောက်ခံကွန်ကရစ် (၅၀×၂၅)ပေအကျယ် Steel Structure အဆောက်အအုံအမျိုးအစားဖြစ်ပြီး ယင်းဆောက်လုပ်ခွင့်ကို ပြီးခဲ့သည့် ဇွန်လ ဒုတိယပတ်က နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနက ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ခြင်းလုံးအားကစားရုံ တည်ဆောက်ပြီးစီးသွားပါက မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် နည်းပြအဖြစ်ဆောင်ရွက်ခဲ့သည့် မုံရွေးရည် ဦးခင်မောင်ဝင်း၊ (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် အောင်ဇော်လင်းနှင့် ခြင်းအကျော်အမော်များက တနင်္လာနေ့မှ သောကြာနေ့ရုံးဆင်းပြီးချိန်နှင့် အပတ်စဉ်ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် နည်းပြများအဖြစ် လာရောက်သင်ကြားပြသကာ ကိုယ်တိုင်ခတ်ကစားပြသွားမည် ဖြစ်သည်။

"လူငယ်လူရွယ် ခြင်းဝါသနာရှင်တွေ စုပေါင်းပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရဲ့ စီမံပံ့ပိုးမှုအောက်မှာ ကော်မတီတစ်ရပ် ဖွဲ့စည်းထားရှိပါတယ်။ လောလောဆယ်တော့ ၃၂ ဦး ရှိပါတယ်။ တစ်ဦးကို တစ်လ ၁၀၀၀၀ ကျပ်နှုန်းထည့်ဝင်စုဆောင်းပြီး ဒီအားကစားရုံ အဆောက်အအုံပြီးစီးသွားတဲ့အထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ငွေကျပ်သိန်း ၃၀ လောက်ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ကော်မတီအတွင်းရေးမှူး ဦးမင်းထိုက်စိုးက ပြောပြသည်။

**ကိုပေါက်(ဥတ္တရာမြေ)**

**ဖခင်အမည်မှန်**

အထက(၆)၊ အလုံ ဒသမတန်း(A)မှ မဆန်းစုလင်း၏ ဖခင်အမည်မှန်မှာ ဦးချောင်ငှက်မိန်ဖြစ်ပါကြောင်း။

ဦးချောင်ငှက်မိန်

**အမည်ပြောင်း**

အဖဦးချောင်ငှက်မိန်၏ သမီးဖြစ်သူ အ.ထ.က(၆)အလုံ၊ ဒသမတန်း(A)မှ မဆန်းစုလင်းအား မဆုထက် ဟုပြောင်းလဲခေါ်ဆိုပါရန်။

မဆုထက်

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုဇော်သက်အောင် CDC-23311 ၏ PSC-RB လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၁၉၅၃၃

**ပျောက်ဆုံးကြောင်း**

တာချီလိတ်၊ ဝမ်ကောင်းရပ်ကွက်၊ နေရပ် ၃/၂ နေ ကျွန်မ နန်းကျန်ဟွမ် [၁၃/တခလ(နိုင်)၀၆၄၂၁၂] (ဘ) ဦးဘိုလေး၏ PP.No MA-618590 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

**7Stars(ရာထူးဝင်သင်တန်းကြီး)**

**လ/ထဆရာဝန်**

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအတွက်
လစ်လပ်ရာထူးနေရာ – ( ၄၉၈ )နေရာ
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းချိုလမ်း လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဝေဇျောင်းခွဲ (လုံးဝ) မရှိပါ။
09.421052736, 09.49282366, 09.799860155

**နည်းပညာတက္ကသိုလ်များအတွက်**

**Lab Equipments များအား Open Tender ခေါ်ယူခြင်း**

၁။ နည်းပညာတက္ကသိုလ်များတွင် အသုံးပြုမည့် Communication Lab Equipments ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် Open Tender များ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ Open Tender ပုံစံများကို ၁၅-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင်ကျပ်-၁၀၀၀၀/- နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၄-၈-၂၀၁၅ ရက် နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန် အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၁၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်ရွေးချယ်ရေးအဖွဲ့**

ပြည်တွင်းရေးရာ

# စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများချမှတ်၍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံအခြေစိုက် ဂျင်နရယ်အီလက်ထရစ်(ဂျီအီး)ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဂျွန်ဂျီရိုက်စ်အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ရေးအတွက် ရေတိုရေရှည် စီမံကိန်းများချမှတ်၍ ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပို့ဆောင်ရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ကူညီနေမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





# ရေနံနှင့် သဘာဝဓာတ်ငွေ့စာချုပ်များ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် DFDL Legal and Tax Myanmar Limited တို့ပူးပေါင်း၍ Oil and Gas Contracts Workshop (ရေနံနှင့်သဘာဝဓာတ်ငွေ့စာချုပ်များ အလုပ်ရုံဆွေးနွေးပွဲ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၂ နှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေများကို ပြဋ္ဌာန်းပြီး၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ Rule of Law နှင့်အညီ စီးပွားရေးစာချုပ်စာတမ်းများကို ဥပဒေအကြံပြုလျက်ရှိကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ စီးပွားရေးစာချုပ်များကို အကြံပေးရုံမျှမက အပြည်ပြည်ဆိုင်ရာစာချုပ်များကိုပါ စိစစ်အကြံပေးရကြောင်း၊ Arbitration နှင့်စပ်လျဉ်း၍ ယခုအခါ ခေတ်မီသော UNCITRAL Rule ကို ကျင့်သုံးလျက်ရှိပြီး New York Convention on the Enforcement of award ကိုလည်း ဝင်ရောက်ပြီး ပြည်တွင်း Arbitration Law ကို ရေးဆွဲလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ DFDL Legal & Tax မှ Managing Director, Mr.William D.Greenlee Jr က မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် အသုံးပြုခြင်းမရှိသေးသည့် သဘောတူစာချုပ်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ မိမိတို့၏ အတွေ့အကြုံများကို ယခုဆွေးနွေးပွဲတွင် ဝေမျှသွားမည်ဖြစ်ပါကြောင်း၊ စာချုပ်များချုပ်ဆိုဆောင်ရွက်ရာတွင် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး တာဝန်သိသည့် အပြုအမူများဖြင့် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ သင်တန်းသားအရာရှိများ၊ DFDL Legal & Tax မှ ဥပဒေကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ရေဘေးသင့် အိမ်ထောင်စုများအတွက် ရခိုင်သဟာယအသင်းသို့ အလှူငွေများပေးအပ်

**ရန်ကုန် ဇူလိုင် ၁၄**

ရခိုင်ပြည်နယ်တွင် ပြီးခဲ့သည့် ဇွန်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခရိုင် ငါးခရိုင်နှင့် မြို့နယ် ၁၄ မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်များ ပျက်စီးဆုံးရှုံး၍ လူအသေအပျောက်ရှိခဲ့ရာ ရေဘေးသင့် အိမ်ထောင်စုများအတွက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ စေတနာရှင်၊ အလှူရှင်များ စုပေါင်းကာ ငွေကျပ် ၂၁၃ သိန်းကို ရခိုင်သဟာယအသင်းသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

"ရခိုင်ပြည်နယ်မှာ ရေဘေးဒုက္ခဖြစ်နေတယ်ဆိုတဲ့သတင်းကို သိလိုက်ရတဲ့အခါ ရခိုင်ပြည်နယ်မှာဖြစ်နေတဲ့ သူတွေရဲ့ ဒုက္ခတွေကို လူသားချင်းစာနာပြီးတော့တတ်နိုင်သမျှ ကူညီပေးချင်တဲ့စိတ်နဲ့ အခုလို လှူဒါန်းဖို့ဖြစ်လာတာပါ။ သဘာဝဘေးကြောင့် အိုးအိမ်တွေ ပျက်စီးသွားတာတွေ၊ အသက်ဆုံးရှုံးတာတွေ ကြားရရင် လူတိုင်းကတော့ ကိုယ်တတ်နိုင်သလောက် လှူဒါန်းချင်ကြတာပဲ။ အခုလို စေတနာရှင်၊ အလှူရှင်တွေဝိုင်းဝန်းလှူဒါန်းလိုက်ရင် သူတို့ရဲ့ဘဝတွေပြန်လည်ထူထောင်ဖို့ တစ်ထောင့်တစ်နေရာက ဖြည့်ဆည်းပေးရာ ရောက်တာပါလားလို့တွေးပြီး လှူဒါန်းပေးကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းက ပြောသည်။

အဆိုပါအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ရှင်စောပုလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းသင်းမြနှင့် ဒေါ်ခင်အေးနွယ်တို့က ရခိုင်သဟာယအသင်းဥက္ကဋ္ဌ ဦးလှမောင်သိန်းထံ အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရခိုင်သဟာယအသင်း ဥက္ကဋ္ဌ ဦးလှမောင်သိန်းက"အခုလို လှူဒါန်းပေးတဲ့အတွက်ကြောင့် ရခိုင်ဒေသမှာ ဒုက္ခရောက်နေသူတွေအတွက် အများကြီး အထောက်အကူဖြစ်စေပါတယ်။ ဒီလို လှူဒါန်းတဲ့သူတွေကို ရခိုင်ဒေသရဲ့ လူထုကိုယ်စား အများကြီးကျေးဇူးတင်ကြောင်း ပြောကြားချင်ပါတယ်။ ကျွန်တော်တို့ဒေသရဲ့ လိုအပ်မှုတွေကို လာရောက်လှူဒါန်းမယ့် အလှူရှင်တွေ အများကြီးလိုအပ်နေပါတယ်။ လှူဒါန်းပေးကြပါလို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

ရခိုင်ပြည်နယ်တွင် ဇွန် ၂၄ ရက်မှ ၂၇ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ခရိုင် ငါးခရိုင်နှင့် မြို့နယ် ၁၄ မြို့နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လူခြောက်ဦး၊ တိရစ္ဆာန်အကောင်ရေ ၂၅၅၀ ကျော်သေဆုံးခဲ့ပြီး နေအိမ် ၅၉၂ လုံး၊ ဘုန်းကြီးကျောင်း ငါးကျောင်း၊ စာသင်ကျောင်း နှစ်ကျောင်း၊ လမ်းပိုင်း ၂၄ ပိုင်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ပြန်လည်တည်ဆောက်ရေးအတွက် ငွေကျပ် ၃ ဒသမ ၂၁၆ ဘီလီယံကုန်ကျမည်ဖြစ်ပြီး နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် ဆန်နှင့်အဝတ်အထည်များ တန်ဖိုးငွေကျပ် ၂၀ ဒသမ ၆ သန်းခန့် ထောက်ပံ့ပေးအပ်ခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလည်း ရေကြီးမှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများသို့ ကွင်းဆင်းပြီး လိုအပ်ချက်များ ထောက်ပံ့ပေးလျက် ရှိကြောင်းနှင့် လမ်းပိုင်းများနှင့် တံတားများ ယာယီသွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း ဇူလိုင် ၁၃ ရက်က နေပြည်တော်တွင် ပြုလုပ်သည့် ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေး ဗဟိုကော်မတီအစည်းအဝေးမှ သိရသည်။

**(သီသီမင်း)**

**✻ မအူပင်မှ**

သုံးခွကျွန်းဒေသသည် ကျေးရွာအုပ်စုပေါင်း ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၇၁ ရွာ၊ လူဦးရေ ၇၅၀၀၀ ကျော်နေထိုင်ကြပြီး ရေလမ်းခရီးတစ်ခုတည်းကိုသာ အားထားနေရသည့်အတွက် ဒေသအခြေအနေအရ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရခြင်းဖြစ်သည်။ ပံတပွတ်ချောင်းတံတားရှိလာသည့်အတွက် မအူပင်မြို့မှတစ်ဆင့် မြန်မာပြည်အရပ်ရပ်သို့ အလွယ်တကူသွားလာနိုင်ကြတော့မည်ဖြစ်သည်။

စီးပွားရေး၊ ပညာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ပြီး ဒေသထွက်ကုန်ပစ္စည်းများ တစ်မြို့မှတစ်မြို့သို့ ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်ပေသည်။ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေး၊ ကျေးလက်နှင့်မြို့ပြ ကျန်းမာရေး၊ ပညာရေးများ ကွာခြားမှုလျော့နည်းစေရေး ရည်ရွယ်ပြီး ပံတပွတ်ချောင်းကိုဖြတ်၍ တံတားအဖြစ်တည်ဆောက်ခြင်း ဖြစ်သည်။ မအူပင်နှင့် ပံတပွတ်ကျေးရွာသည် ၄ မိုင် ၄ ဖာလုံကွာဝေးသည်။

မအူပင်တံတားကြီး ဆောက်လုပ်ဖွင့်လှစ်ပြီးသည့်အချိန်တွင် မအူပင်ကျွန်းနှင့် ညောင်တုန်းကျွန်းကို ဆက်သွယ်နိုင်ပြီး မအူပင်-ဆားမလောက်-ရန်ကုန်လမ်းနှင့် မအူပင်-တွံတေး-ရန်ကုန်လမ်းတို့ကို ဆောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် မအူပင်မြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ အထူးတိုးတက်ကောင်းမွန်လျက်ရှိသည်ကို တွေ့ရသည်။ ထို့အတူ တိုးမြစ်၊ ပံတပွတ်ချောင်းနှင့် ကရင်သောင်တို့ ရေပတ်လည်ဝိုင်းထားသည့် သုံးခွကျွန်းသည်လည်း ရေလမ်းတစ်ခုတည်းကိုသာ အားထားခဲ့ရာမှ ယခုတံတားကြီးဖြင့် ကုန်းလမ်းကိုပါ အားထားရသည့်အတွက် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ အမှန်ပင်ဖြစ်ပါသည်။ ပံတပွတ်တံတားကြီးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ အမှတ်(၁၅)က တည်ဆောက်ပေးနေခြင်းဖြစ်သည်။

တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်တိုင်အုတ်မြစ်၊ သံကူကွန်ကရစ်နှင့် သံမဏိသံပေါင်တံတားဖြစ်သည်။ တံတားအတိုင်းအတာမှာ သံကူကွန်ကရစ် ရက်မကြမ်းခင်း ပေ ၄၈၀ နှင့် သံမဏိသံပေါင် ပေ ၂၄၀ တို့ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး မကြာမီကာလအတွင်း ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ပြီး ရေလမ်းကင်းလွတ်ခွင့် အကျယ်ပေ ၂၂၀ နှင့် အမြင့်ပေ ၃၀ ရှိသည့် တံတားဖြစ်ကာ ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ ဒေသတွင်း အချိန်မရွေး၊ ရာသီမရွေး အလွယ်တကူသွားနိုင်တော့မည် ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ တိုးတက်ခံစားလာကြရတော့မည်ဖြစ်ပေသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်စေရန် ပံတပွတ်တံတားအသစ်ကြီးကို စေတနာထား၍ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေးစသည့်လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဒေသခံတိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးမှုလည်း ပိုမိုတိုးတက်ရရှိစေမည်ဖြစ်သည်။

# ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်တို့ သမိုင်းဝင် နျူကလီးယားသဘောတူညီချက်ရရှိပြီ

ဗီယင်နာ ဇူလိုင် ၁၄

**ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့သည် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ သဘောတူညီချက်တစ်ရပ်ကို ရရှိလိုက်ပြီဖြစ်ရာ အရှေ့အလယ်ပိုင်းဒေသကို အသွင်ပြောင်းလဲစေနိုင်မည့် သမိုင်းဝင် သဘောတူညီချက်အဖြစ် ရှုမြင်ရကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။**



ဆယ်စုနှစ် တစ်ခုကျော်မျှ ညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် နျူကလီးယားဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနှင့် အီရန်နိုင်ငံတို့ သဘောတူညီချက်ရရှိလိုက်ကြသော်လည်း သံတမန်ရေးအရ အငြင်းပွားပြောဆိုမှုများ ဖြစ်ပေါ်နေဆဲဖြစ်သည်။ အီရန်နှင့် နျူကလီးယား သဘောတူညီချက်ရရှိခြင်းသည် အနောက်နိုင်ငံများနှင့် ဥရောပနိုင်ငံများအနေဖြင့် ယင်းနိုင်ငံအား သမိုင်းဝင် အရှုံးပေးရာရောက်ကြောင်း အစ္စရေးနိုင်ငံက ပြောဆိုသည်။

သို့ရာတွင် တစ်ကမ္ဘာလုံးအတွက် မျှော်လင့်ချက်ကို ဖြစ်စေသည့် အမှတ်သင်္ကေတတစ်ရပ်အဖြစ် ယင်းသဘောတူညီချက်ပေါ်ထွက်လာကြောင်း ဥရောပသမဂ္ဂက ပြောကြားသည်။

အဆိုပါ သဘောတူညီချက်အရ အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂတို့က အီရန်နိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှုများကို ရုပ်သိမ်းပေးမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် အီရန်နိုင်ငံက ယင်း၏ နျူကလီးယားအစီအစဉ်ကို ကာလရှည် ကန့်သတ်ထိန်းချုပ်ပေးမည်ဖြစ်သည်။

အီရန်နိုင်ငံသည် အရပ်ဘက်သုံး နျူကလီးယားအစီအစဉ်ကို အကြောင်းပြု၍ အဏုမြူဗုံးထုတ်လုပ်လာနိုင်စွမ်း မရှိစေရန် အနောက်အုပ်စုက လိုလားသည်။

ယခုသဘောတူညီချက်သည် အမေရိကန်နှင့် အီရန်သမ္မတ နှစ်ဦးစလုံးအတွက် အရေးပါသော နိုင်ငံရေးအောင်ပွဲတစ်ရပ်ဖြစ်ကြောင်း ရိုက်တာက ရေးသားဖော်ပြသည်။ **ရိုက်တာ။**

## ကင်ညာနိုင်ငံရောက် အမေရိကန်နိုင်ငံသားများအား လုံခြုံရေးသတိပေးချက် ထုတ်ပြန်

**နိုင်ရိုဘီ ဇူလိုင် ၁၄**

လာမည့်ရက်သတ္တပတ်အတွင်း ကင်ညာနိုင်ငံသို့ အမေရိကန်သမ္မတ အိုဘားမား လာရောက်မည့် ခရီးစဉ်အတွင်း ယင်းနိုင်ငံတွင် ရောက်ရှိနေသော အမေရိကန်နိုင်ငံသားများအနေဖြင့် လုံခြုံရေးသတိထားရှိရန် အမေရိကန်နိုင်ငံက သတိပေးမှုတစ်ရပ် ထုတ်ပြန်ထားသည်။ အမေရိကန်သမ္မတ၏ ခရီးစဉ်အတွင်း၌ အမျိုးအမည် ခွဲခြားဖော်ပြနိုင်ခြင်း မပြုနိုင်သည့်ဒေသများ၌ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ ဖြစ်ပေါ်ဖွယ်ရှိကြောင်း ယင်းသတိပေးချက်၌ ဖော်ပြသည်။

နိုင်ရိုဘီမြို့တွင် ဇူလိုင် ၂၄ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်သူများ၏ အစည်းအဝေးကဲ့သို့သော နိုင်ငံခြားသားများ၏ စုဝေးပွဲများသည် အကြမ်းဖက်သမားတို့၏ ပစ်မှတ်များဖြစ်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတိပေးချက်တွင် ဖော်ပြသည်။

ကြီးမားသော လူစုလူဝေးဖြင့် ကျင်းပမည့် ကမ္ဘာ့စွန့်ဦးတီထွင်သူတို့၏ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ စီးပွားရေးလုပ်ငန်းဆိုင်ရာ ခေါင်းဆောင်များ တက်ရောက်မည်ဖြစ်ခြင်းကြောင့် ယင်းထိပ်သီးအစည်းအဝေးမှာ အကြမ်းဖက်သမားတို့၏ ပစ်မှတ်ဖြစ်လာနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက သတိပေးထားသည်။ **ရိုက်တာ။**

## မိုးခေါင်မှုကြောင့် ဗန်ကောက်တွင် ရေအခက်အခဲဖြစ်နေ

**ဗန်ကောက် ဇူလိုင် ၁၄**

ထိုင်းအာဏာပိုင်များက မြစ်ချောင်းများအတွင်း အရန်သိုလှောင်ထားသည့် ရေပမာဏ သိသိသာသာ လျော့နည်းလာမှုကို ထိန်းသိမ်းထားနိုင်ရန်အတွက် ဗန်ကောက်မြို့ဆင်ခြေဖုံးအိမ်ရာများသို့ ထောက်ပံ့ပေးနေသည့်ရေကို စတင်ဖြတ်တောက်လိုက်ပြီဖြစ်သည်။



ဗန်ကောက်မြို့ကို ထောက်ပံ့ပေးနေသည့် ရေသည် မိုးခေါင်မှုကြောင့် ၁၀ နှစ်တာကာလအတွင်း အဆိုးရွားဆုံးအခြေအနေသို့ရောက်ရှိနေပြီဟု တာဝန်ရှိသူများက ပြောကြားသည်။

ဗန်ကောက်မြို့နှင့် ကပ်လျက်တည်ရှိသည့် ပသွန်သာနီပြည်နယ်အစိုးရတာဝန်ရှိသူများက ယခုသီတင်းပတ်မှစ၍ ရေထောက်ပံ့ပေးနေမှုကို လျှော့ချလိုက်ပြီဟု ဆိုသည်။ ရေဖြတ်တောက်မှုကို အိမ်ထောင်စု ၅၀၀၀၀ ကျော် ခံစားခဲ့ရသည်။ စစ်ဘက်သုံးကုန်တင်ကားကြီးများဖြင့် ရပ်ကွက်များအတွင်းသို့ ရေများလှည့်လည်ပေးဝေလျက်ရှိသည်။ ဒေသခံပြည်သူများသည်လည်း ဈေးဆိုင်များသို့မဟုတ် လမ်းဘေးပျံကျဈေးများမှ ရေသိုလှောင်ရန်အတွက် ရေတိုင်ကီများဝယ်ယူလျက်ရှိသည်။

ပြည်သူများသည် အိုးခွက်ပန်းကန်များ ဆေးကြောနိုင်ခြင်းမရှိသလို အခြားသော နေ့စဉ်လျှော်ဖွပ်စရာများကိုလည်း ပြုလုပ်နိုင်ခြင်းမရှိကြဘဲ အဆိုးဆုံးအခြေအနေအတွက် ပြင်ဆင်ထားကြသည်ဟု ဒေသခံပြည်သူတစ်ဦးကပြောကြားသည်။

ဗန်ကောက်မြို့ကို ရေထောက်ပံ့ပေးနေသည့် ကျောက်ဖယားမြစ်သည် ရေခန်းခြောက်မှုကြောင့် ဆက်လက်ကျဉ်းမြောင်းလာလျက်ရှိသည်။ ထိုင်းတော်ဝင်ဆည်မြောင်းဌာနက ဗန်ကောက်မြို့နေပြည်သူများအနေဖြင့် ရေကို ချွေချွေတာတာသုံးစွဲကြရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ။**

## လူစည်ကားရာနယ်မြေများပေါ် ဒရုန်းပျံသန်းမှုကို တားမြစ်သည့်ဥပဒေကြမ်း ဂျပန်အစိုးရအဖွဲ့ အတည်ပြု

တိုကျို ဇူလိုင် ၁၄

**ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့က လူစည်ကားသော လူနေအိမ်ဇရိယာများနှင့် လေဆိပ်များအပေါ် မောင်းသူမဲ့လေယာဉ်များ ပျံသန်းမှုအပြင် ညအချိန်၌ မောင်းသူမဲ့လေယာဉ်အသုံးပြုမှုကို ပိတ်ပင်တားမြစ်ရန် ဥပဒေကြမ်းတစ်ရပ်အား ယနေ့အတည်ပြုလိုက်ပြီဖြစ်သည်။**

မောင်းသူမဲ့လေယာဉ်များကို အကြမ်းဖက်တိုက်ခိုက်မှုများတွင် အသုံးပြုလာနိုင်သည်ဟူသော စိုးရိမ်မှုကိုဆွပေးခဲ့သည့် ဧပြီလအတွင်းက ဝန်ကြီးချုပ်ရုံး၏ ခေါင်မိုးပေါ်တွင် မပြောပလောက်သော ရေဒီယိုသတ္တိကြွပမာဏပါရှိသည့် မောင်းသူမဲ့လေယာဉ်တစ်စင်း တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် ကျင်းပလျက်ရှိသည့် ဒိုင်းယက် အစည်းအဝေးတွင် အများပြည်သူဆိုင်ရာ လေယာဉ်နှင့်ပတ်သက်သောဥပဒေကို ပြန်လည်ပြင်ဆင်ရန် အဆိုပါဥပဒေကြမ်းအား အတည်ပြုရန် ဂျပန်အစိုးရက ကြိုးပမ်းနေခြင်းဖြစ်သည်။ အဆိုပါဥပဒေကြမ်းမှာ ဝန်ကြီးချုပ်ရုံး၊ ဒိုင်းယက်အဆောက်အအုံ၊ ဘုရင့်နန်းတော်နှင့် အနီးအနားအရေးပါသော အဆောက်အအုံများပေါ် မောင်းသူမဲ့လေယာဉ်များ ပျံသန်းမှုကို ပိတ်ပင်တားမြစ်ထားသော ပြီးခဲ့သည့်ရက်သတ္တပတ်က အောက်လွှတ်တော်တွင် အတည်ပြုခဲ့သည့် အခြားဥပဒေကြမ်းတစ်ရပ်ပြီးနောက် မောင်းသူမဲ့လေယာဉ်များ အသုံးပြုမှုကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းပေးသည့် ဒုတိယမြောက် ဥပဒေပြုရေးဆိုင်ရာ အပြောင်းအလဲဖြစ်သည်။

"ကျွန်တော်တို့ လုံခြုံရေးအတွက် စိတ်ချချင်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဆက်စပ်နည်းပညာများ ဖွံ့ဖြိုးရေးနဲ့ မောင်းသူမဲ့လေယာဉ် အသုံးချမှုကို ကျွန်တော်တို့ ပိတ်ပင်တားမြစ်မှု မလုပ်ချင်ပါဘူး" ဟု ပို့ဆောင်ရေးဝန်ကြီး အကီဟီယိုအော့တာက အစိုးရအဖွဲ့အစည်းအဝေးပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နောက်ဆုံးအတည်ပြုလိုက်သည့် ဥပဒေကြမ်းအရ အော်ပရေတာများကိုသာလျှင် အရုဏ်တက်ချိန်မှ နေဝင်ချိန်ထိ မောင်းသူမဲ့လေယာဉ် အသုံးပြုရန် ခွင့်ပြုမည်ဖြစ်သည်။ ပွဲတော်များနှင့် ပြပွဲများကဲ့သို့သော ကြီးမားသော လူအုပ်ရှိသည့် နေရာများတွင် အော်ပရေတာများ ပျံသန်းမောင်းနှင်မှုကို ပိတ်ပင်တားမြစ်မည်ဖြစ်သလို ပေါက်ကွဲစေတတ်သော ပစ္စည်းများအား မောင်းသူမဲ့လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ခြင်းကိုလည်း တားမြစ်မည်ဖြစ်သည်။ စည်းမျဉ်းစည်းကမ်း ချိုးဖောက်သည့်ပြည်သူများကို ယန်း ၅၀၀၀၀၀ ထိ ပြစ်ဒဏ်ချမှတ်မည်ဖြစ်သည်။

**ကျိုတိုနယူးစ်။**




**မာဆေး ဇူလိုင် ၁၄**

ပြင်သစ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သော မာဆေးမြို့၏ လေဆိပ်အနီး တည်ရှိသော ရေနံဓာတုဗေဒစက်ရုံတစ်ရုံ နေရာနှစ်နေရာ၌ ညတွင်းချင်း မီးလောင်မှုများဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုများဖြစ်ပွားရသည့် အကြောင်းတရားကို မသိရှိရသေးကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇူလိုင် ၁၄ ရက်တွင် ပြောကြားကြသည်။

ကုဗမီတာ ၁၁၀၀၀ ရှိ ရေနံလှောင်ကန်တစ်လုံးတွင် ဇူလိုင် ၁၄ ရက် နံနက် ၃ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း ပြင်သစ်ရေဒီယိုက ထုတ်လွှင့်သည်။

ဒုတိယအကြိမ် မီးလောင်မှုမှာ ကုဗမီတာ ၄၂၀၀၀ ရှိ နက်ဖသာလှောင်ကန်တွင် ဖြစ်ကြောင်း၊ အဆိုပါလှောင်ကန်နှစ်ခုမှာ တစ်ခုနှင့်တစ်ခု မီတာ ၅၀၀ ခန့် ကွာဝေးကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအကြီးအကဲ မိုက်ကယ်ကာဒေါ့က ပြောကြားသည်။

မီးလောင်မှုများကြောင့် ထိခိုက်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ရာဇဝတ်ပြစ်မှုထိုက်သည့် လုပ်ဆောင်ချက်အဖြစ် တာဝန်ရှိသူများက သံသယပွားလျက်ရှိကြသည်။ လှောင်ကန်များမှနေ၍ ပေါက်ကွဲသံများ တစ်ပြိုင်တည်း ပေါ်ထွက်ခဲ့ပြီး လေထုအတွင်းသို့ မီးခိုးလုံးကြီး ပျံ့လွင့်လာခဲ့သည်။

ပြင်သစ်နိုင်ငံ၌ ဘာစတီးနေ့ အမျိုးသားအားလပ်ရက်တွင် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ပြီး စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။

**ရိုက်တာ။**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

## သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့်
## မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲပညာပေးရေးနှင့် လေ့လာစောင့်ကြည့်ရေး မိတ်ဖက်များ (မြန်မာပြည်)အဖွဲ့ လာရောက်လေ့လာ




**နေပြည်တော် ဇူလိုင် ၁၄**

ရွေးကောက်ပွဲပညာပေးရေးနှင့် လေ့လာစောင့်ကြည့်ရေး မိတ်ဖက်များ (မြန်မာပြည်) အဖွဲ့မှ တာဝန်ရှိသူ ၂၅ ဦးသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲအရေးကြီးမှု၊ ရွေးကောက်ပွဲအနှစ်သာရ၊ နိုင်ငံအကျိုးအတွက် အရည်အချင်းပြည့်ဝသော လူထုကိုယ်စားလှယ်များ ရွေးချယ်ရန်လိုအပ်မှုတို့ကိုလည်းကောင်း၊ ရွေးကောက်ပွဲအသိပညာရရှိရေး ဆောင်ရွက်ခဲ့မှုကိုလည်းကောင်း၊ နည်းဥပဒေများပြင်ဆင်ရာတွင် အထူးသဖြင့် ကြိုတင်မဲနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရရှိစေရန် ပြင်ဆင်ခဲ့မှု၊ ပယ်မဲမဖြစ်စေရေးနှင့် နှစ်ကြိမ်မဲမပေးနိုင်ရေးအတွက် ပြင်ဆင်ထားမှုတို့ကိုလည်းကောင်း၊ လူမှုအဖွဲ့အစည်းများအနေဖြင့် လူထုကို ပညာပေးရမည့် အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။**(ယာပုံ)**

ဎင်းနောက် လူမှုအဖွဲ့အစည်းများက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များအား မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**(သတင်းစဉ်)**

# တံဆိပ်တုံးရိုက်နှိပ် ဆန္ဒပြုခြင်း၊ မဲပေးပြီးကြောင်း မင်တို့မှတ်သားခြင်းဟာ ၂၀၁၀ ရွေးကောက်ပွဲနဲ့မတူတဲ့အချက်တွေဖြစ်

တွေ့ဆုံမေးမြန်း - ကိုကိုနေ
ဓာတ်ပုံ - နန္ဒ



ဦးအောင်ထက်ကျော်

**ဒီမိုကရေစီအသွင်ကူးပြောင်းရေးအဆင့်များကို တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်သန်းလျက်ရှိသော မြန်မာနိုင်ငံတွင် အရေးပါလှသောအဆင့်တစ်ခုဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ပြည်သူတစ်ဦးချင်းစီ၏ သဘောဆန္ဒများစုပေါင်း၍ ပြည်သူများ၏သဘောဆန္ဒအဖြစ် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အနာဂတ်လူမှုဘဝကို ဖော်ဆောင်ရမည်ဖြစ်ရာ "အသည်းကြားက မဲတစ်ပြား" ဟု တင်စားရလောက်အောင် ပြည်သူတစ်ဦးချင်းစီ၏ ဆန္ဒမဲတစ်ခုသည် လွန်စွာအရေးပါလှသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်နှင့် မဲဆန္ဒရှင်ပြည်သူများ သိသင့်သည်များနှင့်ပတ်သက်၍ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်(ခွဲ)(နေပြည်တော်)ဥက္ကဋ္ဌ ဦးအောင်ထက်ကျော်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-**

**မေး။ ။ဆန္ဒမဲတစ်ခုနဲ့ ပြည်သူတွေရဲ့ ဆန္ဒမဲပေးပိုင်ခွင့်ဟာ ရွေးကောက်ပွဲအတွက် ဘယ်လောက် အရေးပါလဲဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။တချို့ပြည်သူတွေမှာ ဘယ်အစိုးရတက်တက် တစ်နေ့ထမင်းနှစ်နပ်ပဲဆိုတဲ့ အယူအဆလေးတွေ ရှိသလို တချို့ကတော့ ဘယ်သူ့ကို အားကိုးရမှာလဲ၊ ကိုယ်လုပ်မှ ကိုယ်စားရမှာ၊ မဲပေးလည်း ဘာမှမဖြစ်ဘူး၊ မဲမပေးလည်း ဘာမှမဖြစ်ဘူးဆိုတဲ့ အယူအဆလေးတွေ ရှိနေကြတယ်။ အဲဒီအယူအဆလေးတွေကိုပြင်ပြီး ကိုယ့်ပတ်ဝန်းကျင်ဒေသ တိုးတက်သာယာ ဖွံ့ဖြိုးအောင် ဘယ်သူ ဘယ်ဝါ ဘယ်ပုဂ္ဂိုလ်မျိုးက စွမ်းဆောင်နိုင်မလဲဆိုတာ၊ နောက်တစ်ဆင့် ကိုယ့်နိုင်ငံကို တိုးတက်အောင် ဘယ်လိုပုဂ္ဂိုလ်မျိုးက စွမ်းဆောင်နိုင်မလဲဆိုတာ ကိုယ်တိုင်လေ့လာပြီး ဆန္ဒမဲပေးရွေးချယ်ခြင်းဖြင့် မဲဆန္ဒရှင်တစ်ဦးအနေနဲ့ရော ပြည်သူတစ်ဦးအနေနဲ့ပါ တာဝန်ကျေမှု၊ အရေးပါမှုကို ပြသနိုင်မှာဖြစ်ပါတယ်။

**မေး။ ။လာမယ့်ရွေးကောက်ပွဲမှာ ဘယ်လိုနည်းစနစ်ပုံစံမျိုးနဲ့ ဆန္ဒပြုမဲပေးရမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ရွေးကောက်ပွဲနေ့မှာ မဲစာရင်းမှာပါဝင်တဲ့ ဆန္ဒမဲပေးခွင့်ရှိသူဟာ မိမိရဲ့နိုင်ငံသားစိစစ်ရေးကတ်ကို ယူဆောင်သွားရပါမယ်။ မဲစာရင်းစစ်ဆေးသူထံမှာ မိမိရဲ့နိုင်ငံသားစိစစ်ရေးကတ်ကို ပြသပြီး မဲစာရင်းစာရွက်ပေါ်က မိမိနာမည်မှာ လက်မှတ်ထိုးရပါမယ်။ ပြီးရင် မဲလက်မှတ်ထုတ်ပေးသူထံမှ ဆန္ဒမဲလက်မှတ် ထုတ်ယူရပါမယ်။

နောက် လျှို့ဝှက်ဆန္ဒပြုရန်နေရာသို့သွားရောက်ပြီး မိမိကြိုက်နှစ်သက်ရာကိုယ်စားလှယ်လောင်းရဲ့ အမည်နဲ့ တံဆိပ်ဘေးမှာရှိတဲ့ ဆန္ဒပြုရန်လေးထောင့်ကွက်နေရာမှာ အမှန်အမှတ်အသားပါရှိတဲ့ တံဆိပ်တုံးကို ရိုက်နှိပ်ပြီး ဆန္ဒပြုရမှာဖြစ်ပါတယ်။ အဲဒီနောက် မဲလက်မှတ်ကိုခေါက်ပြီး သက်ဆိုင်ရာမဲပုံးသို့ ကိုယ်တိုင်သွားရောက် ထည့်ရမှာ ဖြစ်ပါတယ်။ ပြီးရင် မဲရုံမှမထွက်ခွာမီ မဲပေးပြီးကြောင်း အမှတ်အသားအဖြစ် မင်တို့ပေးတဲ့ မဲရုံအဖွဲ့ဝင်ဆီသွားပြီး မိမိရဲ့ ဘယ်ဘက် လက်သန်းလက်သည်းခွံအကယ်၍ ဘယ်ဘက်လက်သန်းမရှိရင် အခြားလက်ချောင်းတစ်ချောင်းမှာ မင်သုတ်ခံရမှာ ဖြစ်ပါတယ်။ ဒီမင်ဟာ ၂၄ နာရီအတွင်း မပျက်နိုင်တဲ့အတွက် နှစ်ခါမဲပေးတာတွေ၊ ကိုယ်စား ဝင်ရောက် မဲပေးတာတွေကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ အခုလို တံဆိပ်တုံးရိုက်နှိပ် ဆန္ဒပြုခြင်း၊ မဲပေးပြီးကြောင်း မင်တို့မှတ်သားခြင်းဟာ ၂၀၁၀ ရွေးကောက်ပွဲနဲ့မတူတဲ့ အချက်တွေဖြစ်ပြီး မလိုအပ်ဘဲ ပယ်မဲများ ဖြစ်မသွားစေဖို့လည်း ဖြစ်ပါတယ်။

**မေး။ ။အခြေခံမဲဆန္ဒရှင်စာရင်းတွေမှာ အမှားအယွင်းတွေ များနေတယ်ဆိုတဲ့ အသံတွေလည်းကြားနေရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဘာများ မှတ်ချက်ပြုပြောကြားချင်ပါသလဲ။**

ဖြေ။ ။မှားယွင်းမှုတွေ ရှိတယ်ဆိုတာ လက်ခံပါတယ်။ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အတွင်းမှာ အခြေခံ မဲဆန္ဒရှင်စာရင်းနဲ့ နှိုင်းယှဉ်ရင် မှားယွင်းမှုက (၅ ဒသမ ၃) ရာခိုင်နှုန်းပဲရှိပါတယ်။ နောက်ပြီး ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေ၊ အဖွဲ့ဝင်တွေက သူတို့ရဲ့ ရပ်သူရွာသားအားလုံးကို သိရှိနေသူများဖြစ်ပါတယ်။ ဒါကြောင့် မဲစာရင်းမှာ မှားနေသော်ငြားလည်း သိနေသူဖြစ်ပါက မဲပေးခွင့်ဆုံးရှုံးမှုမရှိပါဘူး။ ဒါဟာ မဲစာရင်းပါမှားယွင်းအချက်အလက် အချို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးရမလားဆိုတဲ့အချက်တွေကို ပျက်ပြယ်စေပြီး မဲဆန္ဒရှင်ရဲ့ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ဖြစ်ပြီး ရပ်/ကျေးအဆင့်ထိ ညွှန်ကြားချက်တွေပေးပို့ထားပြီး ဖြစ်ပါတယ်။

မဲစာရင်းမှာ **အမည်၊ အဘအမည်၊ အမိအမည်၊ မှတ်ပုံတင်** အဲဒီလေးခုမှာ တစ်ခုခုပါနေပါကလည်း မဲပေးမယ့်သူကို သိပါက မဲပေးခွင့်မဆုံးရှုံးပါဘူး။ တစ်ခုမှမပါမှသာ မဲပေးခွင့်ဆုံးရှုံးတာပါ။ မဲစာရင်းမှာ မိမိအမည် မပါမှသာ ဆုံးရှုံးမှုရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မဲစာရင်းမှာ မိမိအမည်မပါပါက ပါအောင်လုပ်ဖို့ လိုအပ်ပါတယ်။ ဆန္ဒမဲပေးထိုက်သူ မိမိအမည်ပါရှိလာအောင် မဲဆန္ဒရှင်ပြည်သူတွေမှာလည်း တာဝန်ရှိကြောင်းကို ဖြန့်ဝေအသိပေးကြဖို့လည်း လိုအပ်ပါတယ်။

**မေး။ ။ရွေးကောက်ပွဲကာလအတွင်း မဲရုံလုပ်ငန်းတာဝန်တွေ အဆင်ပြေချောမွေ့စွာ လည်ပတ်ဆောင်ရွက်နိုင်အောင် ပြင်ဆင်ထားတာတွေနဲ့ပတ်သက်ပြီး ပြောပြပေးပါ။**

ဖြေ။ ။ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေ၊ ရွေးကောက်ပွဲအဖွဲ့ဝင်တွေကို သင်တန်းဖွင့်လှစ်ပို့ချခဲ့ပြီး အဲဒီကတစ်ဆင့် အောက်ခြေရပ်/ကျေးအဆင့်ထိရောက်အောင် ဆင့်ပွားသင်တန်းတွေ ပို့ချပြီး/ ပို့ချနေဆဲဖြစ်ပါတယ်။ နောက်ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်တွေကို မဲရုံတွင်လက်တွေ့လုပ်ဆောင်ရမယ့် လုပ်ငန်းခွင်သင်တန်းတွေ ပို့ချဖို့ရှိပြီး အောက်ခြေအဆင့်အထိ ရောက်အောင် ဆင့်ပွားသင်တန်းတွေ ပြုလုပ်ပေးသွားဖို့ရှိပါတယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ရက်တွင် ကျင်းပမည်ဖြစ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားမဲဆန္ဒရှင်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေး မဆုံးရှုံးစေရန် မဲစာရင်းကြေညာချက်တွင် မိမိအမည် ပါ-မပါ သွားရောက်စစ်ဆေးပြီး မပါဝင်ပါက ရပ်/ကျေးကော်မရှင်သို့ အကြောင်းကြားခြင်းဖြင့် မိမိအခွင့်အရေးကို ရယူကြပါရန်နှင့် မဲဆန္ဒရှင်၏ အချက်အလက်မှားယွင်းမှုများ ရှိခဲ့ပါကလည်း ရွေးကောက်ပွဲကျင်းပသည့်နေ့အထိ ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## မွေးနေ့မင်္ဂလာဆုမွန်လွှာ

Art Royal Construction & Home Decoration Co.,Ltd.(Managing Director), Arsenal Myanmar Supporters' Club (Chairman) ဦးဝေဖြိုးဟန်၏ ၁၅-၇-၂၀၁၅ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး တိုးတက်အောင်မြင်မှုများအား ဆတက်ထမ်းပိုး ပိုင်ဆိုင်၍ ချစ်သောမိသားစုနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပြီး လိုရာဆန္ဒပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

⁎ချစ်ဇနီး - ဒေါ်နှင်းအေးခိုင် (**Managing Director**)
**PH Global Trading Co.,Ltd.**

⁎**Art Royal Construction & Home Decoration Co.,Ltd.**
ဝန်ထမ်းမိသားစုများ

⁎**PH Global Trading Co.,Ltd**
ဝန်ထမ်းမိသားစုများ

⁎**Arsenal Myanmar Supporters' Club** မှ
**EC** အဖွဲ့ဝင်များနှင့် အသင်းသားများ

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်



**နေပြည်တော် ဇူလိုင် ၁၄**

အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီခွဲ တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသော ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍**(ယာပုံ)** ရေဘေးသင့်ပြည်သူများအတွက် စောင်အထည် ၅၀၀၊ ခြင်ထောင်အလုံး ၁၀၀၊ ဘူးသီးတောင်မြို့နယ်အတွက် ငွေကျပ် ၈ ဒသမ ၉၄ သိန်းနှင့် ၁ ဒသမ ၇၆ သိန်းခန့် တန်ဖိုးရှိပစ္စည်းများ၊ အမ်းမြို့နယ်အတွက် ငွေကျပ် ၂၂၈ ဒသမ ၈၄ သိန်းနှင့် ၄၄ ဒသမ ၅၇ သိန်းခန့် တန်ဖိုးရှိပစ္စည်းများ၊ သံတွဲမြို့နယ်အတွက် ငွေကျပ် ၁၁၈ ဒသမ ၂၈ သိန်းနှင့် ၉ ဒသမ ၀၄ သိန်းခန့် တန်ဖိုးရှိ ပစ္စည်းများ၊ ဂွမြို့နယ်အတွက် ငွေကျပ် ၅၈ ဒသမ ၆၇ သိန်းနှင့် ၄ ဒသမ ၈၅ သိန်းခန့် တန်ဖိုးရှိပစ္စည်းများ၊ တောင်ကုတ်မြို့နယ်အတွက် ငွေကျပ် ၁၄၃ ဒသမ ၅၁ သိန်းနှင့် ၂၈ ဒသမ ၂၄သိန်းခန့် တန်ဖိုးရှိပစ္စည်းများ၊ မောင်တောမြို့နယ်အတွက် ငွေကျပ် ၂၆ ဒသမ ၅၇ သိန်းနှင့် ၄ ဒသမ ၈၅ သိန်းခန့် တန်ဖိုးရှိ ပစ္စည်းများ၊ စစ်တွေခရိုင်ရှိ ဘိုးဘွားရိပ်သာတစ်ခု၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှစ်ခုနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၁၁ ကျောင်းတို့အတွက် ငွေကျပ် ၂၁၆ ဒသမ ၃၅ သိန်း၊ မြောက်ဦးခရိုင်ရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသုံးခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၂ ကျောင်းတို့အတွက် ငွေကျပ် ၂၀၀ ဒသမ ၀၄ သိန်း၊ ကျောက်ဖြူခရိုင်ရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှစ်ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၀ ကျောင်းတို့အတွက် ငွေကျပ် ၁၂၄ ဒသမ ၁၉ သိန်း၊ သံတွဲခရိုင်ရှိ ဘိုးဘွားရိပ်သာနှစ်ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ကိုးကျောင်းတို့အတွက် ငွေကျပ် ၉၃ ဒသမ ၇ သိန်း၊ မောင်တောခရိုင်ရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာနှစ်ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခြောက်ကျောင်းတို့အတွက် ငွေကျပ် ၁၆၈ ဒသမ ၂၈ သိန်း စုစုပေါင်းငွေကျပ် ၁၃၈၇ ဒသမ ၃၉ သိန်းနှင့် ငွေကျပ် ၉၄ သိန်းခန့် တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် စစ်တွေ မူလတန်းကြိုကျောင်း၌ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များ မွမ်းမံသင်တန်းအမှတ်စဉ် (၁၂/၂၀၁၅) သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆပ်ရိုးကျ ရခိုင်တိုင်းရင်းသားကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ပြည်သူများနှင့် တွေ့ဆုံကာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လိုအပ်သည်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရင် အမြန်ဆုံး မူလအခြေအနေရောက်ရှိအောင် ကြိုးစားဆောင်ရွက်လျက်ရှိ

ရခိုင်ပြည်နယ်တွင် ဆယ်စုနှစ်တစ်ခုအတွင်း ထူးကဲစွာ မိုးရေချိန်များပြားခဲ့သည့်အတွက် ပြီးခဲ့သည့် ဇွန်လအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ စိုက်ပျိုးမြေများနှင့် လမ်းတံတားပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ သဘာဝဘေးအန္တရာယ်ကြောင့် ရခိုင်ပြည်နယ်အတွင်း လမ်းတံတား ပျက်စီးမှုများအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဆောင်ရွက်ခဲ့မှုများကို ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးဟန်စိုးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။



**ဦးစိုးတင့်**
**ဒုတိယဝန်ကြီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန။**

**ဦးစိုးတင့်**
**ဒုတိယဝန်ကြီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ပြီးခဲ့တဲ့ ဇွန်လအတွင်း ရခိုင်ပြည်နယ်ထဲမှာ မိုးသည်းထန်စွာ ရွာခဲ့ပါတယ်။ မိုးရေချိန်တွေကလည်း ၁၃ လက်မ၊ ၁၄ လက်မ ဆက်တိုက် ရက်ပေါင်းများစွာ ရွာခဲ့ပါတယ်။ ဒီလိုမိုးကြီးခဲ့တဲ့အတွက် ရခိုင်ပြည်နယ်ထဲက ဒေသအချို့မှာ လမ်းတွေ တံတားတွေ ပျက်စီးခဲ့ပါတယ်။ အမ်း၊ သံတွဲ၊ မအီစတဲ့ ရခိုင်ပြည်နယ်ထဲက မြို့တွေလည်း ရေမြုပ်သွားတယ်လို့ သိရပါတယ်။ ဒါ့အပြင် ပတ်ဝန်းကျင်ကျေးရွာတွေလည်း ရေမြုပ်သွားတယ်လို့ သိရပါတယ်။

ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတဲ့ လမ်း၊ တံတားတွေလည်း အဆက်ပြတ်သွားတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီသတင်းတွေရရချင်း လမ်းဦးစီးဌာနနဲ့ တံတားဦးစီးဌာနက တာဝန်ရှိသူတွေဟာ ရခိုင်ပြည်နယ်ကို သွားပြီး ပျက်စီးသွားခဲ့တဲ့ လမ်းတံတားတွေကို ပြင်ဆင်ခဲ့ပါတယ်။

ပြင်ဆင်ခဲ့တဲ့အပိုင်းမှာ ပျက်စီးသွားတဲ့ တံတားတွေနေရာမှာ အမြန်ဆုံး ယာယီဘေလီတံတားထိုးပြီး ပြင်ဆင်ဖို့ ဆောင်ရွက်ပါတယ်။ လိုအပ်တဲ့ ပစ္စည်းတွေနဲ့ ချက်ချင်း ဆောင်ရွက်ပါတယ်။ ဒါကတံတားအပိုင်းပေါ့။ ပြီးတော့ လမ်းပျက်တဲ့အပိုင်းမှာလည်း အမြန်ဆုံးဆောင်ရွက်နိုင်ဖို့ စက်ယာဉ်ယန္တရားများစွာ လိုအပ်ပါတယ်။ ဒါကြောင့်မို့ ရခိုင်ပြည်နယ်မှာရှိတဲ့ စက်ယာဉ်ယန္တရားတွေအပြင် ကျွန်တော်တို့ ဝန်ကြီးဌာနက စက်ယာဉ်ယန္တရားတွေကို ထပ်မံပို့ဆောင်ခဲ့ပါတယ်။

ပြီးတော့ ကျွန်တော်တို့ ကိုယ်တိုင်လည်း ဇူလိုင် ၂ ရက်မှာ စတင်ကွင်းဆင်း ဆောင်ရွက်ခဲ့တယ်။ ရန်ကုန်-စစ်တွေလမ်း မိုင်တိုင် ၆၂ အနီးမှာ တောင်ပေါ်ကနေ မြေတွေပြိုကျတယ်။ လမ်းသားက မြေတွေလည်း ပြိုကျပျက်စီးတယ်။ ဒီလိုပျက်စီးသွားတဲ့အတွက် လမ်းတစ်ဖက်တစ်ချက်စီမှာ ယာဉ်အစီးရေ ၁၅၀ လောက်နဲ့ ပိတ်ဆို့သွားပါတယ်။ ဒါကြောင့် ကားလေးတွေကစပြီး ကားကြီးတွေအထိ အမြန်ဆုံး ဆောင်ရွက်ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိတော့ပါဘူး။

ပြီးတော့ မအီ-တောင်ကုတ်လမ်း မိုင်တိုင်(၁၄/၅)နဲ့ (၁၄/၆) ကြားက ၄က်ပျောချောင်းကွန်ကရစ်တံတားဟာ ရေထဲမှာ ပြုတ်ပါသွားပါတယ်။ ဒါကြောင့် ယာယီဘေလီတံတားထိုးဖို့ ဆောင်ရွက်ပါတယ်။ ချဉ်းကပ်လမ်းအတွက်လည်း ဆောင်ရွက်ရပါတယ်။ ဒီနေရာမှာ တံတားလုံးဝပြုတ်သွားတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး လုံးဝ ပြတ်တောက်သွားပါတယ်။ ဒါကြောင့် ကားနဲ့ ဟိုဘက်ဒီဘက် ပြောင်းသယ်ပြီး ဆောင်ရွက်နေရပါတယ်။ ဒီအပိုင်းက ဇူလိုင် ၅ ရက်မှာ ပြန်လည်ကောင်းမွန်သွားပါတယ်။



**ဦးဟန်စိုး**
**ညွှန်ကြားရေးမှူးချုပ်၊**
**တံတားဦးစီးဌာန။**

နောက် တောင်ကုတ်-သံတွဲလမ်း မိုင်တိုင်(၂၆/၆)နဲ့(၂၆/၇) ကြားမှာ လမ်းဟာ ပေ ၃၀၀ လောက် ပြတ်ပြီး ပျက်စီးသွားပါတယ်။ ကွန်ကရစ်တံတားလည်း ပျက်စီးသွားတယ်။ တာပေါင်တွေ ပျက်စီးသွားတယ်။ ဒီနေရာမှာ ဘေလီတံတားနှစ်စင်း ပြန်လည် တည်ဆောက်ထားပါတယ်။ ပျက်စီးသွားတဲ့ လမ်းနေရာမှာ ရေကျော်ထားရင် ရွာထဲကို ရေတွေ ဝင်နိုင်တဲ့အတွက် တာပေါင်ဆောင်ရွက်ထားပါတယ်။ နေ့ရောညပါ အမြန်ဆုံး ဆောင်ရွက်ပါတယ်။ ဒါကြောင့် ဇူလိုင် ၆ ရက်ညကစပြီး လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်ခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်အတွက် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေသလို အခုလို သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရင် အမြန်ဆုံး မူလအခြေအနေရောက်ရှိအောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။


**ဦးဟန်စိုး**
**ညွှန်ကြားရေးမှူးချုပ်**
**တံတားဦးစီးဌာန**

ပြီးခဲ့တဲ့ဇွန် ၂၆ ရက်လောက်ကစပြီး ရခိုင်ပြည်နယ်မှာ မိုးရေချိန်များပြီး ရေကြီးရေလျှံဖြစ်ပေါ်မှုတွေ ဖြစ်ခဲ့ပါတယ်။ လမ်းတံတား ပျက်စီးမှုတွေလည်း ရှိပါတယ်။ ဒါ့အတွက်ကြောင့် ပြည်သူတွေ သွားလာမှုမပြတ်တောက်အောင်၊ အခက်အခဲမရှိအောင် ရှောင်ကွင်းလမ်းတွေ၊ လမ်းတွေ၊ ယာယီတံတားတွေ အမြန်ဆုံး ပြန်လည်တည်ဆောက်ခဲ့ပါတယ်။ ဇူလိုင် ၆ ရက်မှာ ပြီးစီးခဲ့ပါတယ်။ အခုက ပြည်သူတွေ သွားလာရလွယ်ကူအောင် ယာယီတည်ဆောက်ထားတာ ဖြစ်ပါတယ်။ ယာယီတံတားတွေကို အမြဲတမ်းတံတားအဖြစ် ပြန်ပြီး အသစ်ပြန်လည်တည်ဆောက်ရဦးမှာဖြစ်ပါတယ်။

ဒီလို ပြန်လည်တည်ဆောက်တဲ့နေရာမှာ ဒေသခံပြည်သူတွေကလည်း ဝိုင်းဝန်းကူညီပေးပါတယ်။ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်သွားရင် ပြည်သူတွေအတွက် တစ်ရက်ဆိုလည်း တစ်ရက်သိသာပါတယ်။ ကျွန်တော်တို့အဖွဲ့တွေဟာလည်း မိုးထဲရေထဲမှာ နေ့မနားညမနား အားစိုက်ပြီး အမြန်ဆုံး ပြန်လည်လုပ်ဆောင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လက မိုးရွာသွန်းမှုများတဲ့အတွက် ပျက်စီးမှုအများဆုံးကတော့ ရခိုင်ပြည်နယ်ဖြစ်ပါတယ်။ ကျန်တဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာလည်း ပျက်စီးမှုတွေရှိပါတယ်။ ဒါပေမယ့် လမ်းပန်းဆက်သွယ်ရေးက အစ ပြတ်တောက်သွားတယ်ဆိုတာတော့ မရှိပါဘူး။ ကျန်တဲ့ တိုင်းဒေသကြီးတွေ၊ပြည်နယ်တွေက လမ်းတံတားပျက်စီးမှုတွေကို ကျွန်တော်တို့ တံတားအထူးအဖွဲ့တွေ၊ လမ်းအထူးအဖွဲ့တွေက အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် ဇွန်လ နောက်ဆုံးပတ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ ဖြစ်ပေါ်ခဲ့သည့် ဒေသများမှ ဒေသခံပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိရေးအတွက် ပြည်ထောင်စုအစိုးရမှ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကူညီထောက်ပံ့မှုများ အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း အဆိုတစ်ရပ်ကို ပြည်ထောင်စုလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဟန်နီဝင်း)**



**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး စာရင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ဝင်များ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၄**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၇၁)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှ လူကုန်ကူးမှုနှင့် လှေစီးသွားလာသူများဆိုင်ရာကိစ္စ နှင့်စပ်လျဉ်းသည့် ပြန်ကြားလွှာအား ဖတ်ကြားတင်ပြပြီး လွှတ်တော်တွင် မှတ်တမ်းတင်ခြင်း၊ “အကျိုးခံစားခွင့်” တွင် ငှားရမ်းခလွှတ် နေထိုင်ခွင့်တန်ဖိုး ထည့်သွင်းတွက်ချက်ခြင်းမပြုရန် ညွှန်ကြားချက်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ် ဒုတိယ (၆) လပတ်အတွက် အခွန်ကောက်ခံရရှိမှုအခြေအနေ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လပတ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးစာရင်းများ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝင်များက ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုလွှတ်တော်နာယက က ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၄၃၆)၊ ပုဒ်မခွဲ (ခ)တွင် အကျုံးဝင်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပါ ပြင်ဆင်ချက်များနှင့် စပ်လျဉ်းပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၈ ရက်တွင် ကျင်းပခဲ့ သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်၏ အဆုံး အဖြတ်ရယူခဲ့ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) အတွက် ဖြည့်စွက်သည့် အပိုဒ်ခွဲ(၃၄) ခုနှင့် ဇယား (၅) အတွက် ဖြည့်စွက်သည့် အပိုဒ် (၂၀) တို့ကို ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်း ထောက်ခံဆန္ဒမဲဖြင့် ပြင်ဆင်ရန် အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၃၆)၊ ပုဒ်မခွဲ (ခ) နှင့်အညီ လွှတ်တော်က ပြင်ဆင်ရန် အတည်ပြုပြီးဖြစ်သည့် ပြင်ဆင်ချက်များ ဖော်ပြပါဝင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေအဖြစ် ထုတ်ပြန် နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၄၃) နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၀ ရက် ရက်စွဲပါစာဖြင့် ပေးပို့ထားပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ် များထံသို့လည်း မိတ္တူဖြန့်ဝေထားပါကြောင်းဖြင့် တင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ကုလသမဂ္ဂအတွင်း ရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ ပြန်ကြားလာသည့် လူကုန်ကူးမှုနှင့် လှေစီး သွားလာသူများဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်သည်။

အဆိုပါ ပြန်ကြားလွှာတွင် လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇွန်(၃) ရက် ရက်စွဲပါစာ ပေးပို့လာ သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်အတွင်း ပုံမှန်မဟုတ်သည့် ရေကြောင်းသွားလာမှုနှင့် ပတ်သက် သည့် ခက်ခဲရှုပ်ထွေးသည့်အခြေအနေကို သတိပြုနားလည်ပါကြောင်း၊ ရွှေ့ပြောင်းသွားလာသူများနှင့် ဒုက္ခသည်များ၏ ဆင်းရဲဒုက္ခများအပေါ် စိုးရိမ် ပူပန်မှုရှိသည့်အတွက် အသက်ကယ်ရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ကြ ရန် ဒေသတွင်းရှိခေါင်းဆောင်များအား တိုက်တွန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် မေ ၂၉ ရက်တွင် ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် ပုံမှန်မဟုတ် သည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဒေသတွင်း အထူးအစည်းအဝေးအတွင်း မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများမှ အသိအမှတ်ပြုထားကြသည့်အတိုင်း ယင်း ပြဿနာ၏ အခြေခံအရင်းအမြစ်အား ဘက်စုံထောင့်စုံမှ ရေရှည်တည်တံ့နိုင် မည့် နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ဒေသတွင်းအဆင့်တွင် တုံ့ပြန်ဆောင်ရွက်မှုတစ်ရပ် ချက်ချင်းဆောင်ရွက်ပေးရန် အရေးကြီးလိုအပ် လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံနှင့် ယခုကိစ္စအပြင် အခြားကိစ္စရပ်များတွင်လည်း အပြုသဘောဆောင်သော ထိတွေ့ဆွေးနွေးမှု များ ဆက်လက်ဆောင်ရွက်သွားရန် ကတိကဝတ် ပြုပါကြောင်းဖြင့် ပါရှိ သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး တင်ပြသည့် **“အကျိုး ခံစားခွင့်”** တွင် **“ငှားရမ်းခလွှတ် နေထိုင်ခွင့်တန်ဖိုး”** ကို ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ လစဉ်ဝင်ငွေတွင် ထည့်သွင်းတွက်ချက်ခြင်း မပြုရန် ညွှန်ကြားချက်နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘာသာရပ်ဆိုင်ရာ၊ ဥပဒေဆိုင်ရာ အကြောင်းအရာများနှင့်တကွ အသေးစိတ်ရှင်းလင်းတင်ပြမှုအပေါ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး က ပြန်လည်ဆွေးနွေးရာ လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လပတ်အတွက် အခွန်ကောက်ခံရရှိမှု အခြေအနေ နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လပတ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး စာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင် ရွက်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်း ကော်မတီ၏ အစီရင်ခံစာ (၆/၂၀၁၅) ကို ပဲခူးတိုင်းဒေသကြီး မင်းလှ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးက ဖတ်ကြားတင်ပြပြီး လွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းသည်။

အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ မေးခွန်း(၄) ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း တို့ ဆောင်ရွက်ကြသည်။

သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၏ **“ပင်လယ် ဒီရေအတက်အကျနှင့် ပင်လယ်လှိုင်းစွမ်းအင်ကို အသုံးပြု၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် သင့်တော်သည့်နေရာ၊ ဒေသရှိပါသလား၊ ရှိပါက မည်သည့်ကာလတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည်ကို သိလိုခြင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပင်လယ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်သည့် နည်းစနစ်များသည် အခြားနည်းဖြင့် ဓာတ်အားရရှိရန် အခက်အခဲရှိသော ဒေသများ(သို့မဟုတ်) ဓာတ်အားလိုင်း သွယ်တန်းမှုပြုလုပ်ရန် အလွန်ခက်ခဲသော ဒေသများတွင် အသုံးဝင်သည့် စနစ်များ ဖြစ်ပါကြောင်း၊ ၎င်းစနစ်များမှာ ရင်းနှီးမြှုပ်နှံမှုအရင်းအနှီး ကြီးမားပြီး ထွက်ရှိမည့် ဓာတ်အား ပမာဏနှင့် တွက်ခြေမကိုက်သဖြင့် ထူးခြားသည့် အခြေအနေရှိမည့် ဒေသများတွင်သာ ဆောင်ရွက်လေ့ ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လတ်တလောအခြေအနေတွင် အသေးစားရေအားလျှပ်စစ်၊ နေစွမ်းအင်နှင့် လေစွမ်းအင်အပါအဝင် အခြားသော စွမ်းအင်များဖြင့် လျှပ်စစ်ထုတ်ယူမှုသည် ပိုမိုသင့်လျော်မှုရှိသဖြင့် ၎င်းနည်းစနစ်အားဆောင်ရွက်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး။

ထို့နောက် ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်၏ **“ကြို့ပင်ကောက်မြို့နယ် အနောက်ဘက်ခြမ်း နယ်မြေဒေသရှိ ကျေးရွာများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော တောင်ရိုးကွင်း-လယ်တီလမ်းအား အဆင့်မြှင့်ပြုပြင်ဆောင်ရွက်ပေးပါရန်”**နှင့် စပ်လျဉ်းသည့် မေးခွန်းအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက အဆိုပါလမ်းသည် အရှည် (၃) မိုင် (၄) ဖာလုံရှိသည့် မြေသားလမ်းဖြစ်ပြီး ကျေးရွာ (၃၀)၊ အိမ်ခြေ (၂၁၂၅)၊ ပြည်သူလူထု (၁၀၁၄၇) ဦးတို့အား အကျိုးပြုပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၅၃၉၃ ဒသမ ၇၇၃ သန်းဖြင့် ကွန်ကရစ်လမ်း (၁) မိုင် (၄) ဖာလုံ၊ ကတ္တရာလမ်း (၆) မိုင် (၃) ဖာလုံ၊ ကျောက်ချောလမ်း (၃၂) မိုင်၊ မြေသားလမ်း (၃၉) မိုင်၊ သစ်သားတံတား (၁၇၃၇)ပေ၊ ကွန်ကရစ် ရေကျော် (၁၅၉) ပေနှင့် Box Culvert (၁၂၅) ပေတို့အား ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ကြို့ပင်ကောက်မြို့နယ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၂၀၃ ဒသမ ၅၆ သန်းဖြင့် ကျောက်ချောလမ်း (၂)မိုင်နှင့် သစ်သားတံတား (၁၈) ပေတို့အား ဆောင်ရွက်ရန်ခွင့်ပြုပြီး ဖြစ်ပါကြောင်း၊ အဆိုပါမေးမြန်းလာသည့် လမ်းအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထားတင်ပြခြင်း မရှိပါကြောင်းနှင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **“ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပြီး အတည်ပြုသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်။

ထို့နောက် **“နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်ခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**ကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာ စိုးရင်က တင်သွင်းသည်။

အဆိုပါဥပဒေနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို စစ်ကိုင်းတိုင်းဒေသ ကြီး တမူးမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီဝင် ဦးခင်မောင်ရွှေက ဖတ်ကြားရှင်းလင်းပြီး ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်၏ အမည်စာရင်းကို တင်သွင်းနိုင်ကြောင်း ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒ ကျော်စွာက ကြေညာသည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁၄**

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်ခေါင်းဆောင်သည့် ကျိုက်ထိုမြို့နယ် ပါတီ ကော်မတီဝင်များ၊ စည်းရုံးရေးမှူးများ၊ ပါတီဝင်များ၊ ဆရာ ဆရာမများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၃၄၈ ဦးနှင့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ မှ ပါတီဝင်နှစ်ဦး စုစုပေါင်း ၃၅၀ တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## ဂျီအီးကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျီအီးကုမ္ပဏီဒုတိယဥက္ကဋ္ဌ မစ္စတာ ဂျွန်ဂျီရိုက်စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဆွေ၊ ဦးလှမြင့်ဦးနှင့် ဦးငွေးမြင့်၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသော ဒေါက်တာဝင်းမြင့်နှင့် ဦးဝင်းသန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



❍ **ကေကေအိုမှ**

တစ်လုံးတို့အားလည်းကောင်း၊ ပွိုင့်-၃၈၂ တောင်ကုန်းတစ်ဝိုက်မှ လက်နက်မျိုးစုံ ငါးလက်၊ ကျည်မျိုးစုံ ၂၉၅၃ တောင့်၊ ကျည်အိမ်မျိုးစုံ ၅၉ ခု၊ ခဲယမ်းဆက်စပ်ပစ္စည်းများ၊ ဒေသန္တရလုပ်မိုင်းများ၊ ယာယီလူနေတဲများနှင့် မော်တော်ယာဉ်နှစ်စီးတို့အားလည်းကောင်း သိမ်းဆည်းရမိသည်။

ဆက်လက်၍ ကောင်းမှုကျေးရွာအတွင်း ရှင်းလင်းခဲ့ရာ ၎င်းတို့အခြေပြုနေရာများမှ ရီမုတ်မိုင်းသုံးလုံးနှင့် ရီမုတ် တစ်ခု၊ ဒေသန္တရမိုင်းတစ်လုံး၊ အသုံးအဆောင်ပစ္စည်းများကို သိမ်းဆည်းရမိပြီး ၎င်းတို့အဖွဲ့မှ အဖွဲ့ဝင်နှစ်ဦးအား ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည်။

အဆိုပါနယ်မြေရှင်းလင်းမှုပြုလုပ်စဉ် ၎င်းတို့အဖွဲ့မှ ဒေသခံပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ ဇူလိုင် ၁၃ ရက် ညနေပိုင်းတွင် ကော့ကရိတ်မြို့ လူနေရပ်ကွက်အတွင်းသို့ လက်နက်ကြီးဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့သည်။

သို့ပါ၍ ဒေသခံပြည်သူများ၏ လုံခြုံရေးအတွက် ကော့ကရိတ်မြို့နယ်အတွင်း တပ်မတော်နှင့် နယ်ခြားစောင့်တပ်(BGF)တို့က နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းအား

# KIA အဖွဲ့က ရီမုတ်မိုင်းခွဲ၍ ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇူလိုင် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကြူကုတ်မြို့နယ် ကောင်းခါးကျေးရွာနှင့်ပတ်ဝန်းကျင်ဒေသတွင် တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ကောင်းခါးကျေးရွာ၏အရှေ့တောင်ဘက် မီတာ ၁၀၀၀ ခန့်၌ KIA အဖွဲ့က တပ်မတော်စစ်ကြောင်းအား ရီမုတ်မိုင်းဖြင့် ဖောက်ခွဲပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဖြစ်စဉ်တွင် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ရာ KIA အဖွဲ့များသည် အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ ဆုတ်ခွာသွားပြီး ရန်သူ့အလောင်း တစ်လောင်းနှင့် ရီမုတ်မိုင်းခလုတ် တစ်ခု၊ ဆားကစ်အုံ နှစ်ခုတို့ သိမ်းဆည်းရမိခဲ့သည်။

ထိုသို့ KIA အဖွဲ့က မိုင်းဖြင့် ဖောက်ခွဲမှုကြောင့် အနီးပတ်ဝန်းကျင်တွင် ကျွဲကျောင်းနေသော အရပ်သား တစ်ဦး မိုင်းစထိမှန်သေဆုံးခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက မုံးကိုးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများထံ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့သည်။

အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် KIA အဖွဲ့မှ ပစ်ခတ်ခဲ့သော ပုံးသီးကျရောက်ပေါက်ကွဲခြင်းကြောင့် ရှိုဘုတ်ကျေးရွာနေ ဦးခွန်ကျောင်းလျှန်နှင့်၎င်း၏ ဇနီးဖြစ်သူ ဒေါ်မာကိုင်တို့မှာလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသဖြင့် ကြူကုတ်(ပန်ဆိုင်း)ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်းနှင့် နယ်မြေလုံခြုံရေးအတွက် တပ်မတော်စစ်ကြောင်းများက ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



ဦးခွန်ကျောင်းလျှန်



ဒေါ်မာကိုင်

● **ကျောဖုံးမှ**

ပြည့်စုံသောမန္တလေးတောင်၊ မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော မဟာမုနိဘုရားကြီး၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ကုသိုလ်တော်ဘုရားကြီး၊ မြန်မာ့အနုပညာလက်ရာများနှင့်ပြည့်စုံသော ရွှေနန်းတော်ကျောင်း (ရွှေကျောင်း)၊ ကမ္ဘာကျော် ဦးပိန်တံတားနှင့် တောင်သမန်အင်း၊ ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်၊ မန္တလေးမြို့အနီးတွင်တည်ရှိ၍ ရှေးဘုရင်မင်းဆက် ၃၁ ဆက် ထီးနန်းစိုးစံခဲ့သော အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းစေတီပုထိုးများနှင့် အခြား စိတ်ဝင်စားဖွယ်ကောင်းသောနေရာများစွာကို ပိုင်ဆိုင်ထားပြီး ယဉ်ကျေးမှုအမွေအနှစ်အများဆုံးတည်ရှိသော မန္တလေးမြို့သည် ခရီးသွားများအတွက် အထူးဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

❒ **ရှုံးထွက်မှ**

သီဟအောင်က ပြစ်ဒဏ်ဘောမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲတွင် ကွင်းလယ်ဒိုင်၏ဆုံးဖြတ်ချက်အချို့အားနည်းချက်များရှိခဲ့ပြီး နေပြည်တော်မှ ရဲဇော်ထက်အောင် အနီကတ်များပြမိ၍ အဝါကတ်ပြန်လည်ပြသခဲ့ရသည်။

ဒုတိယပိုင်းတွင် နေပြည်တော်အသင်းမှ ချေပဂိုးရရှိရန် တရစပ်ဖိကစားခဲ့သော်လည်း ရခိုင်ဂိုးသမား သူရကိုကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ရခိုင်အသင်းမှ တန်ပြန်တိုက်စစ်ဖြင့်သာကစားခဲ့ပြီး ၈၁ မိနစ်တွင် ဝေဖြိုးလွင်က အနိုင်သေချာစေမည့်ဒုတိယအနိုင်ဂိုးကို သွင်းယူခဲ့သည်။

**(အောင်ဆန်းကွင်း)**

**မနော‌မြေ - နှစ်ဂိုး။**

**(စထက်နိုင်ဝင်း-တစ်ဂိုး၊ Southern မှ ဇော်ခါး ကိုယ့်ဂိုးကိုယ်သွင်း-တစ်ဂိုး)**

**Southern - တစ်ဂိုး။**

**(နိုင်ဇော်ထွန်း)**

ဒုတိယအဆင့်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ကွာတားပွဲစဉ်များအဖြစ် ရတနာပုံနှင့် ဟံသာဝတီ၊ မကွေးနှင့် GFA၊ ဇွဲကပင်နှင့် ဧရာဝတီ၊ မနောမြေနှင့် ရခိုင်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# သံဖြူဇရပ်မြို့နယ်နှင့် မုဒုံမြို့နယ် ကမာဝက်မြို့အကြား ရထားလမ်းရေကျော်မှုဖြစ်

**မုဒုံ ဇူလိုင် ၁၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်နှင့် မုဒုံမြို့နယ် ကမာဝက်မြို့အကြား ဇူလိုင် ၁၂ ရက် ည ၁၁ နာရီတွင် မိုးသည်းထန်စွာရွာသွန်းပြီး ဇူလိုင် ၁၃ ရက်တွင်လည်း မိုးရွာသွန်းမှုကြောင့် ရထားလမ်းရေကျော်မှုဖြစ်ကြောင်း သိရသည်။



ရေကျော်နေသည့် မိုင်တိုင်အမှတ် (၂၁၃/၉-၁၀) တွင် ရေကျော်သည့် အလျားပေ ၁၁၀ နှင့် အမြင့် လေးလက်မ၊ မိုင်တိုင်အမှတ် (၂၁၂/၉-၁၀) တွင် ရေကျော်သည့် အလျားပေ ၄၄၀၊ အမြင့် လေးလက်မ၊ မိုင်တိုင်အမှတ် (၂၁၂/၄-၁၀)တွင် ရေကျော်သည့် အလျားပေ ၁၃၀၀ နှင့် အမြင့် လေးလက်မ၊ မိုင်တိုင်အမှတ် (၂၁၁/၁၈-၂၀) တွင် ရေကျော်သည့် အလျားပေ ၄၄၀ နှင့် အမြင့် ခြောက်လက်မတို့ဖြစ်ခြင်းကြောင့် ဇူလိုင် ၁၃ ရက် နံနက် ၀၀း၃၀ မှစ၍ အဆိုပါရထားလမ်းအား ပိတ်ထားခဲ့သည်။

မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် ဇူလိုင် ၁၃ ရက်က ရေကျော်နေသည့် မိုင်တိုင်များကို သွားရောက်စစ်ဆေးပြီး ယင်းနေ့ ညနေ ၄ နာရီခန့်တွင် ရထားလမ်းအား ရေကျသွားသည်နှင့် ပြန်လည် ဖွင့်လှစ်ပေးလိုက်သည်။ ရထားအမှတ် (၁၇၃)အဆန် ပထမဆုံး ထွက်ခွာပြီးနောက် ရထားအမှတ် (၁၇၂)အစုန် ထွက်ခွာသွားကြောင်း သိရသည်။ **မောင်မောင်(မုဒုံ)**

## Myanmar Telecom Master Plan (မူကြမ်း)အား လေ့လာအကြံပြုနိုင်

**နေပြည်တော် ဇူလိုင် ၁၄**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေဖြင့် အများပြည်သူများမှ ကြိုတင်သိရှိ၍ လေ့လာအကြံပြုနိုင်ရန်အတွက် Myanmar Telecom Master Plan (မူကြမ်း)ကို ပြုစုထားကြောင်းနှင့် အဆိုပါမူကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုလိုသည်များကို so-info1@e-mcit.gov.mmသို့ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

သွေးသည် အသက်

# ဘွိုင်လာဥပဒေပြဋ္ဌာန်း

ဘွိုင်လာဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉။)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ဘွိုင်လာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဘွိုင်လာ**ဆိုသည်မှာ ရေနွေးငွေ့စွမ်းအင်ကို ပြင်ပ၌အသုံးပြုရန် အပူရှိန်ဖြင့် ရေနွေးငွေ့ထုတ်လုပ်ပေးသည့် အလုံပိတ်ဖိအားခံအိုးနှင့် ယင်းဖိအားခံအိုးတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ၂၅ လီတာ သို့မဟုတ် ၅.၅ ဂါလန်အောက် လျော့နည်း၍ဝင်ဆံ့သော ဖိအားခံအိုး၊ တစ်စတုရန်းစင်တီမီတာပေါ်တွင် တစ်ကီလိုဂရမ်ဖိအား သို့မဟုတ် တစ်စတုရန်းလက်မပေါ်တွင် ၁၄.၂ ပေါင် ဖိအားအောက် လျော့နည်းသော ဖိအားခံအိုးနှင့် ယင်းဖိအားခံအိုးတွင် တပ်ဆင်ထားသည့် ဖိအားခံ အစိတ်အပိုင်းများ မပါဝင်။

(ခ) **ရေနွေးငွေ့ပိုက်**ဆိုသည်မှာ ရေနွေးငွေ့စွမ်းအင်ကို အသုံးပြုမည့်နေရာသို့ ရေနွေးငွေ့ပို့လွှတ်ရန် ဘွိုင်လာမှ သွယ်တန်းထားသော ပင်မပိုက်နှင့် ယင်းပင်မပိုက်တွင် တပ်ဆင်ထားသောပစ္စည်းကိရိယာတို့ကို ဆိုသည်။

(ဂ) **ရေသွင်းပိုက်**ဆိုသည်မှာ ဘွိုင်လာအတွင်းသို့ ဘွိုင်လာသုံးရေဖြတ်သန်းသွားသည့် ဖိအားခံရသောပိုက်နှင့် ယင်းပိုက်တွင် တပ်ဆင်ထားသော ပစ္စည်းကိရိယာတို့ကို ဆိုသည်။

(ဃ) **ဖိအား**ဆိုသည်မှာ ဤဥပဒေအလို့ငှာ ရေနွေးငွေ့စွမ်းအင်ကို အသုံးပြုရန် အပူရှိန်ဖြင့် ထုတ်လုပ်ပေးသည့် ရေနွေးငွေ့ဖိအားကို ဆိုသည်။

(င) **ခွင့်ပြုဖိအား**ဆိုသည်မှာ မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးတွက်ချက်၍ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်နှင့် ရေသွင်းပိုက်တို့တွင် အသုံးပြုရန် ခွင့်ပြုသောဖိအားကို ဆိုသည်။

(စ) **မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း** ဆိုသည်မှာ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုပေါက်ကွဲခြင်း သို့မဟုတ် ခိုင်မာမှုဆုတ်ယုတ်ခြင်းကြောင့် ပေါက်ကွဲစေနိုင်သော ယိုယွင်းမှုဖြစ်ပေါ်ခြင်းကို ဆိုသည်။

(ဆ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စက်မှုဝန်ကြီးဌာနကို ဆိုသည်။

(ဇ) **ဦးစီးဌာန** ဆိုသည်မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ဈ) **စစ်ဆေးရေးမှူးချုပ်** ဆိုသည်မှာ ဤဥပဒေပါ ဘွိုင်လာစစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ဝန်ကြီးဌာနက ခန့်အပ်ထားသော ပုဂ္ဂိုလ်ကို ဆိုသည်။

(ည) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါ ဘွိုင်လာစစ်ဆေးရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ဝန်ကြီးဌာနက ခန့်အပ်ထားသော ပုဂ္ဂိုလ်ကို ဆိုသည်။

(ဋ) **အသုံးပြုခွင့်လက်မှတ်** ဆိုသည်မှာ သတ်မှတ်သောခွင့်ပြုဖိအားဖြင့် တစ်နှစ်ထက်မကျော်သည့်ကာလအတွက် ဘွိုင်လာကို အသုံးပြုရန် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့် လက်မှတ်ကိုဆိုသည်။

(ဌ) **ယာယီအသုံးပြုခွင့်လက်မှတ်** ဆိုသည်မှာ အသုံးပြုခွင့်လက်မှတ် မရရှိမီ သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ခြောက်လထက်မကျော်သည့်ကာလအတွက် ဘွိုင်လာကိုအသုံးပြုရန် စစ်ဆေးရေးမှူးက ထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်။

(ဍ) **ပိုင်ရှင်**ဆိုသည်မှာ ဘွိုင်လာကိုပိုင်ဆိုင်သူ၊ ၎င်း၏ကိုယ်စားလှယ်အဖြစ်ဖြင့် ဘွိုင်လာကို အသုံးပြုသူ၊ ဘွိုင်လာကို အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမပါဘဲဖြစ်စေ ငှားရမ်း၍ အသုံးပြုသူနှင့် ဘွိုင်လာအသုံးပြုခြင်းကို ကြီးကြပ်ကွပ်ကဲသူတို့ကို ဆိုသည်။

(ဎ) **ဘွိုင်လာထုတ်လုပ်သူ** ဆိုသည်မှာ ဘွိုင်လာ၊ ဘွိုင်လာနှင့်ဆက်စပ်သည့် ဖိအားခံ အစိတ်အပိုင်းများကို မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်သူကို ဆိုသည်။

(ဏ) **ဘွိုင်လာပြုပြင်သူလက်မှတ်** ဆိုသည်မှာ ဘွိုင်လာပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းတွင် သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီ၍ လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်သူအား စစ်ဆေးရေးမှူးချုပ်က နှစ်နှစ်ထက်မကျော်သည့်ကာလအတွက် ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(တ) **ဘွိုင်လာပြုပြင်သူ** ဆိုသည်မှာ ဘွိုင်လာပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းတွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ဘွိုင်လာပြုပြင်သူလက်မှတ်ရရှိထားသူကို ဆိုသည်။

(ထ) **ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်** ဆိုသည်မှာ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းတွင် သတ်မှတ်ထားသည့်အရည်အချင်းပြည့်မီသူအား စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဒ) **ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ** ဆိုသည်မှာ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းခြင်းလုပ်ငန်းတွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ လက်မှတ်ရရှိထားသူကိုဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ညီညွတ်သော ဘွိုင်လာများရရှိစေရန်၊

(ခ) ဘွိုင်လာမတော်တဆထိခိုက်မှု ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းဖြင့် နိုင်ငံတော်နှင့်အများပြည်သူတို့ နစ်နာဆုံးရှုံးမှု မဖြစ်ပေါ်စေရန်၊

(ဂ) နိုင်ငံတော်အတွင်း ဘွိုင်လာများအား မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ အသုံးပြုစေရန်၊

(ဃ) ဘွိုင်လာနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဘွိုင်လာများ ထုတ်လုပ်၊ ပြုပြင်၊ ကိုင်တွယ်ထိန်းသိမ်းနိုင်သော ကျွမ်းကျင်သူများ တိုးတက်ပေါ်ပေါက်စေရန်၊

(င) လောင်စာစွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းဖြင့် ဘွိုင်လာများ စွမ်းရည်ပြည့် အသုံးပြုနိုင်စေရန်၊

(စ) ဘွိုင်လာများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်စေရန်နှင့် ယင်းတို့ကြောင့် သဘာဝလူမှုကျန်းမာရေးဆိုင်ရာ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို လျှော့ချနိုင်စေရန်။

**အခန်း(၃)**

**ဘွိုင်လာ စံချိန်စံညွှန်းများနှင့် ဘွိုင်လာစစ်ဆေးမှုနည်းစနစ်များ**

၄။ စစ်ဆေးရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်-

(က) ဤဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များအရ ဘွိုင်လာအန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးမှုနည်းစနစ်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

(ခ) အတည်ပြုသတ်မှတ်ထားသော ဘွိုင်လာစံချိန်စံညွှန်းများနှင့် စစ်ဆေးမှုနည်းစနစ်များအရ စစ်ဆေးရရှိသည့် ရလဒ်များသည်သာ အတည်ဖြစ်သည်။

**အခန်း(၄)**

**ဘွိုင်လာမှတ်ပုံတင်ခြင်း**

၅။ လုပ်ငန်းတစ်ရပ်ရပ်အတွက် ဘွိုင်လာကို အသုံးပြုလိုသူသည် ဤဥပဒေအရ မှတ်ပုံတင်ရမည်။

၆။ မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားသော ဘွိုင်လာဖြစ်ရမည်။

၇။ ပုဒ်မ ၅အရ ဘွိုင်လာမှတ်ပုံတင်ပေးရန် လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ ဘွိုင်လာနှင့် သက်ဆိုင်သည့်အထောက်အထားများ၊ သက်သေခံလက်မှတ်များပူးတွဲ၍ စစ်ဆေးရေးမှူးထံ တင်ပြရမည်။

၈။ ပုဒ်မ ၇ အရ ဘွိုင်လာမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာစစ်ဆေးရေးမှူးသည် ဘွိုင်လာကို လိုအပ်သောစိစစ်မှု၊ စစ်ဆေးမှုများပြုလုပ်ပြီး စစ်ဆေးတွေ့ရှိချက်ကို စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

၉။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၈ အရ စစ်ဆေးရေးမှူး၏တင်ပြချက်ကို လိုအပ်သလို စိစစ်ခြင်း၊ စစ်ဆေးခြင်းပြုလုပ်ပြီး သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ဘွိုင်လာမှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၀။ စစ်ဆေးရေးမှူးချုပ်သည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ဘွိုင်လာအရွယ်အစားကို မီးရှိန်ရမျက်နှာပြင်ဧရိယာအလိုက် သတ်မှတ်ရမည်။

၁၁။ ဝန်ကြီးဌာနသည် မီးရှိန်ရမျက်နှာပြင်ဧရိယာအလိုက် ဘွိုင်လာမှတ်ပုံတင်ကြေးနှင့် စစ်ဆေးခနှုန်းထားတို့ကို သတ်မှတ်ပေးရမည်။

**အခန်း(၅)**

**ပိုင်ရှင်၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ**

၁၂။ ပိုင်ရှင်သည် မှတ်ပုံမတင်ရသေးသော ဘွိုင်လာကို-

(က) အသုံးပြုခွင့်လက်မှတ်ရရှိရေးအတွက် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ လျှောက်ထားရမည်။

(ခ) မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ထားသည့် ဘွိုင်လာကိုသာ မှတ်ပုံတင်ရန် လျှောက်ထားရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်ထားသည့်အခါ သတ်မှတ်သော အခကြေးငွေကို ပေးဆောင်ရမည်။

၁၃။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် ပျက်ပြယ်သည့်ဘွိုင်လာကို -

(က) ဆက်လက်အသုံးပြုနိုင်ရေးအတွက် အသုံးပြုခွင့်လက်မှတ်အသစ်ကို ထုတ်ပေးရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားသည့်အခါ သတ်မှတ်သောအခကြေးငွေကို ပေးဆောင်ရမည်။

၁၄။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို ရရှိထားစေကာမူ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ ကြိုတင်လျှောက်ထားရမည်-

(က) ဘွိုင်လာကို ခွင့်ပြုဖိအားထက် ပိုမိုသုံးစွဲခြင်း၊

(ခ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ ဘွိုင်လာတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်လဲလှယ်ခြင်း။

၁၅။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းက လိုအပ်၍တောင်းဆိုသည့်အခါ တင်ပြရမည်။

၁၆။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ရပ်ရပ်ကြောင့် ပျက်ပြယ်ပါက အဆိုပါလက်မှတ်ကို သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ ၁၅ ရက်အတွင်း ပြန်လည်အပ်နှံရမည်။

၁၇။ ဘွိုင်လာကို ပိုင်ရှင်တစ်ဦးမှတစ်ဦးသို့ လွှဲပြောင်းပေးအပ်သည့်အခါ မူလပိုင်ရှင်သည် မိမိ၏အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို လွှဲပြောင်းပေးအပ်ရမည်။ ထိုသို့ လွှဲပြောင်းပေးအပ်ပြီးကြောင်းကို လွှဲပြောင်းပေးအပ်သည့်နေ့ရက်မှစ၍ ၁၅ ရက်အတွင်း စစ်ဆေးရေးမှူးထံ စာဖြင့်အကြောင်းကြားရမည်။

၁၈။ ပိုင်ရှင်သည် မတော်တဆထိခိုက်မှုဖြစ်ပွားပါက သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ အမြန်ဆုံးအကြောင်းကြားရမည်။

၁၉။ ပိုင်ရှင်သည်-

(က) ဘွိုင်လာကို ခွင့်ပြုဖိအားထက်ကျော်လွန်၍ မသုံးရ၊

(ခ) ခွင့်ပြုဖိအားထက် ကျော်လွန်စေရန် အန္တရာယ်ကင်းဖိအားထိန်းအဆို့ရှင်ကို ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲရန် စေခိုင်းခြင်း မပြုလုပ်ရ၊

(ဂ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) ပါ ကိစ္စကို ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ရ။

၂၀။ ပိုင်ရှင်သည် အောက်ဖော်ပြပါ ဘွိုင်လာကို အသုံးမပြုရ-

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် မရှိသော ဘွိုင်လာ၊

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ပျက်ပြယ်သည့်ဘွိုင်လာ၊

(ဂ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ရုပ်သိမ်းခံရသည့် ဘွိုင်လာ။

၂၁။ ပိုင်ရှင်သည် စစ်ဆေးရေးမှူးချုပ် သတ်မှတ်ပေးသည့် မှတ်ပုံတင်အမှတ်ကို သတ်မှတ်သောနည်းလမ်းနှင့်အညီ ဘွိုင်လာတွင် ထွင်းထားရမည်။

၂၂။ ပိုင်ရှင်သည်-

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ရရှိပါက သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ဘွိုင်လာကို အသုံးပြုခွင့်ရှိသည်။

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်၏ သက်တမ်းကို ပြောင်းလဲလိုသဖြင့် စစ်ဆေးခြင်းကိုခံယူလိုပါက ယင်းလက်မှတ်သက်တမ်းမကုန်ဆုံးမီ ကြိုတင်၍ စစ်ဆေးခံရန် လျှောက်ထားနိုင်သည်။

၂၃။ ပိုင်ရှင်သည် အောက်ပါကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မကျေနပ်ပါက စစ်ဆေးရေးမှူးထံမှ အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စစ်ဆေးရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်-

(က) စစ်ဆေးရေးမှူး၏ဆုံးဖြတ်ချက်၊

(ခ) စစ်ဆေးရေးမှူးက အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရေးနှင့် စပ်လျဉ်း၍ ထောက်ခံရန် ငြင်းပယ်ခြင်း သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၄။ ပိုင်ရှင်သည် -

(က) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်ရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် အသစ်လဲရန် ညွှန်ကြားချက်ရရှိပါက ယင်းလုပ်ငန်းများကို ဘွိုင်လာပြုပြင်သူလက်မှတ်မရှိသူများနှင့် မပြုလုပ်ရ၊

(ခ) မိမိလုပ်ငန်းသုံးဘွိုင်လာကို ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများမှတစ်ပါး အခြားသူများကို တာဝန်ပေးမောင်းနှင်ခြင်း မပြုရ။

**ဆက်လက်ဖော်ပြပါမည်။**

# မြန်မာစာ အပြောအဆိုအရေးအသား အလေးထားဖွယ်

မြန်မာစာ အပြောအဆိုအရေးအသားသည် လွန်စွာမှပင် သိမ်မွေ့နက်နဲလှပါသည်။ ပြောဆိုရာတွင် ဌာန်၊ ကရိုဏ်း၊ ပယတ် မှန်မှန်ကန်ကန် ပီပီသသ ရွတ်ဆိုရပါသည်။ ရေးသားရာတွင်လည်း အဖြတ်အတောက်၊ နေရာအထားအသို၊ သတ်ပုံသတ်ညွှန်း မှန်မှန်ကန်ကန် ရေးသားရန် အထူးလိုအပ်လှပါသည်။

မကြာသေးမီကပင် နေ့စဉ်ထုတ်သတင်းစာအချို့နှင့် ဂျာနယ်အချို့တွင် ခေါင်းစီးစာတန်းများ အထားအသို မှားယွင်းစွာ ဖော်ပြထားသည်ကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဖော်ထုတ်တင်ပြလာသည်ကို တွေ့ရ၏။ အပြုသဘောတင်ပြခြင်းမျိုးဖြစ်၍ လက်ခံကြိုဆိုရမည်ဖြစ်၏။

ဤသို့ထောက်ပြပြောဆိုသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာခံယူ၍ ပြင်ဆင်သွားရမည်သာ ဖြစ်ပါသည်။ အထားအသိုမှားယွင်းခြင်းသည် အဓိပ္ပာယ်သိသာစွာ ကွဲပြားသွားနိုင်သောကြောင့်ဖြစ်သည်။ ဥပမာ “ကွမ်းစားဆေးသောက်သော ကျောင်းအုပ်ဆရာကြီးက ကျောင်းသားအချို့ကို ခေါ်ယူဆုံးမလိုက်သည်”ဟု ရေးသားမိပါက အဓိပ္ပာယ်များစွာ ကွဲလွဲသွားနိုင်ပါသည်။ အမှန်မှာ “ကွမ်းစားဆေးသောက်သော ကျောင်းသားအချို့ကို ကျောင်းအုပ်ဆရာကြီးက ခေါ်ယူဆုံးမလိုက်သည်”ဟု ကတ္တား၊ ပုဒ် အထားအသိုမှန်မှ အဓိပ္ပာယ်မှန်ကန်နိုင်မည်ဖြစ်ပါသည်။

ထို့အတူပင် သတ်ပုံသတ်ညွှန်းမှန်ကန်မှု အရေးကြီးပုံနှင့်ပတ်သက်၍ “ဝန်ကြီးကို သေနတ်ဖြင့်ပစ်သည်”နှင့် “ဝံကြီးကို သေနပ်ဖြင့်ပစ်သည်”တို့၏ ကွဲပြားပုံကို သာဓကဆောင်လေ့ရှိပါသည်။ ယခုအခါတွင် နည်းပညာဖွံ့ဖြိုးလာမှုကြောင့် အင်တာနက်၊ e-mail၊ Facebook၊ Twitter စသည့် လူမှုကွန်ရက်စာမျက်နှာများတွင် လူငယ်ထုအတွင်း များစွာသုံးစွဲလျက်ရှိသည်ကို တွေ့ရ၏။ တစ်ဦးနှင့်တစ်ဦး ဖုန်းဖြင့်ပြောဆိုဆက်သွယ်ကြရုံသာမက E-mail ပို့ခြင်း၊ သတင်းတို (SMS)ပို့ခြင်း၊ ဓာတ်ပုံပို့ခြင်း၊ Comment ရေးခြင်းစသည်တို့ကိုပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြသည်ကို တွေ့ရ၏။ မြန်မာ၊ အင်္ဂလိပ်နှစ်မျိုးစလုံးနှင့် သုံးစွဲနေကြသည်။

အင်္ဂလိပ်လိုရေးသားရာတွင် အချို့စကားလုံးများကို အတိုကောက်ရေးသားကြသည်ကို တွေ့ရ၏။ ဥပမာအားဖြင့်-

| | | |
|---|---|---|
| Face Book ကို | = | Fb |
| Thanks | = | Thz, Thx |
| good | = | gud |
| have | = | hav |
| Love | = | Luv |
| See you | = | C U |
| By the Way | = | Btw |
| Bye- Bye | = | bb |
| because | = | bcuz |
| Ok Ok | = | K K |
| So | = | Xo စသဖြင့်တွေ့ရ၏။ |

သို့ဖြင့် မြန်မာလိုရေးသားပေးပို့ကြရာတွင်လည်း အင်္ဂလိပ်စာကဲ့သို့ အတိုကောက်များ ရေးသားလာကြသည်ကို တွေ့ရ၏။ ဥပမာအားဖြင့်-

| | | |
|---|---|---|
| တကယ်လား-ကို | = | ဂယ်လား |
| ညီမလေး ကို | = | ညလေး |
| မပြောဘူး ကို | = | ပြောဝူး/ကြောဝူး |
| မသိဘူး ကို | = | တိဝူး |
| ဗျာ ကို | = | ဂျာ |
| သမီး ကို | = | စမီး |
| သူငယ်ချင်း ကို | = | သယ်ရင်း/စီငယ်ချင်း |
| ချစ် ကို | = | ချီ |
| ငါ ကို | = | နာ |
| ကိုကြီး ကို | = | တိုကြီး စသဖြင့် |

ရေးသားနေကြ၏။

ဆိုရလျှင် ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် အပြောင်အပျက်ရေးသားခြင်းကို အပြစ်မပြောလိုပါ။ သို့သော် အရေးအသားများလာခြင်း၊ အတွေးအမြင်များလာသောအခါ အသုံးတွင်ကျယ်လာမည်ကတော့ နှစ်လိုဖွယ်ရာ မဟုတ်ပါ။ ကျောင်းသား ကျောင်းသူအချို့မှာ မြန်မာဘာသာရပ်တွင် အားနည်းလာသည်ကို တွေ့မြင်ရ၏။ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာဘာသာရပ် ကျရှုံးသူ အများအပြားရှိနေခြင်းကပင် သိသာစေနိုင်သော အချက်ဖြစ်၏။

စင်စစ် မြန်မာဘာသာရပ်ဆိုသည်မှာ မိမိ၏ သိမြင်တွေးတောကြံဆချက်များကို မိမိကိုယ်တိုင် ရေးသားဟန်ဖြင့် (Own Words, Own Style)စကားပြေ ပြန်ဆိုရေးသားပြရခြင်းပင်ဖြစ်၏။ သို့သော်လည်း ကလေးအများစုမှာ အလွတ်ကျက်မှတ်ကာ ပြန်လည်ရေးသားဖော်ပြနေကြခြင်းကသာ များနေပါသည်။

ဤသို့သော အခြေအနေမျိုးတွင် ဖေ့စ်ဘွတ်စာမျက်နှာပေါ်မှ အရေးအသားများပါ ကူးစက်လာမည်ကို စိုးရိမ်ရပါသည်။ လောလောဆယ်ထုတ်လွှင့်နေသည့် FM ရေဒီယိုအစီအစဉ်တချို့တွင် ဖေ့စ်ဘွတ်ပေါ်မှ အရေးအသားများကို သုံးစွဲနေကြသည်ကို ကြားရပါသည်။ အပြောအဆိုနောက်တွင် အရေးအသားပါ တစ်နွယ်ငင် တစ်စင်ပါလာနိုင်ပါသည်။

ထို့ကြောင့် ဆန်းသစ်တီထွင်မှုဆိုသည်မှာ ကောင်းသောလက္ခဏာဖြစ်ပါသည်။ သို့သော်လည်း မိမိတို့၏အစဉ်အလာကို ထိန်းသိမ်းကာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာစာရေးဟန်ကြောင်းကြီးကိုမူ အမှိုက်သရိုက်များ သဖွယ် အဟန့်အတား အနှောင့်အယှက်မဖြစ်စေသင့်ပါ။ သို့ဖြစ်၍ ယင်းသို့သော အပြောအဆို အရေးအသားမျိုးကို ဘောင်ကန့်သတ်၍ထားရန် လိုအပ်လာပါသည်။ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားများကပင် မြန်မာစာ၊ မြန်မာစကားကို လာရောက်၍ အလေးထားသင်ကြားနေချိန်တွင် မိမိတို့နိုင်ငံသားများကိုယ်တိုင်က မိမိတို့ဘာသာစာပေကို ပြောဆိုရာတွင်လည်းကောင်း၊ ရေးသားရာတွင်လည်းကောင်း ဂရုပြုအလေးထားခြင်းဖြင့် မိမိနိုင်ငံ၏ဂုဏ်ကို ထိန်းသိမ်းနိုင်ပါသည်။ ။

**ခင်မောင်ဌေး(ပညာရေး)**

# အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်ဖွင့်လှစ်

**ဘားအံ ဇူလိုင် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၇)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်းကို ဇူလိုင် ၁၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးအောင်မောင်းနှင့် ကျောင်းအကျိုးတော်ဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးတို့အားပေးအပ်ပြီး စေတနာရှင်၊ အလှူရှင်များကပေးအပ်သော ငွေကျပ် ၁၅ သိန်းအား လက်ခံရယူသည်။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျောင်းများ အဆင့်တိုးမြှင့်ခြင်း ဆောင်ရွက်ပေးလျက်ရှိရာ ယခင်အလယ်တန်းအဆင့်မှ အထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ခြင်းဖြစ်ပြီး ကျောင်းသားဦးရေမှာ နဝမတန်း ၃၃ ဦးအပါအဝင် ကျောင်းသားဦးရေ စုစုပေါင်း ၇၁၉ ဦးရှိပြီး ကျောင်းသားဦးရေ များလာသည်ဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် အလျား ပေ ၉၀၊ အနံ ပေ ၃၀ ရှိသော မြတ်သစ္စာဖြူ(၁)၊ မြတ်သစ္စာဖြူ(၂) ကျောင်းဆောင် နှစ်ဆောင်ကို ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# လွိုင်ကော်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဆွေးနွေး

**လွိုင်ကော် ဇူလိုင် ၁၄**

ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီနှင့် ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီတို့သည် ဇူလိုင် ၁၄ ရက်က ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးရဲဝင်းက ကယားပြည်နယ်အတွင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ များအား ဆွေးနွေးတင်ပြပြီး ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံအရာရှိ ဦးမော်မော်ကိုက ကယားပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၅)အစည်းအဝေး ဆုံးဖြတ်ချက်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင်က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးက ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်များ ပေးအပ်သည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းဆွေးနွေးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မကြာမီ စမတ်ဖုန်းဈေးကွက်အတွင်းသို့ရောက်ရှိလာတော့မည့် ခိုင်ခံ့မှုနှင့် လုံခြုံမှုကောင်းမွန်သော Turing Phone

ယခုလအတွင်း အဆိုပါစမတ်ဖုန်းမှာ ဥရောပနည်းပညာသတင်းစာမျက်နှာများတွင် ရေပန်းစားလျက်ရှိကြောင်း တွေ့ရှိရသည်။ အခြားနာမည်ကြီး စမတ်ဖုန်းများ၏ လုပ်ဆောင်ချက်များနှင့် အသွင်အပြင်ဒီဇိုင်းအပါအဝင် ဖုန်းအတွင်းလုပ်ဆောင်ချက်များမတူညီဘဲ ကွဲကွဲပြားပြား ထွက်ပေါ်လာမည်ဟုသိရသည်။ ၎င်းဖုန်းအားဖန်တီးသူမှာ Stave Chao ဖြစ်ပြီး Turing Robotic Industries လုပ်ငန်း၏ အမှုဆောင်ချုပ်တစ်ဦးဖြစ်သည်ဟု သိရသည်။ ဖုန်း၏ကိုယ်ထည်ကို ထုတ်လုပ်ရလွယ်ကူကာ အလူမီနီယံနှင့် တိုက်တေနီယံတို့ထက် ပိုမိုပေါ့ပါးခိုင်ခံ့သော Liquidmorphium သတ္တုစပ်တစ်မျိုး အသုံးပြုထားပြီး အနာဂတ်ကာလတွင် ၎င်းသတ္တုကို စမတ်ဖုန်းများသာမက အခြားမိုလ်ဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများတွင်လည်း ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာနိုင်ဖွယ်ရှိသည်ဟု မီဒီယာစာမျက်နှာများတွင် တွေ့ရှိရသည်။

ဖုန်းအတွင်းလည်ပတ်မှု Andriod OS 5.1 Lolipop စနစ်နှင့် 2.5 GHz Quad-core Snapdragon ၈၀၁ ပရော်ဆက်ဆာပါဝင်ပြီး မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိကာ ဖုန်း၏လုပ်ဆောင်မှုမှတ်ဉာဏ် 3GB RAM တပ်ဆင်ပါဝင်ပြီး ဖုန်းအတွင်းမှတ်ဉာဏ်သိုမှီးမှုပမာဏမှာ 16GB, 64GB, 128GB ဟူ၍ အမျိုးအစားသုံးမျိုးခွဲခြားရွေးချယ်နိုင်ကြောင်း သိရသည်။ အခြားစမတ်ဖုန်းများထက် ပိုမိုအကြမ်းခံနိုင်ပြီး ရေထဲသို့ပြုတ်ကျသွားပါကလည်း ပြန်လည်ဆယ်ယူကာ ဖုန်းအတွင်းရှိရေကို ကုန်စင်အောင် ခါပေးလိုက်ရုံမျှဖြင့် ချက်ချင်းပြန်လည်အသုံးပြုနိုင်စေရန် ဖုန်းအတွင်းပိုင်း အစိတ်အပိုင်းများအားလုံးကို Nano-coating အလွှာပါးထပ်မံဖုံးအုပ်ပေးထားသည်ဟု Stave က မီဒီယာများသို့ပြောကြားသည်။

ဖုန်းကိုယ်ထည်၏ ဘေးဘက်တွင် လက်ဗွေစနစ်ထည့်သွင်းထားပြီး နည်းပညာမသမာသူများ၏ရန်မှ ကာကွယ်ပေးနိုင်အောင်စီစဉ်ထားသည့် Turing Phone ၏မူပိုင်လုံခြုံရေးစနစ်တစ်ခုကိုလည်း ထည့်သွင်းပေးထားသည်ဟု စာမျက်နှာများတွင်တွေ့ရှိရသည်။ အဆိုပါစမတ်ဖုန်းကို ဇူလိုင် ၃၁ ရက်တွင် www.turingphone.com တွင် အကြိုမှာယူနိုင်မည်ဖြစ်ပြီး ဈေးနှုန်းများမှာ 16GB အမျိုးအစားဖုန်းအတွက် အမေရိကန်ဒေါ်လာ ၆၂၅ ဒေါ်လာနှင့် 64GB အမျိုးအစားအတွက် အမေရိကန်ဒေါ်လာ ၇၄၀ ဖြစ်ကာ 128GB အမျိုးအစားအတွက် အမေရိကန်ဒေါ်လာ ၈၆၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

**ALEZ**

■

# ရင်းတိုက်ကုန်းကျေးရွာတွင် လျှပ်စစ်မီးလင်းတော့မည်

**ကျောက်တံခါး ဇူလိုင် ၁၄**

ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ခုနစ်ရွာရှိပြီး ခင်တို၊ အလယ်ကျွန်း၊ ကျွန်းကုန်း၊ ရင်းတိုက်ကုန်း၊ ခြောက်တရာ၊ ဆင်ရိုးခင်၊ ညောင်ပင်သာကျေးရွာများရှိ ရွာသူရွာသားများမှာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးများ တပ်ဆင်လျက်ရှိပြီး ခင်တိုကျေးရွာ၊ အလယ်ကျွန်းကျေးရွာနှင့် ကျွန်းကုန်းကျေးရွာများတွင် လျှပ်စစ်မီးများရရှိနေပြီဖြစ်သည်။

ကျောက်တံခါးမြို့နှင့် သုံးမိုင်ခန့်ဝေးသော ရန်ကုန်-မန္တလေး ကားလမ်း(လမ်းဟောင်း)ဘေးရှိ အိမ်ခြေ ၂၀၀ ကျော်ခန့်ရှိပြီး လူဦးရေ ၁၀၀၀ နီးပါးရှိသည့် ရင်းတိုက်ကုန်းကျေးရွာမှ ရွာသူ ရွာသားအများစုမှာ လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်သူများဖြစ်သည်။ အဆိုပါကျေးရွာမှ ကျေးရွာသူကျေးရွာသားများ ကိုယ့်အားကိုယ်ကိုးစုပေါင်း၍ ၂၀၀ KV အားရှိ ထရန်စဖော်မာတပ်ဆင်နေပြီဖြစ်ရာ ကျောက်တံခါးမြို့နယ် လျှပ်စစ်ဝန်ထမ်းများက လိုအပ်သော တပ်ဆင်မှုများပြုလုပ်ပေးလျက်ရှိပြီး ဇူလိုင် ၁၆ ရက်တွင် လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာနေ ဦးဖိုးတုတ်ကလည်း ဘိုးဘွားမိဘလက်ထက်ကတည်းက ကျေးရွာမှာလျှပ်စစ်မီးမရရှိခဲ့တာ အခုဆို လျှပ်စစ်မီးရရှိတော့မှာဖြစ်လို့ အိပ်မက်မက်နေသလို ထင်မိပါတယ်”ဟု ဝမ်းသာစွာပြောပြသည်။

**မျိုးဦး(ကျောက်တံခါး)**



# တိုက်ကြီးမြို့၌ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းလုပ်ငန်း မိတ်ဆက်

**တိုက်ကြီး ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းလုပ်ငန်း မိတ်ဆက်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက အဖွင့်အမှာစကားပြောကြားပြီး တိုက်ကြီးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်က ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေးအဖွဲ့များကို မိတ်ဆက်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ စီမံကိန်းရေးဆွဲရေးအဖွဲ့ခေါင်းဆောင် ဦးမိုးသန့်က ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းလုပ်ငန်းနှင့်ပတ်သက်သည့် ကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် LIFT Fund တို့ ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကို မြန်မာနိုင်ငံတွင် မြို့နယ် ၃၄ မြို့နယ်၊ ကျေးရွာပေါင်း ၁၇၀ တို့တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ နေပြည်တော် ကောင်စီနယ်မြေရှိ ကျေးရွာ ၁၀ ရွာကို စတင်ဆောင်ရွက်ပေးခဲ့ပြီး ယခု ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ ခု၊ မြို့နယ် ၃၂ မြို့နယ်တို့တွင် စတင်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် တိုက်ကြီးမြို့နယ်တွင် ကျေးရွာငါးရွာ၊ ခရမ်းမြို့နယ်တွင် ကျေးရွာ ငါးရွာ စုစုပေါင်း ကျေးရွာ ၁၀ ရွာကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းစီမံချက် ရေးဆွဲရာတွင် နေပြည်တော် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ရှိသူများနှင့် နယ်မြေခံဝန်ထမ်းများ ပူးပေါင်းပြီး ဇူလိုင် ၁၃ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ရေးဆွဲမည်ဖြစ်သည်။ ကျန်ကျေးရွာများကိုလည်း ဆက်လက်ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ဇူလိုင် ၁၄ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧည်ယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၇၁၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၇၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၂၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၂၀၀၀ မှ ၈၂၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၅၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၂၀၀၀ မှ ၈၀၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၂၀၀၀ မှ ၅၄၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၉၈၀၀၀ မှ ၂၀၀၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၃၀၀၀ မှ ၈၅၅၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၀၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၅၀၀၀ |
| ၁၉ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ မိတ္ထီလာ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀ မှ ၈၁၅ |
| ၂၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| ၂၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၀၀ မှ ၂၅၅၀ |
| ၂၂ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၀၀၀၀ မှ ၄၈၀၀၀ |
| ၂၃ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၉၅၀၀ မှ ၅၀၀၀၀ |
| ၂၄ | အာလူး | ဟဲဟိုး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၇၅၀ |
| ၂၅ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၆၀ မှ ၃၃၀ |
| ၂၆ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၈၀၀ |
| ၂၇ | ဖရဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၅၀၀ မှ ၃၀၀၀ |
| ၂၈ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၈၀၀၀ |
| ၂၉ | သရက်သီး(စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၉၀၀၀ |
| ၃၀ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

**ဥတုရာသီ တောကိုမှီ၍**

# ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း အသိပညာပေးဟောပြော

**ဖလမ်း ဇူလိုင် ၁၄**

ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းက ဖလမ်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဉက္ကဋ္ဌ ဒေါ်ဥမ္မာဆွေက အမှာစကားပြောကြားပြီး သန့်(၄)သန့်အကြောင်း၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ HIV/ AIDS နှင့် တီဘီရောဂါအကြောင်းများကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ဖလမ်းမြို့ သီလရှင်ကျောင်းတိုက်နှင့် ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းတို့တွင် ဆန်၊ ကုလားပဲ၊ စာရေးကိရိယာနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဉက္ကဋ္ဌက လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် မြေသြဇာလုပ်ငန်းလုပ်ကိုင်သူများ သိရှိစေရန် အသိပေးကြေညာချက်

- ❖ မြေသြဇာကော်မတီသည် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများကို စိုက်ပျိုးရေးလုပ်ကိုင်သူများ သုံးစွဲနိုင်ရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ စနစ်တကျပြုလုပ်ပြီး မြေသြဇာမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက်ရှိပါသည်။
- ❖ ယခုအခါတွင် ဈေးကွက်အတွင်း မြေသြဇာမှတ်ပုံတင် လက်မှတ်မရှိသော မြေသြဇာများရောင်းဝယ်ခြင်းများ၊ မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်မရှိဘဲ ဖြန့်ဖြူးရောင်းချနေသူများရှိနေကြောင်း သိရှိရပါသည်။
- ❖ အောက်ဖော်ပြပါ မြေသြဇာများမှာ မြေသြဇာကော်မတီ တွင် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှု အာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်။
- ❖ ယင်းမြေသြဇာများကို ဝယ်ယူသုံးစွဲမိသူများမှာ သီးနှံအထွက်နှုန်းများ ထိခိုက်လျော့နည်းပြီး သုံးစွဲသူများအတွက် စီးပွားရေးတွက်ခြေမကိုက်ဘဲ ဆုံးရှုံးနစ်နာမှုများ ဖြစ်နိုင်သဖြင့် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားသော မြေသြဇာများကိုသာ ဝယ်ယူသုံးစွဲရန် တိုက်တွန်းအပ်ပါသည်။
- ❖ မြေသြဇာထုတ်လုပ် တင်သွင်းသည့် ကုမ္ပဏီ၊ လုပ်ငန်းများ၊ မြေသြဇာရောင်းချသည့် အရောင်းဆိုင်များသည် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသော မြေသြဇာများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြေသြဇာဥပဒေ ပုဒ်မ(၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅) တို့အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေသြဇာကော်မတီ**

**မြေသြဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေသြဇာများစာရင်း**

| စဉ် | မြေသြဇာအမည် | ဖော်ပြထားသောစံချိန်စံညွှန်း | တွေ့ရှိရာဒေသ |
|---|---|---|---|
| ၁။ | Merica(အဝါရောင်)(2.5)Kg | (N ≥ 12 %, $P_2O_5$ ≥ 5%, $K_2O$ ≥ 3%) | မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂။ | Merica(အပြာရောင်)(25)Kg | (N ≥ 12 %, $P_2O_5$ ≥ 5% $K_2O$ ≥ 3%) | မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၃။ | Fight in drought (တံဆိပ်အိတ်ခွံအပြာ) | (N : 17%, $P_2O_5$: 5%,$K_2O$: 13%) | မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄။ | Crown | (Gypsum:65%, Bone Meal : 5%, Moisture : 5%) | လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅။ | $A_1$ ပဒေသာ | (N : 6.68%, $P_2O_5$: 3.14 %, $K_2O$: 4.75%, Ca: 13.58%, S:3.98%, Mg:1.21) | လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |



# မော်ဒယ်လ်တစ်ဦး၏နေအိမ်သို့ ပရိသတ်တစ်ဦး တိတ်တဆိတ်ဝင်ရောက်ခဲ့

အမေရိကန်ဖက်ရှင်မော်ဒယ်လ်တစ်ဦးဖြစ်ပြီး နာမည်ကြီးမဂ္ဂဇင်းများမှာ မျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးနေရတဲ့ အသက် (၂၀) အရွယ် ဂီဂီဟာဒစ်ရဲ့ နေထိုင်ရာ တိုက်ခန်းအတွင်းသို့ သူ့ရဲ့ပရိသတ်တစ်ဦးက တိတ်တဆိတ် ဝင်ရောက်ခဲ့သဖြင့် ရဲများကဖမ်းဆီးထိန်းသိမ်းထားရတယ်လို့ ဇူလိုင် ၁၃ ရက်က GossipCop မှာ ဖော်ပြထားပါတယ်။

ဂီဂီရဲ့ အခိုင်အမာပရိသတ်တစ်ဦးဖြစ်တဲ့ မာဆယ်ပေါ်တာအမည်ရှိ လူငယ်တစ်ဦးဟာ နယူးယောက်မြို့ရှိ ဂီဂီနေထိုင်ရာ တိုက်ခန်းအတွင်းကို ရောက်ရှိနေခဲ့ပြီး ဂီဂီက ကြောက်ရွံ့စွာ ရဲများကို အကြောင်းကြားခဲ့တယ်လို့ ဆိုပါတယ်။ ပိုင်နက်ကျူးလွန်ခြင်းနဲ့ ဖမ်းဆီးခံခဲ့ရတဲ့ အဆိုပါလူငယ်ဟာ တစ်စုံတစ်ရာငြင်းဆန်မှုမပြုဘဲ သူ့ရဲ့အကြိုက်ဆုံးအနုပညာရှင်ရဲ့ တိုက်ခန်းမှာ ခဏတစ်ဖြုတ်နေထိုင်ရန် ကြိုးစားခြင်းသာဖြစ်တယ်လို့ ထွက်ဆိုခဲ့ပါတယ်။

၎င်းအမျိုးသားလူငယ်ဟာ သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာလည်း မော်ဒယ်ဂီဂီရဲ့ဓာတ်ပုံများကိုတင်ထားပြီး အဖမ်းမခံရခင်အချိန်ထိ နောက်ဆုံးတင်ထားသည်မှာ "ဖြစ်နိုင်လျှင် ဂီဂီနဲ့လူချင်းတွေ့ပြီး စကားပြောချင်ပါတယ်။ ကျွန်တော့်ရဲ့ဝိညာဉ်ဖြစ်တဲ့ ဂီဂီ့ကို အလွန်ချစ်ခင်မြတ်နိုးတာပါ။ တွေ့ဆုံခွင့်ရဖို့ စောင့်နေပေးပါ" လို့ ရေးသားထားပါတယ်။

ထိတ်လန့်တုန်လှုပ်နေတဲ့ ဂီဂီကတော့ အခုအချိန်မှာ သူ့ရဲ့နေအိမ်တိုက်ခန်းကို ရောင်းချရန်စီစဉ်နေပြီဖြစ်ပြီး အခြားနေရာကိုပြောင်းရွှေ့နေထိုင်ရန်လည်း စတင်လုပ်ဆောင်နေပြီဖြစ်တယ်လို့သိရပါတယ်။ **ဆုမြတ်**

# ဂျနီဖာလောရန့်စ်ရဲ့ ရုပ်ရှင်ဇာတ်ကားသစ်



The Hunger Gamesဇာတ်လမ်းတွဲများဖြင့် နာမည်ကျော်ကြားလာခဲ့သော ဟောလိဝုဒ်မင်းသမီး ဂျနီဖာလောရန့်စ်သည် သူ၏နောက်ထပ်ရုပ်ရှင်သစ်တစ်ခုဖြစ်သည့် အချစ်ဟာသဇာတ်လမ်း "The Rosie Project"တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါရုပ်ရှင်သည် စာရေးဆရာ ဂရန်းမ်စင်မ်ရှင်၏ ဝတ္ထုကို ပြန်လည် ရိုက်ကူးထားခြင်းဖြစ်ကာ ဘဝတွင်ပြည့်စုံကောင်းမွန်သော ဇနီးတစ်ဦးကို ရှာဖွေနေသည့် ဒွန်တေးလ်မန်းဟုအမည်ရသော မျိုးရိုးဗီဇပါမောက္ခတစ်ဦး၏အကြောင်းကို ဇာတ်အိမ်တည်၍ ပုံဖော်ဖန်တီးထားသည့် ဇာတ်လမ်းဖြစ်သည်။

ဂျနီဖာလောရန့်စ်သည် ယင်းရုပ်ရှင်တွင် သူ၏အဖေကိုရှာဖွေနေသော အမျိုးသမီးတစ်ဦးအဖြစ် "ရိုစီ"နေရာမှသရုပ်ဆောင်ရမည်ဖြစ်ကာ ပါမောက္ခသည် သူ၏ဇနီးကောင်းတစ်ယောက်အတွက် စံသတ်မှတ်ချက်များနှင့်ဆန့်ကျင်ဘက်ဖြစ်သော ရိုစီနှင့်တွေ့ဆုံပြီးနောက် အလွဲများကြားမှပင် သူတို့နှစ်ဦး ချစ်သူများဖြစ်ခဲ့ကြသည်။

ယခုရုပ်ရှင်ဇာတ်ကားသည် သူ့အတွက် ပထမဆုံးသော အော်စကာဆုကို ရယူပေးနိုင်ခဲ့သည့် Silver Linings Playbook ဇာတ်ကားပြီးနောက် ဂျနီဖာ၏ ပထမဦးဆုံးပြန်လည်ရိုက်ကူးခဲ့သည့် ဒရာမာဇာတ်ကားဖြစ်ရာ "The Gunger Games" ကဲ့သို့သော စွန့်စားခန်းများ ပါဝင်သည့် ဇာတ်ကြမ်းများကိုသာ ကြည့်ရှုနေရသည့်အတွက် အသစ်အဆန်းအဖြစ် ပေါ့ပေါ့ပါးပါးအချစ်ဇာတ်မြူးလေးကို ကြည့်ရှုခံစားလိုသည့် ဂျနီဖာ၏ ပရိသတ်ကြီးအတွက် သတင်းကောင်းဖြစ်သည်။ **အေးပြည့်**





# မင်းသားဘေယောင်ဂျွန်နဲ့ မင်းသမီးပက်ဆိုဂျင်တို့ရဲ့ မင်္ဂလာပွဲ မကြာမီကျင်းပမည်

ပရိသတ်များစိတ်ဝင်စားနေသည့် မင်းသားဘေယောင်ဂျွန်နှင့် မင်းသမီးပက်ဆိုဂျင်တို့၏ မင်္ဂလာပွဲရက်ကို ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက် တစ်ရက်ရက်မှာပြုလုပ်မှာဖြစ်ပြီး ရက်အတိအကျကိုမူ မသတ်မှတ်ရသေးကြောင်း ဇူလိုင် ၁၃ ရက်တွင် အေဂျင်စီက အမ်မ်ဘီအန်စတားသို့ ပြောကြားခဲ့သည်။

"မင်္ဂလာပွဲအတွက်အစစအရာရာ ဂရုစိုက်စီစဉ်နေရတာဖြစ်တဲ့အတွက် စဉ်းစားစရာတွေကအများကြီးဖြစ်နေပါတယ်။ လုပ်မယ့်နေရာနဲ့ ရက်ကို မဆုံးဖြတ်ရသေးပါဘူး။ အသေးစိတ်ကိုမပြောပြနိုင်သေးတဲ့အတွက် နားလည်ပေးစေချင်ပါတယ်"ဟု မိသားစုဝင်တစ်ဦးက ပြောကြားသွားခဲ့သည်။

သူတို့နှစ်ဦး၏ မင်္ဂလာဆောင်ဓာတ်ပုံရိုက်ကူးရာ၌လည်း မင်းသားဘေယောင်ဂျွန်၏နေအိမ်မှာပင် ထူးထူးခြားခြားရိုက်ကူးရေးများပြုလုပ်ခဲ့သည်။ **ပန်းသော်တာ**

# ရေဒီယိုကြယ်ပွင့်များအဖြစ် တွေ့မြင်ရတော့မယ့် စူပါဂျူနီယာ

တောင်ကိုရီးယားတေးဂီတအဖွဲ့များစွာရှိသည့်အနက် ကျော်ကြားမှုကို ကာလအတိုင်းအတာတစ်ခုအထိထိန်းထားနိုင်ခဲ့သော အမျိုးသားတေးဂီတအဖွဲ့တစ်ခုဖြစ်သည့် စူပါဂျူနီယာသည်ဗုဒ္ဓဟူးနေ့တွင် ထုတ်လွှင့်မည့် MBCရုပ်သံလိုင်း၏ "Radio Stars"အစီအစဉ်တွင် အထူးဧည့်သည်တော်များအဖြစ် ပါဝင်သွားမည်ဖြစ်ကြောင်းသိရသည်။

အဖွဲ့ဝင် ၁၃ဦးရှိသည့်အနက် အချို့မှာ ပါဝင်တင်ဆက်နိုင်ခြင်းမရှိသော်လည်း အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ရယ်ဆန်းကိုမူ သူ၏စစ်မှုထမ်းကာလပြီးဆုံးပြီးနောက် ပထမဆုံးအကြိမ်ရုပ်မြင်သံကြားတွင် ပြန်လည်တွေ့မြင်ရမည်ဖြစ်သည့်အတွက် စူပါဂျူနီယာပရိသတ်က ယင်းအစီအစဉ်ကို အထူးစိတ်ဝင်စားလျက်ရှိသည်။

အဆိုပါအစီအစဉ်တွင် စူပါဂျူနီယာသည် ၁၁လကြာမှ ပြန်လည်စတင်ခဲ့သည့် သူတို့၏အနုပညာလှုပ်ရှားမှုဖြစ်သော တေးအယ်လ်ဘမ်သစ် "Devil" ကိုလည်း ပရိသတ်နှင့် မိတ်ဆက်ပေးသွားမည်ဖြစ်ကာ ၎င်းတေးအယ်လ်ဘမ်ကို ကြာသပတေးနေ့ သန်းခေါင်ယံမှစတင်၍ ကိုရီးယားအွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်များတွင် စတင်ထုတ်လွှင့်ဖြန့်ချိသွားမည်ဖြစ်သည်။ ထို့ပြင် စူပါဂျူနီယာကို ၂၀၀၅ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ရာ ယခုထွက်ရှိမည့်တေးအယ်လ်ဘမ်သည် သူတို့၏ဂီတသက်တမ်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ထုတ်လုပ်ခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါ တေးအယ်လ်ဘမ်သည် သူတို့၏နောက်ဆုံးထွက်ရှိခဲ့သည့် "MAMACITA"တေးစီးရီးပြီးနောက် ၁၁ လအကြာမှ ပထမဆုံးထုတ်လုပ်နိုင်ခဲ့သည့် တေးအယ်လ်ဘမ်လည်းဖြစ်သည်။ **အေးပြည့်**

# ရုပ်မြင်သံကြားအစီအစဉ်များ

၁၅ - ၇ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ် တေးအရသာ ဂီတရိပ်သာ (အပိုင်း-၉၅)
၆း၂၀ ပြည်သူ့နီတိ "မေတ္တာလက်ကမ်း"
၆း၄၀ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ
၆း၅၅ "မကောင်းရာမကောင်းကြောင်း"
၇း၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၆၃)
၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၁၁)
၈း၄၅ တေးဂီတအစီအစဉ်
၈း၄၅ ပြည်သူ့နီတိ"ဖြေ"
၉း၀၀ နိုင်ငံတော်သံစုံတီးဝိုင်း
၉း၀၀ မြန်မာရုပ်ရှင်(ဖြူ/မဲ) "မြခြူသံ" (မြတ်လေး၊ တံတွေးသိန်းတန်၊ ကြည်ကြည်ဌေး၊ မာမာအေး) (ဒါရိုက်တာ- ဗိုလ်ကလေးတင့်အောင်)
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

## မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၃၅ ဇာတ်လမ်းတို
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၁၅ လျှပ်တစ်ပြက်
၄း၂၅ အမျိုးသားရေးတေးကဗျာ
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရှေးဟောင်းသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၅၅)
၆း၀၆ Amazing Cities
၆း၁၅ Meet With The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂျောင်းဒိုဂျွန်း (အပိုင်း-၇)
- ရယ်စရာပျော်စရာဟာသကမ္ဘာ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၈)

## MRTV - 4

၅း၀၀ ပဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၈း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၂၃)
၉း၃၅ အနုပညာမိုးကောင်းကင်
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၁း၀၅ ဟင်းချက်ရအောင်
၁၁း၃၀ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၆)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ"
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၇၁)
၆း၁၅MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၇၂)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ"
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၂၄)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၇)

## mitv

- Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
- A Visit To Today's Along-Daw-Katthapha
- National Literary Icon and Guiding Light of Myanmar Literature: Sayar Zaw Gyi (Episode-3)
- The Storytellers
- Style of Mro and Thet
- ANANDA GU PHAYA
- Herbal Medicine By Thurein (Ta Bin Dine Mya Nan) (Vitis)
- Travel To The Southern Part of Shan State (Kalaw)
- Today Myanmar: Minimun Wage - 3600 Kyats
- Exquisite Myanmar Silk
- The Pride of Myanmar "Traditional Handicraft"
- Serene and Happy Rural Life in Myanmar
- Insight Myanmar "Child Protection" Overview of Child Protection Program
- Yangon Markets: Mingalar Wholesale Market
- National Literary Icon & Guiding Light of Myanmar Literature: Sayar Zaw Gyi (Episode- 2)
- Kayah Style
- Culture Show: Abdication of King Thibaw
- Karaweik Palace- A Symbol Of Glorious Myanma Culture
- Myanmar Traditional Toys
- Grow Back for Posterity "The dawn of development"
- Sticky Shan Snack

အားကစား

# မိတ္ထီလာမြို့နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်မျိုးအောင်အသင်းအနိုင်ရဗိုလ်စွဲ

**မိတ္ထီလာ ဇူလိုင် ၁၄**

မြို့နယ်အားကစားဖွံ့ဖြိုးရေးအစီအစဉ် (TSDP)အရ မိတ္ထီလာမြို့နယ် အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ခရိုင်အားကစားကွင်းပိုးလုံ လေလုံ အားကစားခန်းမ၌ ကျင်းပရာ ချည်စက် (က) အသင်းအား ရန်မျိုးအောင်(က)အသင်းက အနိုင်ရ ဗိုလ်စွဲသွားသည်။



အားကစားဝန်ကြီးဌာနနှင့် ကယ်လ်စီယမ်ကွေကာတို့ပူးပေါင်း၍ မြို့နယ်အားကစားဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင် ၁၃ ရက်မှ ၁၄ ရက် အထိ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ရန်မျိုးအောင်(က)၊ စက်သုံးဆီ၊ ရန်မျိုးအောင်(ခ)၊ ပထဝီဝင်၊ သမိုင်း၊ အောင်ဇေယျာ၊ တက္ကသိုလ်၊ ချည်စက် (က)၊ ချည်စက် (ခ) အသင်း ကိုးသင်းပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကာ ပထမဆုရ ရန်မျိုးအောင် (က)အသင်း၊ ဒုတိယဆုရ ချည်စက် (က)အသင်း တို့အား ဆုဖလားနှင့် ဂုဏ်ပြုဆုတံဆိပ် များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသူရတို့က ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# ကရင်ပြည်နယ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**ဘားအံ ဇူလိုင် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် တက္ကသိုလ်/ကောလိပ်များ အားကစားအဆင့်အတန်းမြင့်မားရေး၊ အားကစားစိတ်ဓာတ်ဖြင့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေး ရည်ရွယ်ကာ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံခြေစစ်ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၃ရက်က အောင်သံလွင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြတ်ညွန့်က တက္ကသိုလ်ဘောလုံးယှဉ်ပြိုင်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြသည်။ ထို့နောက် နည်းပညာတက္ကသိုလ် ဘောလုံးအသင်းနှင့် ကွန်ပျူတာတက္ကသိုလ် ဘောလုံးအသင်းတို့ စတင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ တက္ကသိုလ်/ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ဘားအံတက္ကသိုလ်ဘောလုံးအသင်း၊ နည်းပညာတက္ကသိုလ်ဘောလုံးအသင်း၊ ကွန်ပျူတာတက္ကသိုလ်အသင်း၊ ဘားအံပညာရေးကောလိပ်ဘောလုံးအသင်းများသည် ဇူလိုင် ၁၃ ရက်မှ ဇူလိုင် ၂၀ ရက်အထိ အုပ်စုပတ်လည် ခြေစစ်ပွဲယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အကောင်းဆုံးအားကစားသမားများရွေးချယ်ကာ ဘားအံဒေသတက္ကသိုလ် ဘောလုံးအသင်းကို ဖွဲ့စည်း၍ မော်လမြိုင်၊ ထားဝယ်၊ မြိတ်ဒေသ ဇုန်လေးဇုန် အသင်းလေးသင်း ထပ်မံယှဉ်ပြိုင်ရမည် ဖြစ်သည်။ ယင်းနောက် အကောင်းဆုံးအားကစားသမားများ ဆက်လက်ရွေးချယ်ကာ ရန်ကုန်မြို့တွင် အခြားတိုင်းဒေသကြီး/ပြည်နယ်ဇုန်အလိုက် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မြန်အောင် ဇူလိုင် ၁၄**

မြန်အောင်မြို့နယ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (TSDP) အရ ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းနေရာယူပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲများအားဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကို ရေနံမြေအသင်းနှင့် လယ်/ဆည်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေ၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

■

# ရှဝိန်းစတိုင်ဂါနှင့် ရှနိုက်ဒါလင်အား မန်ယူစာချုပ်ခေါ်ယူ



ပရီမီယာလိဂ်ကလပ်မန်ယူအသင်းသည် ဂျာမနီကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါနှင့် ပြင်သစ်ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်တို့အား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၃၀)အရွယ်ရှိ ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါသည် ဘွန်ဒက်လီဂါ ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၄ ဒသမ ၄ သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ရှနိုက်ဒါလင်မှာမူ ပရီမီယာလိဂ်ပြိုင်ဘက် ဆောက်သမ်တန်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ အသက်(၂၅)နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်သည် မန်ယူအသင်းနှင့် လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ရှဝိန်းစတိုင်ဂါနှင့် ရှနိုက်ဒါလင်တို့ကို ခေါ်ယူခဲ့သည့်အပြင် တိုက်စစ်မှူးဒီပေးနှင့် နောက်ခံလူ ဒါမိန်းတို့ကိုလည်း ခေါ်ယူထားခဲ့ပြီဖြစ်သောကြောင့် အဆိုပါကစားသမားလေးဦးအတွက် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ ဈေးကွက်အတွင်း ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ အထိသုံးစွဲခဲ့ကြောင်း သိရသည်။

ရှဝိန်းစတိုင်ဂါသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း နည်းပြဗန်ဟားလ် ဘိုင်ယန်မြူးနစ်အသင်းကို ကိုင်တွယ်ခဲ့စဉ်က ဗန်ဟားလ်လက်ထက်တွင် ပါဝင်ကစားပေးခဲ့ဖူးကြောင်းလည်း သိရသည်။

ရှဝိန်းစတိုင်ဂါသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၀၂ ခုနှစ်ကတည်းက စတင်ပွဲထွက်ကစားခဲ့သူဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် ပွဲပေါင်း ၅၃၆ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့သည်။

ရှဝိန်းစတိုင်ဂါသည် လက်ရှိတွင် ဒဏ်ရာပြဿနာဖြင့် ကြုံတွေ့နေရသော်လည်း ၎င်း၏ ဒဏ်ရာပြဿနာသည် မန်ယူအသင်းအတွက် ထိခိုက်မှုတစ်စုံတစ်ရာဖြစ်လာလိမ့်မည် မဟုတ်ကြောင်းလည်း ရှဝိန်းစတိုင်ဂါက ပြောကြားခဲ့သည်။

**ငွေကြယ် - စုစည်းသည်**

# စတုတ်စီးတီးဂိုးသမား ဘီဂိုဗစ်အား ချယ်လ်ဆီးအသင်းခေါ်ယူ

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပြိုင်ဘက် စတုတ်စီးတီးအသင်းမှ ဂိုးသမား ဘီဂိုဗစ်အား ပြောင်းရွှေ့ကြေးပေါင် ရှစ်သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။


စတုတ်စီးတီးအသင်းသည် ဘော့စနီးယားကြယ်ပွင့် ဘီဂိုဗစ်အား စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေခြင်းကြောင့် အသင်း၌ ဆက်ကစားစေလိုသော်လည်း လက်ရှိတွင် ချယ်လ်ဆီးအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

“ကျွန်တော့်အနေနဲ့ စတုတ်စီးတီးအသင်းမှာ ဆက်ကစားချင်ပေမယ့် အခုလို ချယ်လ်ဆီးအသင်းကို ပြောင်းလိုက်တာဟာ ကျွန်တော့်အတွက်တော့ ကစားသမားဘဝမှာ အတွေ့အကြုံကောင်းတွေ ရရှိလာမယ့် အခွင့်အရေး တစ်ရပ်ကိုရရှိလာတယ်လို့ပဲ ယူဆပါတယ်”ဟု ဂိုးသမား ဘီဂိုဗစ်က ပြောကြားခဲ့သည်။

ဂိုးသမား ဘီဂိုဗစ်သည် ၂၀၁၀ ခုနှစ်က ပို့စ်မောက်အသင်းမှ စတုတ်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းသည်။ ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်း၏ ဒုတိယမြောက် စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ဂိုးသမား ဘီဂိုဗစ်အား မခေါ်ယူမီ မိုနာကို တိုက်စစ်မှူး ဖယ်လ်ကာအိုအား ခေါ်ယူထားခဲ့ပြီးဖြစ်သည်။

ဂိုးသမား ဘီဂိုဗစ်သည် ချယ်လ်ဆီးအသင်း၏ ပထမဦးစားပေးဂိုးသမားနေရာအတွက် ဂိုးသမား ကော်တွိုက်နှင့် အပြိုင်လုရမည်ဖြစ်ပြီး ချယ်လ်ဆီးအသင်း၏ လက်စွမ်းပြဂိုးသမားဖြစ်သည့် ပီတာဆတ်ချ် ထွက်ခွာသွားခဲ့ပြီဖြစ်သောကြောင့် ကျောနံပါတ်တစ် ဝတ်ဆင်ကစားလိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။

# အေစီမီလန်တိုက်စစ်မှူး အဲလ်ရှာရာဝီအား မိုနာကိုအသင်းခေါ်ယူ



အီတလီတိုက်စစ်မှူး အဲလ်ရှာရာဝီသည် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘောလုံးရာသီကုန်ဆုံးပါက အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုခွင့်ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး အဲလ်ရှာရာဝီသည် ဒဏ်ရာပြဿနာများကြုံတွေ့ခဲ့ရခြင်းကြောင့် အေစီမီလန်ပထမအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ရသူဖြစ်သော်လည်း ဂျီနိုအားအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့လာခဲ့သည့် ၂၀၁၁ ခုနှစ်မှ စတင်ကာ ပြိုင်ပွဲအရပ်ရပ်တွင် အေစီမီလန်အသင်းနှင့်အတူ ပွဲပေါင်း ၁၀၀ ကျော်ပါဝင်ကစားပေးခဲ့ကြောင်းသိရသည်။

“အခုလို မိုနာကိုအသင်းသို့ ပြောင်းရွှေ့ကစားခွင့်ရခဲ့တာဟာ မိုနာကိုအသင်းဥက္ကဋ္ဌရဲ့ ကျေးဇူးကြောင့်ပါ။ အဲဒါကြောင့် မိုနာကိုအသင်းဥက္ကဋ္ဌကိုလည်း ကျေးဇူးတင်ပါတယ်။ မိုနာကိုအသင်းဟာ အသင်းကောင်းတစ်သင်းဖြစ်တဲ့အပြင် မိုနာကိုအသင်း ပရိသတ်အတွက်လည်း အကောင်းဆုံးပေးဆပ်သွားမှာပါ”ဟု တိုက်စစ်မှူး အဲလ်ရှာရာဝီက စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ပြောကြားခဲ့သည်။

တိုက်စစ်မှူး အဲလ်ရှာရာဝီသည် ပြီးခဲ့သည့်ဘောလုံးရာသီက အေစီမီလန်အသင်းနှင့်အတူ စီးရီးအေပွဲစဉ် ၁၄ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး သုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

# သိန္နီတွင် Acetic Anhydride အရည် လီတာ ၂၆၀ နှင့် Acetone အရည် လီတာ ၁၈၈၀ သိမ်းဆည်းရမိ



**နေပြည်တော်  ဇူလိုင် ၁၄**

သိန္နီမြို့နယ် နယ်မြေခံတပ်မှ စယ်အူရွာအနောက်ဘက် စယ်အူ-နမ့်ခိုက်သွားလမ်းတွင် ဇူလိုင် ၁၂ ရက်က မာဖုန်းမောင်းနှင်လာသော မော်တော်ယာဉ်ကို စစ်ဆေးရာ မာဖုန်းနှင့်အတူ Acetic Anhydride အရည်လီတာ ၂၀ ခန့်ပါ ၁၃ ပုံး (လီတာ ၂၆၀)၊ တိုင်ကီ ၁၀ လုံး အတွင်းမှ Acetone အရည် လီတာ ၁၈၈၀ တို့ကို သိမ်းဆည်းရမိသဖြင့် မာဖုန်း (ခ) တားဖုန်း (၁၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

**မာဖုန်း (ခ) တားဖုန်းအား သိမ်းဆည်းရမိ သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော်  ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂)စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ ပူးပေါင်းအဖွဲ့သည် နမ့်ခမ်မှ မန့်ဟောင်းကူးတို့ဆိပ်သို့ ရှင်လွှ ချန့် မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း သုံးကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့ ရပ်ကွက်(၂)နေ သီဟအောင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဘိန်းဖြူ သုည ဒသမ ၀၀၃၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၃ ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေး စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်က ဆီဆိုင်မြို့နယ် ဘန်းယဉ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ထမ်းယမ်း-ပန်အွန်းကျေးရွာသွား ကားလမ်းပေါ်တွင် ထမ်းယမ်းကျေးရွာမှ အငယ်လေးမောင်းနှင်ပြီး တမောင် (ခ) တဖြူလိုက်ပါသည့် ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅ ပြား၊ တမောင်၏ အင်္ကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၇ ပြား၊ ကားဒက်(စ်)ဘုတ်အတွင်းမှ ဘိန်းစိမ်း ၁ ဒသမ ၃၀၆ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ယာဉ်ချင်းရှောင်ရာမှ သုံးဘီးဆိုင်ကယ်တိမ်းမှောက်၊ ခရီးသည်တစ်ဦးသေ၊ ၁၀ ဦး ဒဏ်ရာရ

**နေပြည်တော်  ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ချောင်းဆုံကျေးရွာတွင် ဇူလိုင် ၁၂ ရက်က သုံးဘီးဆိုင်ကယ်ချင်းရှောင်ရာမှ တိမ်းမှောက်မှုဖြစ်ပြီး ခရီးသည်တစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ချောင်းဆုံကျေးရွာတွင် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက မုံရွာ-အမြင့် ကားလမ်းအတိုင်း တောင်မှမြောက်သို့ မုံရွာမြို့နယ် ကူတောပလ္လင်ကျေးရွာနေ ကိုမင်း(၄၅)နှစ် မောင်းနှင်သည့် ၂ဟ/---- သုံးဘီးဆိုင်ကယ်သည် မျက်နှာချင်းဆိုင်မှ သုံးဘီးဆိုင်ကယ်အား ရှောင်စဉ် အရှိန်မထိန်းနိုင်ဘဲ တာရိုးပေါ်မှ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် မုံရွာမြို့နယ် မုံရွေးကျေးရွာနေ မသွယ်သွယ်စိုး (၆)နှစ်တွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး မရီမြင့်(၃၈)နှစ်ပါ ၁၀ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကိုမင်းအား မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

**မူးယစ်ကင်းစင် အောင်ပွဲဆင်**

# ညောင်လေးပင်၌ မိုးကြိုးပစ်၍လူတစ်ဦးသေဆုံး

**ညောင်လေးပင်  ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ဇူလိုင် ၁၃ရက် ညနေ ၅နာရီ ၁၅မိနစ်က ညောင်လေးပင်မြို့နယ် ကျူချောင်းအလယ်စုရွာ၏ တောင်ဘက် သုံးဖာလုံခန့်အကွာ ကွင်းအမှတ်(၂၀၂)လယ်ထဲတွင် အောင်သူ(၄၅)နှစ်နှင့် ရဲဝင်းစိုး(၂၈)နှစ် ကျူချောင်းရွာ အလယ်စုနေသူတို့နှစ်ဦးမှာ ပျိုးနုတ်စဉ် မိုးကြိုးပစ်ခံရ၍ အောင်သူမှာ သတိလစ်သွားပြီး ရဲဝင်းစိုးမှာ နားသွေးထွက်ဒဏ်ရာ၊ လည်ပင်းညိုမည်းဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

**(၆၉၂)**

# ဆိုင်ကယ်နှင့် မှန်လုံယာဉ်တိုက်မိ၊ တစ်ဦးသေဆုံး

**ကျောင်းကုန်း  ဇူလိုင် ၁၄**

ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု စာဖြူစုကျေးရွာ ရန်ကုန်- ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၆၇/၂)နှင့် (၆၇/၃)ကြား၌ ဇူလိုင် ၁၃ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ် (၆၇/၂)နှင့် (၆၇/၃) ကြား၌ ဇူလိုင် ၁၃ ရက် ညနေ ၅ နာရီခွဲက ကျောင်းကုန်းမှ ရန်ကုန်သို့ ဦးသပြေမောင်းနှင်ပြီး ဦးကျော်ဝင်း (၄၂)နှစ် ငှက်ရိုးရွာ ကွင်းကြီးကျေးရွာအုပ်စုနေသူ လိုက်ပါသည့် ဆိုင်ကယ်နှင့် ရန်ကုန်မှ ပုသိမ်သို့ ဦးလှချစ် (၅၆) နှစ် ကင်မလင်းကျွန်း ပုသိမ်မြို့နေသူ မောင်းနှင်သည့် ခရီးသည်တင် မှန်လုံယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိပြီး ဆိုင်ကယ်နောက်မှစီးသူ ဦးကျော်ဝင်းတွင် ယာလက်မောင်းပွန်းပဲ့ ဒဏ်ရာ၊ ယာလက်ပွန်းပဲ့ဒဏ်ရာများရရှိပြီး ကျောင်းကုန်းဆေးရုံသို့ ပို့ဆောင်စဉ် လမ်းတွင်သေဆုံးခဲ့သဖြင့် ဦးသပြေနှင့် ဦးလှချစ်တို့နှစ်ဦးအား ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးများနှင့် ဆိုင်ကယ်တစ်စီး သိမ်းဆည်းရမိ

**မိုးညှင်း  ဇူလိုင် ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်း ရဲစခန်းပိုင်နယ်မြေတွင် ဇူလိုင်၁၃ရက်က ဆိုင်ကယ်တစ်စီးနှင့်အတူ မူးယစ်ဆေးဝါးများ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယင်းနေ့ နံနက် ၁၁နာရီ ၄၅ မိနစ်ခန့်က မိုးညှင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ခိုင်လွင်နှင့် တပ်ဖွဲ့ဝင်များသည် မိုးညှင်းမြို့ အုပ်ကျင်းရပ်ကွက် ရှမ်းသင်္ချိုင်းအနီးတွင် မူးယစ်ဆေးဝါးသုံးစွဲနေကြောင်း သတင်းအရသွားရောက်စစ်ဆေးရာ ကာဒူရွာမှ မိုးညှင်းသို့ အမျိုးသားတစ်ဦး ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ကျောပိုးအိတ်တစ်လုံး ကျကျန်ခဲ့ပြီး သင်္ချိုင်းနှင့်တစ်မိုင်ခန့်အကွာ လယ်တဲတွင် ဆိုင်ကယ်အားထားပြီး ၎င်းမှာ တောထဲသို့ထွက်ပြေးသွားသည်။

အဆိုပါကျောပိုးအိတ်အား ရှာဖွေရာ ဆပ်ပြာခွက် ၁၁ ခွက်အတွင်းမှ ဘိန်းဖြူ အဝါရောင်အမှုန့် အလေးချိန် ၁၃၂ ဂရမ်ခန့်နှင့် ကျန်တစ်ထုပ်အတွင်းရှိ ဆပ်ပြာခွက် ၁၁ ခွက်အတွင်းမှ ဘိန်းဖြူ အဝါရောင်အမှုန့် အလေးချိန် ၁၃၉ ဂရမ်ခန့် စုစုပေါင်း ၂၇၁ ဂရမ်ခန့်ကို တွေ့ရှိသိမ်းဆည်းခဲ့ပြီး မိုးညှင်းမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၅၈)**









ဆောင်းပါး

# ဆေးပညာသတင်းဆန်းများ(၁၀၂)

**à ဒေါက်တာကံညွန့်**

ယခုဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ကမ္ဘာမှာလူပေါင်းသန်း ၅၀၀၀ ဟာ လုံခြုံစိတ်ချရတဲ့ ခွဲစိတ်ကုသမှုကို မခံကြရဘူးဆိုတဲ့ လေ့လာထားချက်တစ်ခုအကြောင်းပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Standford တက္ကသိုလ်က ဆေးပညာရှစ်တစ်စုလေ့လာခဲ့ကြတာပါ။ သူတို့အဆိုအရ Hernia ac: tlusa&m*g Hydro-coele ခေါ် ဝှေးစေ့ရောင်ရောဂါ၊ Appendicitis ခေါ် အူအတက်ရောင်ရောဂါ၊ Intestinal obstruciton ခေါ် အူလမ်းကြောင်းပိတ်ရောဂါ၊ L.S.C.S ခေါ် ကလေးခွဲစိတ်မွေးဖွားခြင်းစတဲ့ အခြေခံတတ်ထားရမယ့် ခွဲစိတ်မှုတွေကို လူတွေ စိတ်ချစွာ၊ ယုံကြည်စွာခွဲစိတ်မခံကြရဘူးလို့ဆိုပါတယ်။ ဒီခွဲစိတ်မှုတွေဟာ အခြေခံအကျဆုံးဆေးရုံငယ်လေးတွေမှာ မလုပ်နိုင်ကြဘူးလို့ဆိုပါတယ်။ ဒီခွဲစိတ်မှုတွေကို ကောင်းမွန်စွာမခံကြရလို့ သေဆုံးနေရတဲ့ လူနာအရေအတွက်ဟာ တစ်ကမ္ဘာလုံးသေဆုံးသူအားလုံးရဲ့ သုံးပုံတစ်ပုံခန့်ရှိတယ်။

ဒီအရေအတွက်ဟာ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးရတဲ့ အရေအတွက်ထက် ပိုများနေတယ်လို့ဆိုပါတယ်။ ဒီခွဲစိတ်မှုတွေ လုံခြုံစိတ်ချရအောင် ဆောင်ရွက်ရေးဟာ ငွေအင်အားစိုက်ထုတ်ပေးလိုက်တာနဲ့ (တီဘီရောဂါ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးတွေလို) အလျင်အမြန် အဆင်ပြေသွားနိုင်မှာမဟုတ်ဘဲ ငွေအင်အား၊ လူအင်အား၊ အချိန်စသည်ဖြင့် လိုအပ်မယ်လို့လည်းဆိုပါတယ်။ တတ်ကျွမ်းတဲ့ ခွဲစိတ်ဆရာဝန်တွေ မွေးထုတ်ပေးဖို့၊ တတ်ကျွမ်းတဲ့မေ့ဆေးဆရာဝန်တွေ မွေးထုတ်ပေးဖို့နှင့် ဆေးပစ္စည်းကိရိယာ၊ ဆေးဝါးပစ္စည်းလုံလောက်စွာထားရှိနိုင်ဖို့ လိုအပ်တယ်လို့ဆိုပါတယ်။ သူတို့ခန့်မှန်းချေအရ ကမ္ဘာတစ်ဝန်းလုံးမှာ စိတ်ချယုံကြည်ရတဲ့ ခွဲစိတ်ကုသမှုမျိုး လူသားအားလုံးခံယူနိုင်ဖို့အမေရိကန်ဒေါ်လာ သန်းပေါင်း ၃ သိန်းကနေ ၄ သိန်းထိ သုံးစွဲမှုပြုရလိမ့်မယ်။ ဒါအတွက် တစ်ဒေါ်လာရင်းနှီးမြှုပ်နှံတိုင်း လူသားအတွက် လေးဒေါ်လာဖိုးအကျိုးရရှိလိမ့်မယ်။ ခွဲစိတ်ကုသကျွမ်းကျင်တဲ့ ဆရာဝန်တွေမွေးထုတ်ဖို့ နိုင်ငံတိုင်းက အစိုးရတွေ အမြန်ဆောင်ရွက်သင့်တယ်လို့ အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ယောကျ်ားတွေအတွက် ပဋိသန္ဓေတားဆေးတစ်ခုကို ၂၀၁၇ ခုနှစ်မှာ အသုံးပြုနိုင်တော့မယ်ဆိုတဲ့သတင်းပါ။ လောလောဆယ်မှာ ကိုယ်ဝန်မရနိုင်အောင် အမျိုးသားတွေဟာ Condom သုံးရင်းသုံး မသုံးရင် Vasectomy ခေါ်တဲ့ သားကြောဖြတ်တာလုပ်ရင်လုပ် တစ်ခုခုကို သုံးနေကြရတာပါ။ အခုတော့ အမေရိကန်နိုင်ငံအခြေပြုအဖွဲ့တစ်ခုဖြစ်တဲ့ Parsemus Foundation က ဒီထိုးဆေးကို ၂၀၁၇ ခုနှစ်မှာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်တော့မယ်လို့ ဆိုပါတယ်။ ဒီဆေးနာမည်ကတော့ Vasalgel လို့အမည်ပေးထားပါတယ်။ ဒီဆေးဟာ ဝှေးစေ့အပေါ်နားမှာရှိတဲ့ Vasdeferens ခေါ်တဲ့ မျိုးဥ (Sperm) လာရာလမ်းကြောင်းမှာ ထိုးထားရတာဖြစ်ပြီး တစ်ခါထိုးထားရင် ခြောက်လခံတယ်လို့ဆိုပါတယ်။ ခြောက်လမစောင့်ချင်ဘဲ တစ်လတည်းနဲ့ကလေးပြန်ရချင်တယ်ဆိုရင်လည်း ဒီ Gel ကို အရည်ပျော်တဲ့ဆေးတစ်ခုကို ပြန်ထိုးပေးလိုက်တာနဲ့ ကလေးပြန်ရနိုင်တယ်လို့ ဆိုပါတယ်။ ဒီဆေးပေါ်လာတာဟာ အမျိုးသမီးတွေအတွက် သားကြောဖြတ်ခြင်း၊ သားအိမ်ထဲကို IUD ခေါ်တဲ့ ပစ္စည်းလေးထည့်ရခြင်း၊ သုံးလခံဆေးထိုးရခြင်း၊ လစဉ်ဆေးစားနေရခြင်းက သက်သာစေလိမ့်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ ကင်ဆာကာကွယ်ဆေး (Cancer Vaccine) တစ်ခုကို ဖော်ထုတ်စမ်းသပ်နေပြီဆိုတဲ့သတင်းပါ။ ဒီဆေးကို အမေရိကန်နိုင်ငံမှ ဆေးသုတေသနပညာရှင်တွေက တီထွင်ပြီး Micro Vax ကုမ္ပဏီက ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီဆေးဟာ အဖြစ်များတဲ့ ကင်ဆာတွေဖြစ်တဲ့ အူမကြီးကင်ဆာ၊ ရင်သားကင်ဆာနှင့် မျိုးဥကင်ဆာ (Ovarian Cancer) တို့အတွက်ဖြစ်ပါတယ်။ ဒီကာကွယ်ဆေးဟာ လူ့ကိုယ်ခံအားကို မြှင့်တင်ပေးပြီး ဖြစ်စကင်ဆာကို တိုက်ဖျက်ဖို့နှင့်ကင်ဆာမဖြစ်သေးသူတွေမှာလည်း ကင်ဆာမဖြစ်အောင်ကာကွယ်ပေးဖို့ဖြစ်ပါတယ်။ ဒီကာကွယ်ဆေးဟာ ကိုယ်ခံအားကို မြှင့်စေပြီး ကင်ဆာဖြစ်စေတဲ့ Protein တစ်မျိုးဖြစ်တဲ့ MUC ကို တိုက်ခိုက်နိုင်အောင် ပြုလုပ်ထားတာဖြစ်ပါတယ်။ ယခုအခါ ဒီဆေးကို လူလေးဦးကို National Cancer Centre of Singapore မှာ ပမာဏစမ်းသပ်တာအောင်မြင်ပြီး နောက်လူအယောက် ၂၀ ကို ထပ်မံစမ်းသပ်ဦးမယ်လို့ ဆိုပါတယ်။ ဒီကာကွယ်စမ်းသပ်မှုဟာ ယင်းလူအယောက် ၂၀ မှာပါ အောင်မြင်ရင်တော့ လူသားအားလုံးအတွက် ကင်ဆာကာကွယ်ဆေး ထိုးဆေးတစ်ခုအဖြစ် အားကိုးနိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ NASA အဖွဲ့ကြီးက သိပ္ပံပညာရှင်တွေဟာ University of California,Los Angeles ကဆေးပညာရှင်တွေနဲ့ ပူးပေါင်းပြီး အာကာသထဲမှာ လေ့လာမှုတစ်ခု ပြုလုပ်နေတယ်ဆိုတဲ့သတင်းပါ။ ဒီလေ့လာမှုကတော့ ကြွက်သားကြီးထွားမှုနှင့် Osteoporosis ခေါ်တဲ့ အရိုးပွရောဂါတွေအပေါ် မြေကြီးရဲ့ဆွဲငင်အား Gravity က ဘယ်လိုအကျိုးသက်ရောက်မှုရှိသလဲဆိုတာ စမ်းသပ်ဖို့ပဲဖြစ်ပါတယ်။ ဒါကိုပြုလုပ်ဖို့ ISS(Internation Space Station) လို့ခေါ်တဲ့ နိုင်ငံတကာအာကာသလေ့လာရေးယာဉ်အပေါ်မှာပါသွားတဲ့ ဓာတ်ခွဲခန်း Space X Dragon ထဲမှာ အရွယ်အမျိုးမျိုး ကြွက်အကောင် ၄၀ ကို ထည့်ယူသွားခဲ့တာပါ။ အရိုးကြီးထွားမှုကိုဖြစ်စေတဲ့ NELL-1 လို့အမည်ပေးထားတဲ့ Molecule ဟာ အရိုးကြီးထွားမှု၊ အရိုး Degeneraiton ရောဂါတစ်ခုဖြစ်တဲ့ အရိုးပွရောဂါကာကွယ်နိုင်မှု ဘယ်လောက်ရှိသလဲဆိုတာ တစ်ပါတည်းစမ်းသပ်ကြမှာဖြစ်ပါတယ်။ ဒီစမ်းသပ်မှုရဲ့အဖြေဟာ လူတွေရဲ့ အရိုးကြီးထွားမှုနှင့် အရိုးပွရောဂါကာကွယ်ရေးမှာ အထူးအကျိုးသက်ရောက်တဲ့ဆေးဖြစ်ပေါ်လာဖို့ အထောက်အကူပြုလိမ့်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ဆေးလိပ်သောက်တာဟာ ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေတာ လူတိုင်းအသိပါ။ ဆေးလိပ်သောက်သူနဲ့အတူနေတဲ့သူတွေဟာလည်း ဆေးလိပ်ငွေ့ရှူရှိုက်နေရတာကြောင့် ဆေးလိပ်သောက်သူနီးပါး ရောဂါတွေဖြစ်နိုင်တာကိုလည်း သိထားကြပြီးဖြစ်ပါတယ်။ ယခုတင်ပြမယ့်သတင်းက ဆေးလိပ်ငွေ့ရှူရှိုက်ရတာ မဟုတ်ဘဲ ဆေးလိပ်ကိုငုံထားသူတွေ၊ ဆေးရွက်ကို ပါးစပ်ထဲငုံထားသူတွေမှာလည်း ကင်ဆာရောဂါဖြစ်နိုင်ကြောင်း လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ US Center of Disease Controll and Prevention နှင့် National Cancer Institute တို့ ပူးပေါင်းပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့အခေါ် ဒီ Smokeless Tobacco အငွေ့မထွက်တဲ့ ဆေးလိပ်သုံးစွဲမှုဟာ အရှေ့တောင်အာရှနိုင်ငံတွေမှာ ပိုများတယ်လို့ဆိုပါတယ်။ တစ်ကမ္ဘာလုံး သုံးစွဲသူတွေရဲ့ ၈၉ ရာခိုင်နှုန်းဟာ ဒီဒေသမှာရှိတယ်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ္စတန်နိုင်ငံတွေမှာ ပိုများတယ်လို့ဆိုပါတယ်။ ဒီလိုသုံးစွဲသူတွေမှာ ခံတွင်းကင်ဆာ (Oral Cancer)၊ အစာအိမ်အပေါ်ပိုင်းကင်ဆာ (Oesophageal Cancer)နဲ့ ပန်ကရိယကင်ဆာတို့ အဖြစ်များတယ်လို့ဆိုပါတယ်။ လောလောဆယ်မှာ အရှေ့တောင်အာရှက ဒီနိုင်ငံတွေမှာ ခံတွင်းကင်ဆာဖြစ်နှုန်းဟာ အများဆုံးဖြစ်နေပြီး သုံးစွဲသူအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းဟာ ဒီဝေဒနာကိုခံစားနေရတယ်လို့ဆိုပါတယ်။ ဒီဆေးငုံထားတာဟာ ဆေးလိပ်သောက်သလိုပဲ ပဋိသန္ဓေပျက်ကျခြင်း၊ ကလေးလမစေ့ပဲမွေးဖွားခြင်း၊ ကလေးပေါင်မပြည့်ပဲမွေးခြင်း စတာတွေကိုလည်းဖြစ်ပေါ်စေတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဆေးလိပ်သောက်တာအပြင် ဆေးလိပ်ငုံတဲ့အလေ့ကိုလည်း ဖျောက်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

အမေရိကန်နိုင်ငံဟာ အဘက်ဘက်က ခေတ်မီတိုးတက်နေတဲ့နိုင်ငံတစ်ခုပါ။ ကျန်းမာရေးစောင့်ရှောက်မှုမှာလည်း တိုးတက်နေတဲ့ထိပ်တန်းက နိုင်ငံတွေထဲမှာတစ်ခုပါ။ ဒါပေမယ့် အရွယ်ရောက်ပြီး အသက် ၆၀ ဝန်းကျင် ယောကျ်ားတွေဟာ နှလုံးသွေးကြောရောဂါနဲ့ သေဆုံးနေရတာလည်း အများဆုံးနိုင်ငံတစ်ခုပါ။ အမျိုးသားလေးဦး သေဆုံးတိုင်းတစ်ဦးဟာ နှလုံးသွေးကြောရောဂါကြောင့်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံရဲ့ နှလုံးရောဂါနဲ့ပတ်သက်တဲ့ ကုန်ကျစရိတ်ဟာ နှစ်စဉ် ၄၄၄ ဘီလီယံဒေါ်လာရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် နှလုံးသွေးကြောရောဂါကာကွယ်နိုင်ဖို့ လေ့လာမှုတွေကို ပိုလုပ်ခဲ့ကြပါတယ်။ သူတို့အဆိုအရ အရွယ်ရောက်သူ အမျိုးသားထက်ဝက်ကျော်ဟာ Aspirin ဆေးပြားကို နှလုံးရောဂါကာကွယ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ စားသုံးနေကြတယ်လို့ ဆိုပါတယ်။ American Journal of Preventive Medicine မှာ ဖော်ပြထားတာကတော့ ဒီလိုစားသုံးနေတာကို သူတို့အကြံမပြုလိုဘူးလို့ဆိုပါတယ်။ ဒီဆေးပြားဟာ အစာအိမ်အနာရှိသူတွေ သွေးယိုတတ်တာကြောင့်ဖြစ်ပြီး ဒီဆေးစားမယ့်အစား ကိုယ်လက်လေ့ကျင့်ခန်းနဲ့ ကျန်းမာရေးနှင့်ညီညွတ်တဲ့ အစားအစာတွေကိုသာ စားသုံးသင့်တယ်လို့ အကြံပြုထားပါတယ်။ နှလုံးရောဂါကာကွယ်ရေးအတွက် အမေရိကန်သုတေသီတွေရဲ့ လေ့လာထားချက်တွေကို စုပေါင်းဖော်ပြထားတဲ့ အချက် (၆) ချက်ကို အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

(၁) တစ်နေ့မှာ (၂)နာရီထက်ပိုပြီး TV ထိုင်မကြည့်ဖို့။

(၂) တစ်ယောက်တည်းမနေဘဲ အဖော်တစ်ဦးဦးနဲ့နေဖို့။ အဖော်မရှိရင် ကြောင် (သို့မဟုတ်) ခွေးလို တိရစ္ဆာန်တစ်ကောင်ဖြစ်ဖြစ် မွေးထားဖို့။

(၃) တစ်နေ့မှာ နာရီဝက် ကိုယ်ကြိုက်တဲ့တေးသံကို နားထောင်ဖို့။

(၄) နေ့စဉ် ကိုယ်စားတဲ့အစာထဲမှာ မုန်လာဉ၊ အာလူးနဲ့ မြေပဲဆံလို အစေ့အဆံ တစ်ခုခုပါအောင်စားဖို့။

(၅) မိမိဟာအိပ်ရင် ဟောက်တတ်ပါက သက်ဆိုင်ရာဆရာဝန်နဲ့ တိုင်ပင်ပြီး မဟောက်အောင်လေ့ကျင့် နေထိုင်ဖို့။

(၆) စိတ်ဖိစီးမှုကို တတ်နိုင်သလောက် ရှောင်ရှားပြီး ကိုယ်စိတ်သက်သာစွာနေထိုင်ဖို့၊ ဖြစ်နိုင်ရင် တရားထိုင်ခြင်း၊ ယောဂကျင့်ခြင်းလုပ်ဖို့ဖြစ်ပါတယ်။

ဒါတွေအတိုင်းကျင့်ကြံနေထိုင်ကြည့်မယ်ဆိုရင် နှလုံးရောဂါဖြစ်ခြင်းက အတော်အတန် ကာကွယ်နိုင်မယ်လို့ အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။ ။

# ရှောင်မှပိန္နဲသီးများ မန္တလေးမြို့ရှိ လမ်းဘေးသစ်သီးဆိုင်များသို့ တိုက်ရိုက်ဖြန့်ချိ

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးမြို့နှင့်အနီးတစ်ဝိုက် လမ်းဘေးသစ်သီးဆိုင်များတွင် များပြားစွာတင်ပို့ရောင်းချသည့် ပိန္နဲသီးများကို ရှမ်းပြည်နယ်တောင်ပိုင်း ရှောင်ဒေသမှ ကားများဖြင့် တိုက်ရိုက်ဖြန့်ချိလာကြောင်း သိရသည်။

လက်ရှိကာလတွင် ကားများဖြင့်စုပေါင်း ဝယ်ယူသယ်ဆောင်လာကာ သစ်သီးဆိုင်များသို့ တိုက်ရိုက်ဖြန့်ချိမှုပြုလုပ်လာခြင်းဖြစ်ပြီး ဆက်သွယ်ရေးကောင်းမွန်လာခြင်းအကျိုးကြောင့် ကုန်စည်များကို စားသုံးသူထံ တိုက်ရိုက်ဖြန့်ချိသည့်စနစ်ကို အသုံးပြုလျက်ရှိကြောင်း သစ်သီးဆိုင်ရှင်များက ပြောပြသည်။

မန္တလေးမြို့တွင် နာနတ်သီးနှင့်အပြိုင် ပိန္နဲသီးများ လှိုင်လှိုင်ရောင်းချလျက်ရှိပြီး ယခုနှစ်တွင် ပိန္နဲသီးများ မန္တလေးအနီးတွင် ပေါလာကြောင်း သိရသည်။

ယခုနှစ် နာနတ်သီးနှင့်အပြိုင် လှိုင်လှိုင်ပေါ်လာသော ပိန္နဲသီးအကြီးတစ်လုံးလျှင် ငွေကျပ် ၃၀၀၀ မှ ကျပ် ၅၀၀၀ အထိပေးရကာ အလုံးသေးများကိုမူ ငွေကျပ် ၁၀၀၀ မှ ၂၀၀၀အထိရောင်းချသည်။

အဆိုပါပိန္နဲသီးပင်များသည် သီးသန့်ပိန္နဲခြံအဖြစ် စိုက်ပျိုးထားခြင်းမရှိဘဲ သီးညှပ်အဖြစ် သရက်ခြံများအတွင်းနှင့် အိမ်ဝိုင်းများတွင် စိုက်ပျိုးလေ့ရှိကြပြီး ပိန္နဲသီးသည် ပင်စည်မှစကာသီးသည့် အပင်အမျိုးအစားဖြစ်သည်။

ပိန္နဲသီးတစ်လုံး အသုံးအထွေထွေဆိုသကဲ့သို့ မရင့်မှည့်မီ ကြွေကျသွားသည့်ပိန္နဲသီးနုများသည်ပင် ဟင်းချက်စား၍ရပြီး ပိန္နဲသီးဟင်းသည် စား၍ကောင်းလှသည်။

ပိန္နဲသီးတွင် အပျော့သီးနှင့် အမာသီး ဒေသခေါ် (အကြွတ်သီးနှင့် အပျော့သီး) ဟူ၍ နှစ်မျိုးရှိသည်။ အကြွတ်သီးမှာ စေးကပ်ခြင်းမရှိဘဲ စားကောင်းလှသည်။ အပျော့သီးမှာ အနည်းငယ်ပျော့၍ အစေးပေတတ်သည်။



ပိန္နဲသီးရင့်မှည့်ခါနီးတွင် အပင်မှခူးဆွတ်ပြီး အညှာမှစကာ ဝါးသပ်ရိုက်သွင်းရသည်။ ပိန္နဲမှည့်လာပါက ဓားဖြင့်ခွဲကာ ဆီနှင့်လက်ကိုသုတ်၍ အစေ့အိမ်မှ ပိန္နဲသီးအဆံကို ခွာယူရသည်။

ပိန္နဲသီးအကြီးအသေးပေါ်မူတည်၍ ပိန္နဲဆံအနည်းအများ ကွာခြားတတ်သည်။ ပိန္နဲဆံမှအသားကိုစားပြီးသည်နှင့် အစေ့အားပြုတ်၍စားရပေသည်။ ပိန္နဲတစ်ပင်လျှင် ပင်စည်မှစသီးကာ အသီးအောင်ပါက တစ်ပင်လျှင် သုံးဆယ်မှ ငါးဆယ်အထိ သီးတတ်သည်။ **တိမ်တမန်**

# ပန်းတနော်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများသို့ စတုတ္ထအကြိမ် ပံ့ပိုးငွေထုတ်ချေး

**ပန်းတနော်၊ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့ အနောက်ပိုင်းရပ်ကွက် ယွန်းကျောင်းပရိယတ္တိစာသင်တိုက် ယွန်းသိရီမင်္ဂလာဓမ္မာရုံတွင် ပန်းတနော်မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများမှ အသင်းသားများအား စတုတ္ထအကြိမ် ပံ့ပိုးချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆင်းရဲနွမ်းပါးမှု လျော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် သမဝါယမစနစ်ဖြင့်ကူညီ ပံ့ပိုးပေးခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားအဖြစ် ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း ၁၃၇ သင်းမှ အသင်းသား ၈၄၀၄ ဦး၊ မွေးမြူရေးနှင့်အထွေထွေလုပ်ငန်း ၁၁၈ သင်းမှအသင်းသား ၇၇၄၂ ဦး၊ ကျပ်တစ်သိန်းမှ နှစ်သိန်းအထိ အဆင့်တိုးမြှင့်ထုတ်ချေးပေးသည့် စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်း လေးသင်းမှ အသင်းသား ၁၄၃ ဦးအတွက် Exim Bank ချေးငွေစုစုပေါင်း ကျပ် ၁၅၄၄၆ သိန်းနှင့် Hire Purchase အငှားဝယ်စနစ်ဖြင့် စက်ကိရိယာဝယ်ယူထားသည့် အသင်း ၄၇ သင်းမှ အသင်းသား ၉၃ ဦး Daedong လယ်ယာသုံးစက်ကိရိယာဆက်စပ်ဝယ်ယူထားသော စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားသုံးဦးအတွက် စုစုပေါင်းလိုအပ်သည့်ချေးငွေ ကျပ် ၇၂၇ ဒသမ ၇ သိန်းတို့အား တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အခြေခံသမဝါယမအသင်းမှ အသင်းသူ၊ အသင်းသား ၆၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခင်မောင်ဇော်မြင့်**

# တက်တူးထိုးခြင်းကို လူငယ်ထုများကြား ကျယ်ပြန့်စွာ လုပ်ဆောင်လာ



**မကွေး ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီးအတွင်း လူငယ်များအကြားတွင် တက်တူးထိုးသူများနှင့် တက်တူးထိုးခြင်းလုပ်ငန်းများမှာ ကျယ်ပြန့်စွာလုပ်ဆောင်လာနေကြကြောင်း ဒေသခံများက ပြောသည်။

ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာပြီး အင်တာနက်၊ လူမှုကွန်ရက်များမှ ယဉ်ကျေးမှုကူးလူးပျံ့နှံ့မှု လျင်မြန်လာသော ယနေ့ခေတ်တွင် လူငယ်များ၏ ဆံပင်၊ ခြေသည်း၊ လက်သည်းအလှဆင်ခြင်းနှင့် အရေပြားအလှဆင်ခြင်းဖြစ်သော တက်တူးထိုးခြင်းကို ထမင်းစားရေသောက် ပေါ့ပေါ့တန်တန်ပြုမူလာကြသည်။

အောင်မြင်ကျော်ကြားသော ပြည်တွင်းပြည်ပ အဆိုတော်၊ သရုပ်ဆောင်၊ အနုပညာရှင်အချို့၏ တက်တူးထိုးခြင်းများကို လူငယ်များအားကျစွဲလမ်း၍ ယဉ်ကျေးမှုတစ်ရပ်အသွင် ကျင့်သုံးလာခြင်းဖြစ်ကြောင်း မကွေးမြို့ခံ စာရေးဆရာတစ်ဦးက တက်တူးထိုးခြင်းနှင့်ပတ်သက်၍ သုံးသပ်ပြောပြသည်။

“အခုနောက်ပိုင်း ရန်ကုန်၊ မန္တလေးကလူငယ်တွေလိုပဲ မကွေးကလူငယ်တွေလည်း တက်တူးထိုးတဲ့ဓလေ့ကို တွင်တွင်ကျယ်ကျယ် ကျင့်သုံးလာကြတယ်။ အမျိုးသားတွေက လည်ကုပ်၊ လက်မောင်း၊ လက်ကောက်ဝတ်တွေကအစ တစ်ကိုယ်လုံးထိုးကြတယ်။ အမျိုးသမီးတွေက လက်ဖနောင့်၊ နောက်ကျော၊ အထက်ကုတ်ပိုးနဲ့ ခြေသလုံးတွေမှာ အများဆုံးထိုးတယ်။ အမျိုးသမီးတွေအနေနဲ့ တက်တူးထိုးပြီး မြန်မာဆန်ဆန်ဝတ်စားရင် ကြည့်မကောင်းသလို အမျိုးသားတွေအနေနဲ့လည်း သက်န်းစီးရဟန်းဝတ်တဲ့အခါ အကြည့်ရဆိုးတယ်။ တက်တူးထိုးတာမှာ အဆင်မသင့်ရင် ရောဂါပိုးဝင်ပြီး အရေပြားကင်ဆာတွေဘာတွေ ဖြစ်နိုင်တယ်။ ရှေးတုန်းက ဆေးမင်ကြောင်ထိုးတာကိုတောင် သေချာစဉ်းစားဆုံးဖြတ်ပြီးထိုးဖို့ကို စာဆိုတွေတောင်ထားခဲ့တာတွေရှိတယ်” ဟု မြို့ခံတစ်ဦးက ပြောသည်။

မကွေးမြို့တွင် တက်တူးထိုးခြင်းကို စီးပွားဖြစ်အနေဖြင့် ဆိုင်ဖွင့်လုပ်ကိုင်နေသူများလည်းရှိကာ တက်တူးထိုးသူအများစုမှာ ကျောင်းသားလူငယ်များဖြစ်ကြောင်း ဒေသခံ တက်တူးပန်းချီပညာရှင်တစ်ဦးက ပြောပြသည်။

“တက်တူးထိုးတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်းမတူကြဘူး။ တချို့က အရိုးခေါင်းပုံတွေ၊ နဂါးပုံတွေကြိုက်ပေမယ့် တချို့က နှင်းဆီ၊ ကနုတ်နဲ့ စာလုံးပုံတွေကြိုက်တယ်။ အမျိုးသမီးတွေကတော့ ဖန်စီဒီဇိုင်းပန်းကနုတ်လေးတွေနဲ့ အရုပ်ပုံလေးတွေ၊ စာလုံးပုံတွေကြိုက်တယ်။ အခုတလော ‘ကျွန်မကနှင်းဆီပါမောင်’ ဇာတ်ကား ခေတ်စားလာတော့ ပန်းရောင်နှင်းဆီပုံတွေလည်း ထိုးကြတာပဲ။ ကျွန်တော်တို့က တက်တူးထိုးတဲ့အခါ ကျန်းမာရေးအရ လက်အိတ်တွေစွပ်ပြီးထိုးတယ်။တက်တူးဆေးကို ဂျာမနီဆေး၊ ဂျပန်ဆေး၊ အမေရိကန်ဆေး အမျိုးမျိုးသုံးတယ်။ ဈေးနှုန်းကတော့ ဆေးအမျိုးအစားနဲ့ ထိုးရမယ့်ရုပ်ပုံ၊ စာလုံးအပေါ် မူတည်ပြီး အနည်းဆုံး ငွေကျပ်တစ်သောင်းကနေ တစ်သိန်းကျော်အထိယူတယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။

တက်တူးထိုးခြင်းသည် သူတစ်ပါးကိုထိခိုက်နစ်နာသောကိစ္စမဟုတ်သဖြင့် လက်ခံသူများလည်းရှိသလို ကျန်းမာရေးရှုထောင့်၊ လူမြင်မသင့်လျော်သော လူမှုရေးရှုထောင့်များမှကြည့်လျှင် မိမိကိုယ်တိုင် ထိခိုက်နိုင်သောကိစ္စဖြစ်သောကြောင့် မနှစ်မြို့၊ အားမပေးသူများလည်း ရှိသည်။

တက်တူးထိုးခြင်းကို လူကြီးမိဘအများစုက ပြင်းထန်စွာ ဝိုင်းဝန်းတားမြစ်မှုများရှိသော်လည်း ယခုအခါ တက်တူးထိုးခြင်းကို လူငယ်များကြားမထူးဆန်းသည့်ကိစ္စတစ်ရပ်အနေဖြင့် ရှုမြင်လျက်ရှိသည်။

**ကျော်စွာ(မကွေး)**

## လှိုင်သာယာရှိ ရပ်ကွက် ၂၀ ၏ အမှိုက်များအား ၄၀ ကုဗမီတာ အမှိုက်ပုံးများဖြည့်ဆည်း၍သန့်ရှင်းရေးလုပ်



**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရပ်ကွက်ကြီး ၂၀ အတွင်းရှိ စားကြွင်းစားကျန်၊ ခြံထွက်အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရန် အုတ်ကန် ၄၆ ကန်၊ ၆၆၀ လီတာနှင့် ၂၄၀ လီတာ အမှိုက်ပုံး ၁၂၂ ပုံး၊ ၄၀ ကုဗမီတာ အမှိုက်ပုံးငါးပုံးတို့ကို ထားရှိဆောင်ရွက်ပေးထားခဲ့ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတာဝန်ခံ ဦးဟန်မျိုးလှိုင်က ပြောသည်။

အဆိုပါ စွန့်ပစ်အမှိုက်မျိုးစုံတို့အား အမှိုက်သိမ်းယာဉ် ၁၀ စီးဖြင့် ဝန်ထမ်းအင်အား ၁၅၀ ခန့်တို့က နေ့ဆိုင်း၊ ညဆိုင်းတာဝန်ခွဲဝေကာ အချိန်ကာလသတ်မှတ်၍ အလှည့်ကျ ရှင်းလင်းသိမ်းဆည်းပေးလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

“ရပ်ကွက်ကြီး ၂၀ အတွင်းမှာနေထိုင်ကြတဲ့ မိဘပြည်သူရှစ်သိန်းလောက်ရဲ့ နေ့စဉ်စားသောက်စွန့်ပစ်ထားတဲ့ စားကြွင်းစားကျန် အမှိုက်မျိုးစုံအပြင် လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ စားသောက်ဆိုင်တွေက ညစဉ်စွန့်ပစ်တဲ့ အမှိုက်တွေနဲ့ ခြံထွက်အမှိုက်မျိုးစုံကို နေ့စဉ်အချိန်ကာလအရသတ်မှတ်ပြီး ရှင်းလင်းသိမ်းဆည်းပေးနေတာပါ။ အမှိုက်ကန်အများစုကတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေရဲ့ ရွေးချယ်ပေးထားတဲ့နေရာတွေမှာ အမှိုက်ကန်တွေ ထားရှိပေးထားတာပါ။ တချို့အမှိုက်ကန်တွေကျတော့ ကျောင်းဆင်း၊ ကျောင်းတက်ချိန်တွေနဲ့ ဈေးသွား၊ ဈေးလာ စည်ကားနေတဲ့အချိန်မှာ ကျွန်တော်တို့အမှိုက်သိမ်းယာဉ်ကြီးတွေက လူထူထပ်တဲ့အချိန်တွေမှာ ဝင်ထွက်ရခက်ခဲတဲ့ အမှိုက်ကန်တွေအတွက် အဘက်ဘက်ကအဆင်ပြေနိုင်တဲ့အချိန်တွေကို ရွေးချယ်ပြီး ရှင်းလင်းသိမ်းဆည်းရတာရှိပါတယ်။ အဲဒီအချက်တွေကိုတော့ မိဘပြည်သူတွေက ကျွန်တော်တို့သန့်ရှင်းရေးဝန်ထမ်းတွေအပေါ် နားလည်ပေးစေချင်ပါတယ်။ မိဘပြည်သူတွေရဲ့ဆန္ဒအပေါ်အခြေခံတဲ့ လိုအပ်ချက်ရှိနေရင်လည်း အချိန်အခါမရွေး ကျွန်တော်တို့ကို ဆက်သွယ်အကြောင်းကြားနိုင်ပါတယ်၊ ကျွန်တော်တို့က ပြည်သူ့တာဝန်တွေကိုထမ်းဆောင်ရမယ့် ပြည်သူ့ဝန်ထမ်းတွေပါ” ဟု ၎င်းကဆက်လက်ပြောသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

## သာစည်၌ လယ်ယာထွန်စက်များဖြင့် မကြာမီ လုပ်ငန်းလုပ်ကိုင်တော့မည်

**သာစည် ဇူလိုင် ၁၄**

သာစည်မြို့နယ် ကျေးရွာအုပ်စုများအတွင်းရှိ လယ်ယာမြေများတွင် လယ်ယာသုံးထွန်စက်များ အသုံးပြုနိုင်ရန် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနသည် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းတစ်ခုအနေဖြင့် ရှေ့တန်းစခန်းများကို မကြာမီရက်ပိုင်းအတွင်းက ဖွင့်လှစ်ထားကြောင်း ဒေသခံများက ပြောသည်။

ယင်းသို့ ဖွင့်လှစ်ထားသဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်နေကြသော တောင်သူများအနေဖြင့် စိုက်ပျိုးရေးတွင် အဆင်ပြေစေနိုင်သည့်အပြင် လုပ်ငန်းများလုပ်ကိုင်ရာတွင် အချိန်ကြာမြင့်နိုင်မှု မရှိကြတော့ဘဲ သတ်မှတ်ရက်အတွင်း ရာသီချိန်မီ စိုက်ပျိုးနိုင်ကြမည်ဖြစ်သည်။

“ကျွန်တော်တို့ကတော့ အခုလိုထွန်စက်ရှေ့တန်းစခန်းတွေ ဖွင့်လှစ်ပေးတာကို ကြိုက်ပါတယ်။ လယ်ယာခွင်မှာ ကျွဲ၊ နွားတွေနဲ့ အလုပ်လုပ်ရတာ အချိန်ကြာမြင့်တယ်။ ထွန်ရှင်းခတွေကလဲ ဈေးကြီးတယ်။ ရွာမှာရှိတဲ့ လက်တွန်းနောက်လိုက်ထွန်စက်လေးတွေကလည်း တစ်နာရီကိုကျပ် ၄၀၀၀ ပေးရတယ်။ပြီးတော့ ဆီဖိုးလည်းပေးရတယ်။ ဈေးနှုန်းကတော့ မသက်သာပါဘူး။ ဖြစ်နိုင်ရင် စက်မှုလယ်ယာထွန်စက်ကြီးတွေကလည်း တောင်သူတွေခေါ်ယူသုံးစွဲနိုင်တဲ့ဈေးနှုန်းနဲ့ ထွန်ယက်ပေးနိုင်မယ်ဆိုရင်တော့ အလုပ် လုပ်ရတာ ပိုကောင်းတာပေါ့” ဟု ညောင်ရမ်းတိုက်နယ် ဥသျှစ်ကုန်းကျေးရွာမှ တောင်သူကြီး ဦးကျော်မျိုးထွန်းက ပြောသည်။

သာစည်မြို့နယ်တွင် ယခုလို ထွန်စက်ရှေ့တန်းစခန်းများ ဖွင့်လှစ်ထားရှိသည့်အတွက် စိုက်ပျိုးချိန်၊ ကောက်စိုက်ချိန်၊ ကောက်သိမ်းချိန်တွေမှာ လယ်ယာလုပ်သားရှားပါးမှုရှိခဲ့လျှင် တောင်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ စက်များဖြင့် အစားထိုး လုပ်ကိုင်သွားကြမည်ဖြစ်သောကြောင့် မြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းခွင်များတွင် မကြာမီကာလ၌ စက်မှုလယ်ယာထွန်စက်များ၊ ကောက်ရိတ်စက်ကြီးများနှင့် ခြွေလှေ့စက်ကြီးများ ဝင်ရောက်လာကြတော့မည်ဖြစ်သည်။

**မောင်ကို(သာစည်)**

## ပျော်ဘွယ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က သက်ကြီးမသန်စွမ်း စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

**ပျော်ဘွယ် ဇူလိုင် ၁၄**

ပျော်ဘွယ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၄-၂၀၁၅ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး၊ သက်ကြီးစစ်မှုထမ်းဟောင်းနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ရာ ရမည်းသင်းခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးညီညီဝင့်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးအောင်ထွန်းဖြူ(ငြိမ်း)နှင့် အမှုဆောင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ သဘာပတိ ဗိုလ်မှူးမောင်မောင်တင်(ငြိမ်း) က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရမည်းသင်းခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့နာယကက နိုင်ငံတော်အနေဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် ထောက်ပံ့ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို အမှုဆောင်များက ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ဝေဖန်အကြံပြုဆွေးနွေးခဲ့ကြပြီး အကြံပြုချက်များနှင့်ပတ်သက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ရမည်းသင်းခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့နာယက က အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သုံးဦးကိုလည်းကောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင်သုံးဦးကိုလည်းကောင်း ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ကလေးကုသဆောင် အဆောက်အအုံသစ်ပန္နက်တင်

**ချောက် ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရေနံဆေးရုံကုသဆောင် အဆောက်အအုံသစ်တည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တော်တင်အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၇ နာရီခွဲက ချောက်ရေနံဆေးရုံတွင်ကျင်းပခဲ့ရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ချောက်ရေနံဆေးရုံ ကလေးကုသဆောင်ကို ချောက်ရေနံမြေနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော Gold Petrol ကုမ္ပဏီမှ လူမှုစီးပွားရေး (CSR) အစီအစဉ်ဖြင့် ၂၀၁၅ ခုနှစ်အတွက် ကျပ်သိန်း ၂၁၀ ဒသမ ၅ လှူဒါန်းပြီး KST ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်သည်။

ရေနံဆေးရုံ ကလေးကုသဆောင်မှာ အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေ တစ်ထပ်ဆောင် steel Structure အမျိုးအစားဖြစ်ကာ ဇူလိုင် ၂၅ ရက်မှစ၍ အောက်တိုဘာ ၃၀ ရက်တွင် အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

## ပုလဲမြို့တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ပုလဲ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ စုပေါင်းရုံးဝန်း၌ ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေ၊မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကို၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးရာရှိ ဦးမိုးဟိန်းနှင့် ဝန်ထမ်းများ၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့်သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင်တက်ရောက်လာသူများက ကျွန်းပင် ၅၀၊ မဲဇလီ ၅၀ ပင်၊ ယူကလစ် ၇၅ ပင်၊ ပိတောက်ပင် ၅၀၊ ပိန္နဲပင် ၂၅၊ ဆီးသပြေပင် ၅၀၊ သရက်ပင် ၅၀၊ တမာ ၇၅ ပင်၊ ပျဉ်းမပင် ၃၀၊ ခရေပင် ၂၀ နှင့် ယင်းမာ ၄၅ ပင်စိုက်ပျိုးခဲ့ကြသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## ပေးစာ

# လူလေးသို့ပေးစာများ – ၂၀

မြသန်းတင့်



*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

**စက်တင်ဘာ ၁၂၊ ၁၇၄၉**

**လူလေး**

မင်းရဲ့ကောင်းသတင်းကို လူတော်တော်များဆီကကြားရတယ်။ အဲဒီလို ကြားရလေလေ ဖေဖေစိုးရိမ်လေလေပဲ။ ဒီလိုပြောတော့ ထူးဆန်းကောင်းထူးဆန်းနေမယ်။ ဒါပေမယ့် အဖြစ်ကတော့ အမှန်ပဲ။

ဖေဖေက မင်းကို အများကြီးမျှော်လင့်ထားလေတော့ မျှော်လင့်သလို ဖြစ်မလာမှာကို စိုးရိမ်မိတာပေ့ါ။ ခုတော့

မင်းလည်း ဆိပ်ကမ်းကို ရောက်လုပါပြီ။ ဒီဆိပ်ကမ်းကို ချောချောမောမော ရောက်အောင် ဖေဖေ အတတ်နိုင်ဆုံး ကြိုးစားပို့ခဲ့ရတာ မဟုတ်လား။ ဆိပ်ကမ်းကို လှမ်းမြင်ရချိန်ရောက်မှ သင်္ဘောများပျက်လေမလားလို့ စိုးရိမ်ရတာလည်း အမောပဲ။ ဒါကြောင့် ဒီစာကို မိဖတစ်ယောက်အနေနဲ့ မဟုတ်ဘဲ မိတ်ဆွေတစ်ယောက်အနေနဲ့ ရေးလိုက်တယ်။ ဖေဖေ့ကိုချစ်ခင်သော အားဖြင့်(ချစ်ခင်စရာအကြောင်းလည်း ရှိလိမ့်မယ်လို့ ဖေဖေထင်တယ်။)

မင်းကိုယ်မင်း လေးစားသောအားဖြင့် မင်းအလုပ်ကို ဂရုစိုက်ပြီး သတိဝီရိယနဲ့ ပြီးအောင်လုပ်ဖို့ ဖေဖေ တိုက်တွန်းချင်တယ်။ ခုအထိတော့ မင်းလုပ်ခဲ့သမျှဟာ ပြောစရာမရှိလှပါဘူး။ ပန်းတိုင်ကိုလည်းရောက်လုနီးနေပြီမဟုတ်လား။ ဖေဖေ့ဆန္ဒနဲ့ သဘောထားကတော့ ပညာတတ်အသိုင်းအဝိုင်းမှာရော ယဉ်ကျေးတဲ့ အသိုင်းအဝိုင်းမှာပေ့ါ တောက်ပစေချင်တယ်။ သူများထက်ထူးခြားစေချင်တယ်။ ဒီလိုလုပ်နိုင်တဲ့သူ အရှားသားကလား။ စာပေကျမ်းဂန်ကို နက်နက်ရှိုင်းရှိုင်း လိုက်စားလွန်းသွားရင် အများအားဖြင့် ဟိတ်ဟန်များတဲ့ ပညာရှိကဝိဆန်သွားတတ်တယ်။ အနည်းဆုံး ခွတီးခွကျနဲ့ လူရေးလူရာ နားမလည်တဲ့ လူကြောင်ဖြစ်သွားတတ်တယ်။ သိပ်ပြီးယဉ်ကျေးသိမ်မွေ့လွန်း၊ လောကဓမ္မတာကို လိုက်လွန်းရင်လည်း မကြာခဏဆိုသလို အသိပညာနဲ့ ဝေးသွားတတ်တယ်။ ဧည့်ခန်းဆောင်ထဲက ပေါ့ပေါ့လွှင်လွှင် ပကာ သနတွေထဲမှာ နစ်မွန်းပြီး အထင်သေးစရာ ဖြစ်တတ်တယ်။ ခုဆိုရင် မင်းဟာ ခက်ခဲပြီး ပျင်းစရာကောင်းတဲ့ သင်ခန်းစာတွေကို လွန်ခဲ့ပြီး ကျန်တာတွေကတော့ ဒီလောက်ဒုက္ခခံစရာ မလိုတော့ပါဘူး။ အချိန်ပေးဖို့ပဲ လိုတော့တယ်။

မင်းနေထိုင်မကောင်း ဖြစ်လိုက်တော့ အချိန်တွေ ဆုံးရှုံးသွားခဲ့တာပေ့ါ။ ဒီဆုံးရှုံးသွားတဲ့ အချိန်တွေကို အခုချက်ချင်း ပြန်ရအောင်ယူပါ။ ခုမှမယူရင် နောင်ဘယ်တော့မှ ရတော့မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ ခုချိန်ကစပြီး နောက်လာမယ့် ခြောက်လအတွင်းမှာ မနက်တိုင်း အနည်းဆုံး ခြောက်နာရီ တောက်လျှောက် မစ္စတာဟာတီနဲ့ စာသင်စေချင်တယ်။ ဒါမင်းအတွက်ပြောနေတာ။ သူကတော့ ခြောက်နာရီမလိုဘူးလို့ ထင်ကောင်းထင်မယ်။ ဒါပေမယ့် ဖေဖေ့အဖို့တော့ လိုတယ်။ လိုတယ်ဆိုတာ ဖေဖေသိတယ်။

ခြောက်နာရီအချိန်ပေးဖို့ သူ့ကို ပြောနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ ခြောက်နာရီဟာ များတယ်ဆိုတာ ဖေဖေသိပါတယ်။ ဒါပေမယ့် ဒီလိုဝီရိယစိုက်ထုတ်ပြီးလုပ်လိုက်ရင် အချိန်လည်း မြန်သွားမယ်၊ ပိုလည်းတာသွားမယ်ဆိုတာသိရင် မင်းတို့နှစ်ယောက်စလုံးပဲ များတယ်လို့ ထင်မှာမဟုတ်တော့ဘူး။

မင်းတို့နှစ်ယောက်စလုံးအဖို့လည်း ကောင်းသွားတာပေ့ါ။ ဒီတော့ မင်းဘက်က ဉာဏ်ရှိရှိ မစ္စတာဟာတီဘက်ကလည်း စေတနာရှိရှိ၊ ကြင်နာမှုရှိရှိနဲ့ လုပ်သွားမယ်လို့ ဖေဖေမျှော်လင့်တယ်။

အဲဒီမနက်ခင်းတွေအကြောင်းတော့ ဒီလောက်ပါပဲ။ ညနေခင်းတွေကတော့ ပျော်မှုပါးမှု၊ ပွဲလမ်းသဘင်တွေအတွက် ဦးစားပေးသင့်တယ်။ ဒီလိုဦးစားပေးတာဟာ ဆင်ခြင်ဉာဏ်ရှိရာရောက်ရုံတင်မကဘူး။ အသုံးလည်းဝင်တယ်။

ဒါကြောင့်မို့ ညနေခင်းတွေကို မိတ်ဆုံပွဲတွေ၊ ကပွဲတွေ၊ ပြပွဲတွေနဲ့ ရည်မွန်တဲ့ အသိုင်းအဝိုင်းတွေကြားထဲမှာ အသုံးချဖို့ ဖေဖေ ခွင့်ပြုတယ်။ ခွင့်ပြုရုံတင်မက တိုက်လည်း တိုက်တွန်းတယ်။ အဲ--တစ်ခုတော့ရှိတယ်။

ညနေခင်းပျော်မှုပါးမှုတွေကြောင့် နောက်တစ်နေ့ မနက်မှာ သင်ခန်းစာတွေ ပျက်ကွက်တာမျိုးတော့ မဖြစ်သင့်ဘူးပေ့ါ။

မနက်စာမစားဘဲနေတာ၊ လျှောက်လည်တာ၊ ကျေးလက်ကိုသွားပြီး အချိန်ဖြုန်းတာမျိုးတော့ မရှိသင့်ဘူးပေ့ါ။ မနက်ပိုင်းအထိ မင်းကိုနေဖို့ပြောရင်လည်း မစ္စတာဟာတီဆီမှာ သင်တန်းတက်ရမှာဖြစ်တဲ့အတွက် ခွင့်လွှတ်ဖို့ပြောပြရမယ်။

အဖေက ဒီလိုအလုပ်ခိုင်းထားကြောင်း၊ အဖေက ပြောထားတဲ့အတွက် မလုပ်ရဲကြောင်း ကို ပြောပြရမယ်။ မင်းအရွယ်မှာ ဒီလို ပြောရတာဟာ ဘာမှရှက်စရာမရှိဘူး။ ဒီတော့ ဖေဖေ့အပေါ် ကိုသာ လွှဲချလိုက်။

ပြောလို့သာ ပြောတာပါ။ ဒီကိစ္စမှာ တော့ မင်းလည်း ဖေဖေနဲ့ သဘောတူမှာပါ။ ပေါ့ပေါ့လွှင်လွှင်၊ အားအားယားယား နေတတ်သူတွေဟာ အချိန်ကို နည်းနည်းကလေးမှ မနှမြောဘူး။ တစ်ခြားသူတွေကိုလည်း သူတို့လိုပဲ အချိန်တွေကို အလဟဿကုန်စေချင်ကြတယ်။ ဒီလိုလူတွေနဲ့သွားပြီး ငြင်းခုံနေလို့တော့ အပိုပဲ။

သူတို့နဲ့သွားပြီး ငြင်းခုံနေရင် သူတို့ကို သိပ်အလေးထားရာတောင်ရောက်နေသေးတယ်။ အကောင်းဆုံးကတော့ ကျွန်တော်မလုပ်ဘူးလို့ ပြတ်ပြတ်တောင်းတောင်း ပြောမယ့်အစား ကျွန်တော်မလုပ်နိုင်ဘူး၊ မလုပ်ရဲဘူးလို့ ယဉ်ယဉ်ကျေးကျေးနဲ့ ခပ်တိုတို ပြောလိုက်တာဟာ အကောင်းဆုံးပဲ။ သူတို့ကို စာကျက်ဖို့လိုတဲ့အကြောင်း၊ ပညာရှိမှ လူရာဝင်ကြောင်း စတာတွေကို သွားပြောနေရင် သူတို့အတွက် ပြောင်စရာ လှောင်စရာ စကားလုံးများ ပေးလိုက်သလိုတောင် ဖြစ်နေလိမ့်ဦးမယ်။

ရောမကို ရောက်ရင်တော့ မစ္စတာဟာတီနဲ့အတူ မနက်ပိုင်း ခြောက်နာရီလုံးလုံး တောက်လျှောက် စာကျက်လိမ့်မယ်၊ ညနေခင်းများမှာ ရောမမှာရှိတဲ့ ရည်မွန်တဲ့ အသိုင်းအဝိုင်းတွေနဲ့အတူ ရှိလိမ့်မယ်၊ သူတို့ဆီကကောင်းတဲ့ နမူနာတွေကို သင်ယူလိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ ရောမမှာ စာမတတ် ပေမတတ်၊ အားအားယားယားနဲ့ လျှောက်သွားနေတဲ့ အင်္ဂလိပ်လူမျိုးတွေရှိတတ်တယ်။ သူတို့မှာ အလုပ်အကိုင်ရယ်လို့လည်း မရှိဘူး။ စားမယ်၊ သောက်မယ်၊ ညအချိန်မတော် သူများအိမ်မှာ နေမယ်ဆိုတဲ့ လူမျိုးတွေ။ မူးရင် ရန်ဖြစ်မယ်၊ ရိုက်မယ်၊ နှက်မယ်။ မမူးတော့လည်း ဘယ်တော့မှ ပေါင်းလို့သင်းလို့ မကောင်းတဲ့ လူမျိုးတွေ အများကြီးရှိတတ်တယ်။ အဲဒီလူမျိုးတစ်ယောက်ကို တွေ့တယ်လို့ သဘောထားပြီး သူနဲ့မင်း ဘယ်လို စကားပြောကြသလဲဆိုတာ ဖေဖေ စိတ်ကူးနဲ့မှန်းပြီး ရေးပြလိုက်မယ်။ သူ့ဘက်က ပြောမယ့်စကားကို ဖေဖေ မူသေထားရေးလိုက်ပြီးမင်းပြောမယ့် စကားကို မှန်းပြီး ရေးလိုက်တယ်။

အင်္ဂလိပ်။ ။ မနက်ဖြန်ကျရင် ကိုယ်တို့နဲ့လာပြီး မနက်စာ စားပါလား။ ကိုယ်တို့အမျိုးသား လေးငါးယောက်လောက် ရှိမယ်ထင်တယ်။ မြင်းအပျော်စီးပြိုင်ပွဲ ကလေးလည်းပါမယ်။ မနက်စာစားပြီးရင် မြို့ပြင်တစ်နေရာရထားနဲ့ထွက်ကြတာပေ့ါ။

စတန်းဟုတ်။ ။ ဝမ်းနည်းပါတယ်ဗျာ။ ကျွန်တော်လိုက်နိုင်မှာမဟုတ်ပါဘူး။ တစ်မနက်လုံးအိမ်မှာနေရမှာပါ။

အင်္ဂလိပ်။ ။ ဒီလိုဆို ကိုယ်တို့လာပြီး မနက်စာ စားမယ်လေ။

စတန်းဟုတ်။ ။ ဒါလည်း လက်မခံနိုင်ပါဘူးခင်ဗျာ။ ကျွန်တော်မအားပါဘူး။

အင်္ဂလိပ်။ ။ နောက်နေ့ဆိုရင်ကော။

စတန်းဟုတ်။ ။ အမှန်ပြောရမယ်ဆိုရင်တော့ မနက်ပိုင်းမှာ မဖြစ်နိုင်ပါဘူး။ ကျွန်တော်က မနက်ပိုင်းမှာ အပြင်လည်းမထွက်ပါဘူး။ ဆယ့်နှစ်နာရီမထိုးခင်အထိ ဘယ်သူ့ကိုမှလည်း မတွေ့ပါဘူး။

အင်္ဂလိပ်။ ။ မောင်ရင်က နေ့လည် ဆယ့်နှစ်နာရီထိအောင် ဘာတွေများလုပ်နေလို့လဲ။

စတန်းဟုတ်။ ။ ကျွန်တော်တို့မှာ လေ့လာစရာတွေရှိပါတယ်။ စာဖတ်တယ်။ စကားပြောတယ်။

အင်္ဂလိပ်။ ။ ဟာ ပျော်စရာကြီးပါလား။ မင်းက အမိန့်တွေ နာခံနေရတာပေ့ါ။

စတန်းဟုတ်။ ။ ဟုတ်ပါတယ်။ ကျွန်တော့်အဖေအမိန့်ကို နာခံရမယ်လို့ကျွန်တော်ထင်ပါတယ်။

အင်္ဂလိပ်။ ။ မိုင်တစ်ထောင် လောက်ဝေးတဲ့ နေရာက အဖိုးကြီးကိုများ ကြောက်နေရသလားကွာ။

စတန်းဟုတ်။ ။ ကျွန်တော်က သူ့အမိန့်တွေကို အလေးမထားရင် ကျွန်တော်ကျားထိုးတာကိုလည်း သူက အရေးမစိုက်ဘဲ နေမှာပေ့ါ။

အင်္ဂလိပ်။ ။ ဘာလဲကွ။ အဖိုးကြီးက မင်းကို ခြိမ်းခြောက်ထားလို့လား။ ကြောက်တယ်ဆိုတာ တော်တော်နဲ့ မပျောက်တတ်ဘူးနော်။ ကြောက်တာတွေ၊ ခြိမ်းခြောက်တာတွေ ဘာတွေကို ခေါက်ထားလိုက်စမ်းပါ။

စတန်းဟုတ်။ ။ ဟင့်အင်း။ အဖေက သူ့တစ်သက်မှာ ကျွန်တော့်ကိုတစ်ခါမှမခြိမ်းခြောက်ဖူးပါဘူး။ ဒါပေမယ့် သူစိတ်မဆိုးအောင်နေရင် အကောင်းဆုံးပေ့ါဗျာ။

အင်္ဂလိပ်။ ။ သွားပြီ။ သွားပြီ။ ဇကန္တ အဖိုးကြီးဆီက ကြိမ်းစာရောက်ပြီထင်တယ်။ တစ်သက်လုံးခံပေ့ါကွာ။

စတန်းဟုတ်။ ။ ခင်ဗျားတွက်တာ သိပ်လွဲသွားပြီဗျ။ ကျွန်တော့်အဖေက သိပ်ပြောနေတာမဟုတ်ဘူး။လုပ်စရာရှိရင်လုပ်သွားတာပဲ။ ကျွန်တော်မှတ်မိသလောက် အဖေက ခုထိကျွန်တော့်ကို တစ်ခါမှ စိတ်မဆိုးဖူးသေးဘူး။ ဒါပေမယ့် သူစိတ်ဆိုးအောင်သွားလုပ်ရင်တော့ ဘယ်တော့မှခွင့်လွှတ်မှာ မဟုတ်ဘူး။ စိတ်ဆိုးမိပြီဆိုရင် မရတော့ဘူး။ ကျွန်တော်က ဘယ်လောက်ပဲ တောင်းပန်တောင်းပန် အလကားပဲ။

**ဆက်လက်ဖော်ပြပါမည်။**

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

---

# အယ်ဒီတာထံ ပေးစာ

## တိုက်ခန်းအတွင်းရေစီးဝင်

သဃ်န်းကျွန်းမြို့နယ် (ဂ)ရပ်ကွက်ရှိ ကြိုးစက်ရုံလမ်းမကြီးမှာ (YCDC) မှ ခင်းပေး၍ အများပြည်သူများ ဝမ်းသာအားရ ကျေနပ်နေကြပါသည်။

ကြိုးစက်ရုံလမ်းဘက်မှ စီးဆင်းလာသော ရေများလျှံကာ လမ်းကိုကျော်၍ လမ်း၏တစ်ဖက်ခြမ်းတွင်ရှိသော သုဝဏ္ဏ(၂၅)ရပ်ကွက်မှ တိုက်ခန်းများအတွင်းသို့ ဒလဟောစီးဝင်နစ်မြုပ်နေပါသည်။ သို့ဖြစ်ပါ၍ တာဝန်ရှိသူများမှ လိုအပ်သည်များကို အမြန်ဆုံးလာရောက်ကြည့်ရှုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**တိုက်ခန်းနေပြည်သူများ**

## ကျွန်းရှေ့ဝါလမ်းမကြီးအမြန်ပြုပြင်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်ရှိ ကျွန်းရွှေဝါလမ်းမကြီးမှာ ပျက်စီးနေပါ၍ လမ်းသွား၊ လမ်းလာများနှင့် မော်တော်ယာဉ်များ အန္တရာယ်နှင့်ကြုံတွေ့နေရပါသောကြောင့် အမြန်ဆုံးပြုပြင်ပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။ **အမြင်မတော်သူတစ်ဦး**

## ဝက်ချေးအနံ့ ကျန်းမာရေးထိခိုက်နေ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ကျန်စစ်သားရပ်ကွက် သရဖီလမ်းအတွင်းရှိ အိမ်ခြံမြေ တစ်ခုတွင် စီးပွားဖြစ် C.P ဝက်များကို မွေးမြူထားသည်။

ယင်း C.P ဝက်ချေးများကိုလည်း ဝက်ခြံနားတွင် သိုလှောင်ထားရှိသဖြင့် အနီးအနားတွင် နေထိုင်ကြသူများ ဝက်ချေးအနံ့ဆိုးကြောင့် ကိုယ်ရောစိတ်ပါ ကျန်းမာရေးထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **(C.P ဝက်ချေးအနံ့ နေ့စဉ်ရှုရှိုက်နေရသူများ)**

## အနံ့ဆိုးများပတ်ဝန်းကျင်ထိခိုက်

ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် (၄၂) လမ်း(အောက်လမ်း)နှင့် ကျောခြင်းကပ် (၄၁) လမ်း(အောက်လမ်း)မြေညီထပ်အခန်းတစ်ခန်းတွင် ရွှေပန်းတိမ်နှင့်နန်းကြိတ်လုပ်ငန်းမှ စွန့်ပစ်ဓာတ်ဆီများကို ရေပိုက်လိုင်းမှတစ်ဆင့် နောက်ဖေးလမ်းကြားသို့ စွန့်ပစ်နေပါသည်။

ထိုစွန့်ပစ်ဓာတ်ဆီမှ ထွက်ရှိလာသော အနံ့ဆိုးများမှာ ရပ်ကွက်ဘေးပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များပါ အသက်ရှူကျပ်ခြင်း၊ ရပ်ကျပ်ခြင်းရောဂါဝေဒနာများ ခံစားနေရသည့်အပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်နေရပါကြောင်း တင်ပြအပ်ပါသည်။ **မီးဘေးအန္တရာယ်စိုးရိမ်သူ**

## မိလ္လာကန်အရေး လိုအပ်သလိုဆောင်ရွက်ပေးပါ

အမှတ် (၄၀၆) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဗိုလ်မင်းရောင်လမ်းထောင့်တွင် သန့်စင်ခန်းနေအိမ် အသုံးပြု၍ မရသည့်အရေးကိစ္စဖြစ်ပေါ်နေသည်မှာ ဇန်နဝါရီ ၁ရက်မှ စတင်၍ ဖြစ်ပါသည်။ သန့်စင်ခန်းလျှံရသည့်အကြောင်းအရင်းကိုရှာဖွေရာတွင် ဘေးခန်းတွင် နေထိုင်သူက ဆားဗစ်ကန်အား အပြီးသတ်ဆလက်လောင်း၍ တစ်ဦးတည်းပိုင်ဆိုင်သောမိလ္လာဆားဗစ်ကန်တည်ဆောက်ထားသည်ကိုတွေ့ရှိ ရပါသည်။

ယင်းမြေအဆောက်အအုံသည် ယခင်ကတည်းကဆောက်လုပ်ထားခြင်းဖြစ်၍ ယင်းမိလ္လာဆားဗစ်ကန်ကို လေးဦးစလုံး အသုံးပြုသည်မှာ ၂၀၁၄ ခုနှစ်ကုန်အထိဖြစ်ပါသည်။ သန့်စင်ခန်းလျှံသည့်ကာလမှာလည်း အချိန်ကာလအားဖြင့်ခြောက်လနီးပါးကြာ မြင့်နေပြီဖြစ်ပါသဖြင့် လွန်စွာအခက်အခဲနှင့် ကြုံတွေ့နေရပါသည်။ မိလ္လာဆားဗစ်ကန်အရေး မှန်မှန်ကန်ကန် စစ်ဆေးဆောင်ရွက်ပေးပါရန် အကူအညီတောင်းခံအပ်ပါသည်။ **ပတ်ဝန်းကျင်နေသူများ**

## စီးပွားရေးလုပ်ငန်းများကြောင့်ကျန်းမာရေးထိခိုက်

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ၉/ရပ်ကွက် ဣန္ဒာလမ်းမကြီး တစ်လျှောက် ရေမြောင်းကျော်ပြီး အခိုင်အမာသွပ်မိုးများမိုး၍စီးပွားရေးလုပ်ငန်းပေါင်းစုံလုပ်ကိုင်လျက်ရှိပါသည်။ ရေမြောင်းကျော်အခိုင်အမာပြုလုပ်ထားသော အဆောက်အအုံများကြောင့် မိုးရွာလျှင်ရွာခြင်း ရေမြောင်းများပိတ်ဆို့၍ နေအိမ်များအတွင်းသို့ပင် ရေများဝင်၍ ခြင်များပေါက်ပြီး ကလေးသူငယ်များနှင့် ကျောင်းနေအရွယ် ကလေးသူငယ်များအတွက်သွေးလွန်တုပ်ကွေးရောဂါများဖြစ်လာနိုင်သဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို စီစဉ်ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာရေးစိုးရိမ်သူ**

## ဆိုင်ခန်းများ လုံခြုံစေချင်

ကျွန်မတို့တာမွေမြို့နယ် မေတ္တာညွန့်ဈေးတွင် ယခုနှစ်သင်္ကြန်အပြီး ဆိုင်ခန်းတစ်ခန်း အဖောက်ခံခဲ့ရသည်။ ဆိုင်မှ ပစ္စည်းများအားလုံးပါသွားသည်။ ဆိုင်ခန်းအားလုံးမှာ နေ့စဉ်ကြေးနှင့် လစဉ်ကြေးပေးဆောင်နေရသော ဆိုင်ခန်းများဖြစ်သည်။ ဈေးရောင်းချနေရသူများမှာလည်း နှစ်ရင်းစာမရှိသူများဖြစ်၍ မိမိအလှည့် ရောက်မည်ကို စိုးရိမ်နေကြရပါသည်။

ဈေးအတွင်းတွင် အချို့မှာ ကိုယ်ပိုင်နေအိမ်ခန်းများအဖြစ် နေထိုင်ကြသူများလည်းရှိကြသဖြင့် မီးဘေးအန္တရာယ်ပါစိုးရိမ်နေကြရသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလိုက်ရပါသည်။

**မေတ္တာညွန့်ဈေးစောင့်နတ်**

## ကားများပိတ်ဆို့နားနေခြင်းအား ကြပ်မတ်ပေးပါရန်

သာကေတမြို့နယ် (၂)တောင်ရပ်ကွက် သုမနလမ်းနှင့် ရန်ပြေလမ်းတွင် အငှားယာဉ်မောင်းတစ်စုသည် အိမ်ရှေ့၌ ကားများပိတ်ရပ်နားနေပြီး တစ်နေ့လုံး အော်ဟစ်ပြောဆို ဆူညံနေကြပါသည်။ လမ်းသွားသူများ ဝင်ထွက်သွားလာရေး ခက်ခဲခြင်း၊ အနီးရှိလူများ နားမခံသာအောင် ဆူညံစွာလှောင်ပြောင်ပြောဆိုခြင်းများကြောင့် အထိတ်တလန့်ဖြစ်ခြင်း၊ ညစ်ညမ်းစွာဆဲဆိုကြိမ်းမောင်းခြိမ်းခြောက်ခြင်းများကြောင့် အေးချမ်းစွာနေထိုင်မှုကို အနှောင့်အယှက်ဖြစ်ပါသဖြင့် ကူညီဆောင်ရွက်ပေးရန် တင်ပြအပ်ပါသည်။

**နားမခံသာသူများ**

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*တက္ကသိုလ်ဘုန်းနိုင်၏ လုံးချင်းဝတ္ထုရှည် စာအုပ်များအနက် 'နွေကန္တာဦး' 'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်' အခန်းဆက်ဝတ္ထုများကိုကြေးမုံသတင်းစာတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်၍ နေ့စဉ်ဖော်ပြပေးခဲ့ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ မြန်မာစာပေဘာဝရသသရုပ်ဖော်အဖွဲ့အနွဲ့များကို နှစ်သက်စွဲလမ်းစွာဖြင့် နေ့စဉ်ဖတ်ရှုခဲ့ကြသော စာဖတ်ပရိသတ်များအား ကျေးဇူးအထူးတင်ရှိပါသည်။ ယနေ့တွင် 'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်' ဝတ္ထုမှာ နိဂုံးကမွတ်အဆုံးသတ်ခဲ့ပြီးဖြစ်ပါသည်။ စာဖတ်ပရိသတ်များ ရသစာပေကိုဆက်လက်ဖတ်ရှုခံစားနိုင်ရန်အတွက် စွဲလမ်းလက်စရှိသည့် တက္ကသိုလ် ဘုန်းနိုင်၏ ဝတ္ထုများအနက် ထင်ရှားကျော်ကြားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည့် "ကမ္ဘာကုန်ကျယ်သရွေ့ဝယ်"ဝတ္ထုကို (၁၆-၇-၂၀၁၅) ရက်နေ့မှစ၍ နေ့စဉ်ဖော်ပြသွားပါမည်။ (စာတည်း)*



**ယမန်နေ့မှအဆက်**

ရွက်ဝါဆိုသည်မှာ ဇာတ်လမ်းဆုံးခန်းတွင် လွမ်းတေးမဆိုဘဲ ငိုပွဲကို ဟန်အမူအရာဖြင့် သယ်ယူတတ်သည့် ရာသီ၏ ကချေသည်များသာဖြစ်ပါ၏။

ရာသီကချေသည်တို့၏ ငိုပွဲကို အသည်းကြွေလုဖြင့် ရှုမြင်နေရင်း ကျွန်တော်သည်သာ မငိုရဲပါ။

" ငိုချင်ပါရဲ့ ခိုင် . . .။ ဒါပေမယ့် ဆိတ်ငြိမ်တဲ့ ခိုင်ရဲ့ ဝိညာဉ်လောကဟာ မောင့်ရဲ့ ငိုရှိုက်သံတွေကြောင့် နှောင်းဘဝသောက ပဲ့တင်ချက်နဲ့ မပျက်စီးစေလိုဘူး မိခိုင် . . .။ မိခိုင်တစ်ယောက် ဖြစ်လေရာဘဝမှာ ငြိမ်းချမ်းပါစေလို့ မောင်ဆုတောင်းတယ် . . . "

ကျွန်တော်သည် ခိုင်၏ ဂူထက်ခိုင်ချစ်သော စံပယ်ပန်းများကို ကြဲရင်း စိတ်တွင်း ရေရွတ်နေမိသည်။

နေက စောင်းလာသည်။ ဆိတ်သုဉ်းသော လူသေကုန်းထက် အမှောင်ရိပ်တို့ မသိမသာ စိုးမိုး ဝင်ရောက်စပြုလာ၏။

ကျွန်တော်သည် သက်ပြင်းကို ရှိုက်ပြီး ခိုင့်ဂူဘေးမှ လေးဆေးအားလျော့စွာ ထွက်ခွာလာခဲ့သည်။

တောင်ကမူ မြေမြင့်တစ်ခုထက် အရောက်တွင် တဒေါက်ဒေါက်ပေါ်ထွက်လာသောအသံကို ကျွန်တော်ကြားရသည်။

မြူဆိုင်းသော ပတ်ဝန်းကျင်ကို နောက်ခံပြုကာ ကျွန်တော်ရှိရာသို့ ချိုင်းထောက်ကြီးကို အားပြုလျက် တက်လာသည့် လူတစ်ဦးကို လှမ်းမြင်ရသည်။

" ငြိမ်းမောင်၊ အို . . . ငြိမ်းမောင် သူငယ်ချင်း . . . မင်း ပြန်လာတယ် "

ငြိမ်းမောင်သည် လက်တစ်ဖက်ဖြင့် ချိုင်းထောက်ကြီးကို အားပြုလျက် အခြားလက်တစ်ဖက်ဖြင့်

ကျွန်တော့်ပုခုံးကို ကိုင်ကာ အေးချမ်းစွာ ဆို၏။

" ငါ ပြန်လာခဲ့ပါပြီ သူငယ်ချင်း . . .၊ မင်းအိမ်ကို ငါရောက်တော့ ဦးဇင်းလည်း မင်းကို လာစောင့်နေတာ တွေ့ရတယ်။ တစ်နှစ်လည်တဲ့နေ့မို့ မင်းဒီမှာ ရှိမှာပဲဆိုပြီးတို့ လိုက်လာကြတယ်။ ငါလည်း ပင်စင်ယူခဲ့ပြီ သူငယ်ချင်း၊ မင်းနဲ့ အတူနေဖို့ ငါ လာခဲ့တယ်လေ "

ကျွန်တော်သည် ဝမ်းသာအားရဖြင့် ငြိမ်းမောင်ကို ပွေ့ဖက်ရင်း မေးမိသည်။

" ဒါဖြင့် . . . ဦးဇင်းရော . . . "

" ဦးဇင်းက သချိုင်းကုန်း အပေါက်ဝ ဟိုအပြင်ဘက်မှာ စောင့်နေတယ် "

ကျွန်တော် လှမ်းကြည့်လိုက်သောအခါ သချိုင်းကုန်း အပြင်ဘက်၌ စိမ်းလန်းသော တောတောင်သစ်ပင်များကို နောက်ခံပြုလျက် တည်ကြည်စွာ ရပ်နေသော ဝါဝင်းသည့် ဦးဇင်း၏ အသရေတော်ကို ဖူးမြင်တွေ့ရသည်။

နေလုံးကား ဟဲဟိုးတောင်တန်းများနောက်ကွယ်၌ ဝင်စပြုလေပြီ . . .။

သချိုင်းမြေတွင် အရိပ်တို့ကျကာ အမှောင်လွှမ်းစပြုလေပြီ။

အရှေ့တောင်တန်းထက်တွင် ထွက်ပြူစ ငွေလပြည့်ဝန်းကို တွေ့ရသည်။

ငြိမ်းမောင်နှင့် ကျွန်တော်သည် တစ်ဦးခါးကို တစ်ဦးဖက်ရင်း ခိုင်၏ ဂူလေးကို ပြိုင်တူ ငေးကြည့်လိုက်မိကြသည်။

ကျွန်တော်တို့ နှစ်ဦးလုံး စကားမဆိုနိုင်ကြပါ။ ဆိုစရာစကားများတို့ ရင်၌ အပြည့်ရှိကြပါသည်။

နှုတ်တို့မှသာ အသံထွက် မရေရွတ်ရဲ။

ငြိမ်းမောင်က အဘိဓမ္မာဆန်စွာ သူ့ရင်တွင်း၌ ဘာကို ရေရွတ်နေရှာမည်ဟု ကျွန်တော်မသိ။

ကျွန်တော်ကသာ စိတ်တွင်းမှ တိုးတိုးတိတ်တိတ် ကျိတ်၍ နှုတ်ဆက်ရပါ၏။ ခိုင့်ကိုနှုတ်ဆက်ရပါ၏။

**ချစ်ရိပ်ပွင့်ကို**<br>
**လုလင့်ဘာသာ**<br>
**ပျူငှာဆန်းဆို**<br>
**လွမ်းလိုလိုနှင့်**<br>
**သံချိုမြမြ**<br>
**နှမပြာဝင်း**<br>
**နေရစ်မင်းဟု . . . "**<br>
**နေရစ်မင်းဟု . . .၊ နေရစ်မင်းဟု . . .။**

lyDyD

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

## သမိုင်းဝင်ဓာတ်ကေသာစေတီစိန်ဖူးတော်ကြီး လေပြင်းတိုက်ခတ်မှုကြောင့်တိမ်းစောင်း

**ကျိုက်မရော ဇူလိုင် ၁၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ ထပ်ကျေးတောင်ပေါ်၌ တည်ထားကိုးကွယ် လျက်ရှိသည့် သမိုင်းဝင်ဓာတ်ကေသာစေတီစိန်ဖူးတော်ကြီး ဇွန် ၂၄ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် တိမ်းစောင်းသွားခဲ့ကြောင်းသိရသည်။ အဆိုပါသမိုင်းဝင်ဓာတ်ကေသာစေတီ၏စိန်ဖူးတော်ကြီး ပြန်လည်ပြုပြင်လှူဒါန်းနိုင်ရန်အတွက်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီက လာရောက်ကြည့်ရှုဖူးမြော်ကြကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နယ်လှည့်နံရံကပ်စာစောင်ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများဆောင်ရွက်

**ငဖဲ ဇူလိုင် ၁၄**

ကျေးလက်နေပြည်သူများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အထောက်အကူပြု၍ စာဖတ်ရှိန် မြင့်တင်စေရန်ရည်ရွယ်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ငဖဲမြို့နယ်ရုံးမှဦးစီးမှူး ဒေါ်ယုယုသိန်းနှင့်ဝန်ထမ်းများသည် ဇူလိုင်လအတွင်း ပန်းတိမ်းအထက-ခွဲ၊သီပေါ်ကျေးရွာ မူလတန်းကျောင်းနှင့်ပေါင်းကလေးကျေးရွာ မူလွန်ကျောင်းတို့တွင် မိုဘိုင်းစာကြည့်တိုက် ဖွင့်လှစ်ခြင်း၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲများ ပြသခြင်း၊ နေ့ကြီးရက်ကြီးအထိမ်းအမှတ် မြန်မာအမျိုး သမီးများနေ့ သိကောင်းစရာများ၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် မိုးရာသီတွင် အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ကျန်းမာရေး အသိပညာပေးမှုများကို ဆွေးနွေးဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြဘုတ်များကို ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြပြီး ပြန်/ဆက် ဝန်ထမ်းများမှ သုတ၊ရသစာအုပ်စာစောင်များကို ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**ကွတ်ခိုင် ဇူလိုင် ၁၃**

ကွတ်ခိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၈ရက်နှင့် ၉ ရက်တို့တွင် ကွတ်ခိုင်မြို့နယ် မိုင်းယုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၇ ရွာမှ ဒေသခံတိုင်းရင်းသား အသက် (၁၈) နှစ် ပြည့်ပြီးသူ(၅၂၇)ဦးကို နိုင်ငံသားစိစစ်ရေး ကတ်ပြားဆောင်ရွက် ပေးခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့် တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

CALIFORNIA UNITEC
Institute of Engineering
edexcel
Approved Centre No. 93845



15th July 2015 တွင်ဖွင့်လှစ်မည့် Civil Engineering တန်းခွဲသစ်အတွက် ကျောင်းသူ/ကျောင်းသားများအားစတင် လက်ခံနေပါပြီ။

BTEC HND Higher National Diploma in Civil Engineering

- ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း၊ တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ(အမေရိကန်၊အင်္ဂလန်၊နယူးဇီလန်၊ဂျာမနီ၊ဂျပန်၊စင်ကာပူ၊ထိုင်း) မှ Ph.D, Master of Engineering ဘွဲ့ရ ဆရာများကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၁၀တန်း၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level, တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma ပြီးပါက B.E (Hons) Civil Engineering ဘွဲ့ကို California Unitec တွင်ဆက်လက်တက်ရောက်နိုင်ပါသည်။

Block C နှင့် D ကြား၊ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com www.facebook.com/californiaunitec



မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်ပေး အားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

### ပျောက်ဆုံးကြောင်း

ဒေါ်အေးအေးငြိမ်း ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် A-052312 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **Ph:09-43029277**

### ဖခင်အမည်နှင့် နိုင်ငံသားအမှတ်အမှန်

ရန်ကုန်မြို့၊ တောင်ဒဂုံ၊ အထက(၆)စာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မအိခင်ဖြိုး[၁၂/ဒဂတ(နိုင်)၀၈၅၂၀၅]၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင်[၁၂/သဃက(နိုင်)၀၇၇၄၉၈] ဖြစ်ပါကြောင်း။
ဦးအောင်မြင်[၁၂/သဃက(နိုင်)၀၇၇၄၉၈]

### တစ်ဦးတည်းဖြစ်ပါကြောင်း

အမှတ်(၅)၊ (၁၁၅)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင်နေထိုင်သော မမိုးမိုးလှိုင်(ဉပဒေနောက်ဆုံးနှစ်)၏ ဖခင်ဖြစ်သူ ဦးKN မိုဂန်း(ခ) ဦးမော်ကားမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦး**KN** မိုဂန်း(ခ)ဦးမော်ကား

### အလုပ်ရုံ၊ စက်ရုံငှားမည်

မေတ္တာညွန့်ရပ်ကွက်၊ တာမွေစက်မှုဇုန်၊ တာမွေမြို့နယ်။
ပါဝါမီတာ၊ ဂျိုးဖြူရေပါဝင်။
ဆက်သွယ်ရန်ဖုန်း-
၀၁-၅၄၀၃၉၃၊ ၀၉-၅၀၉၇၂၇၇

ဖတ်စရာ

# လက်ရာမြောက်ဖားရုပ်နှစ်ကောင် ကြိုနေသည့် ထင်ရှားသောစေတီ



**ခ** တိမ်တမန်

စစ်ကိုင်းမြို့သည် မြန်မာနိုင်ငံတွင် ထင်ရှားပြီး သာသနာရောင်ဝါထွန်းလင်းရာမြေ၊ သူတော်စင်တို့တရားရှာရာမြေအဖြစ် သိရှိကြသည်။ စစ်ကိုင်းတောင်သည် မသိသူမရှိအောင်ထင်ရှားကျော်ကြားလှသည်။ စစ်ကိုင်းဒေသတွင် စိတ်ဝင်စားဖွယ်ရာလေ့လာစရာများစွာရှိသည်။ ထင်ရှားသောစေတီများ၊ ထင်ရှားသောပရိယတ္တိစာသင်တိုက်ကြီးများ၊ အင်းဝခေတ်မှ နံရံဆေးရေးပန်းချီလက်ရာများ၊ ခံတပ်ကြီးနှင့်အတူ အနုပညာမြောက်မြန်မာ့လက်မှုလုပ်ငန်းများစွာကို လေ့လာနိုင်သောဒေသဖြစ်သည်။ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ စစ်ကိုင်းသို့ရောက်သည်နှင့် အဓိကသွားရောက်သောစေတီနှစ်ဆူမှာ စစ်ကိုင်းကောင်းမှုတော်စေတီတော်ကြီးနှင့် ဆွမ်းဦးပုညရှင်စေတီပင်ဖြစ်သည်။

ဆွမ်းဦးပုညရှင်စေတီသို့သွားရာ အဝင်ဝမုခ်ဦးတွင် လက်ရာမြောက်ဖားရုပ်ကြီးနှစ်ကောင်က ဆီးကြိုနေသည်မှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။ အရုပ်သင်္ကေတများသည်ပင် စေတီတော်၏သမိုင်းနှင့် ယုံကြည်မှုကိုပြသနေပေသည်။ ဆွမ်းဦးပုညရှင်စေတီတည်ရှိရာတောင်ကို ရှေးယခင်က အမည်အမျိုးမျိုးခေါ်ဝေါ်ခဲ့သော်လည်း လက်ရှိကာလတွင် ဆွမ်းဦးပုညရှင်စေတီကို အကြောင်းပြုကာ ပုညရှင်တောင်ဟုခေါ်ဆိုကြောင်း သိရသည်။ တောင်၏ တည်နေပုံမှာ အဝေးကကြည့်ပါက ဖားတစ်ကောင်ဝပ်နေသည့်သဏ္ဌာန်နှင့် တူညီနေခြင်း၊ တောင်၏အတွင်းပိုင်းတွင် သိုက်ဖားများရှိသည်ဟု ယုံကြည်ယူဆမှုများကို အစွဲပြုကာ ဖားတောင်ဟုခေါ်ကြောင်း သိရသည်။

ဆွမ်းဦးပုညရှင်စေတီသို့ ကားများဖြင့် အလွယ်တကူသွားလာနိုင်သည်။ ဘုရားတွင်လည်း လက်ရာမြောက်ဖားရုပ်နှင့်ယုန်ရုပ်များကိုတွေ့နိုင်သည်။ ယုံကြည်သူများကမူ ပွတ်သပ်ဆုတောင်းလေ့ရှိသည်။ ထိုသင်္ကေတများမှာ ရှေးဟောင်းစာများတွင် ဖော်ပြထားသောစာများအရ ဘုရားအလောင်းယုန်မင်းဘဝက ကျင်လည်ကျက်စားခဲ့ခြင်းအမှတ်သင်္ကေတအဖြစ် ထုလုပ်ထားသည်ဟု သိရသည်။

နိုင်ငံတကာခရီးသွားဧည့်သည်များကမူ လက်ရာမြောက်ဖားရုပ်ကြီးများ ဆီးကြိုနေမှုကို သဘောကျသလိုပင် ဆွမ်းဦးပုညရှင်စေတီမှ စစ်ကိုင်းအလှ၊ ဧရာဝတီမြစ်အလှ၊ မန္တလေးမြို့၏အလှတို့ကို ကြည့်ရှုနိုင်သည့်အတွက် ပိုမိုသဘောကျကြသည်။ တေးရေးဆရာများကမူ နတ်ရေးတဲ့ပန်းချီကို ရှုမြင်နိုင်ရာနေရာဟုပင် တင်စားထားသည်။ ဆွမ်းဦးပုညရှင်စေတီတော်ကို ပုညအမတ်တည်ခဲ့သည့်အတွက် ပုညရှင်စေတီ၊ ဝါဆိုလပြည့်တွင် ဆွမ်းဦးကပ်ပွဲကျင်းပသည့်အတွက် ဆွမ်းဦးပုညရှင်၊ လူများထက် နတ်များက ဦးစွာဆွမ်းဦးကပ်ပြီးဖြစ်နေလေ့ရှိသောကြောင့် ဆွမ်းဦးပုညရှင်စေတီ ဟုခေါ်ကြောင်း သိရပြီး ဖားနှစ်ကောင်ဆီးကြိုနေသည့် ဖားတောင်ပေါ်မှ ထင်ရှားပြီး စိတ်ဝင်စားဖွယ်ကောင်းသော စေတီတော်တစ်ဆူဖြစ်ကာ ဘုရားဖူးများ အားထားသွားရောက်ဖူးမြော်ကြကြောင်း သိရသည်။

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

**ဘားအံ ဇူလိုင် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့ သုမေဓာရာမ ကြားတောရခန်းမ၌ကျင်းပသော ကရင်ပြည်နယ်လုံးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများအားဦးတည်လျက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး အမြင်ဖွင့်သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ဝင်းမောင်၊ အတွင်းရေးမှူး ဦးသော်တာငြိမ်း၊ UNDP မှ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တာဝန်ခံ ဒေါ်နီနီလွင်၊ ကရင်ပြည်နယ်တာဝန်ခံ ဦးအောင်တင်မိုး၊ IRL မှ Mis. Johonna Kao၊ ကရင်ပြည်နယ်မှ CSOs များ၏ ရွေးကောက်ပွဲဆိုင်ရာ ဦးစီးကော်မတီများ၊ အဖွဲ့ဝင်များနှင့် သင်တန်းသား၊ သင်တန်းသူ ၇၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ဝင်းမောင်က ကရင်ပြည်နယ်အတွင်းရှိ CSOs များအနေဖြင့် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းအားဖြင့် လွတ်လပ်ပြီး တရားမျှတသော ၂၀၁၅ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးသော်တာငြိမ်းက CSOs များကို ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ၊ အခြေခံအမြင်ရှုထောင့်များ၊ ဘက်မလိုက်ဘဲကြားနေမှု သိသာထင်ရှားစေရန် ပါတီစွဲ၊ ပါတီဘက်လိုက်ခြင်းကင်းသည့်အပြုအမူများကို ကျင့်သုံးလုပ်ဆောင်ကြရန်နှင့် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဒေါ်နီနီလွင်က UNDP ၏ မူဝါဒပိုင်းနှင့် လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားကာ ဆက်လက်၍ IRL မှပညာရှင် Mis .Johonna Kao က ရွေးကောက်ပွဲဆိုင်ရာ အသိပညာများနှင့်ပတ်သက်၍ပြောကြားခဲ့သည်။ **ထွန်းထွန်းထွေး(ဘားအံ)**

## မိုးစပါး(ပုလဲသွယ်)စိုက်ပွဲ ဧက ၁၀၀ စံပြစိုက်ကွင်းတွင် ပြုလုပ်

**အင်္ဂပူ ဇူလိုင် ၁၄**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် အောက်ရွာကြီးကျေးရွာအုပ်စု အင်္ဂပူမြို့ဝင် ဧက ၁၀၀ စံပြစိုက်ကွင်းအမှတ် (၇၆၀) ရှိ တောင်သူဒေါ်မြင့်စိန်၏ လယ်ယာမြေ ၇ ဒသမ ၅ ဧကတွင် အထူးအထွက်တိုး မိုးစပါး(ပုလဲသွယ်) စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး ဝန်ကြီးချုပ်မှ ကောက်စိုက်သမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ ဆက်လက်၍ ဝန်ကြီးချုပ်က ဒေသခံတောင်သူများအား စံပြလယ်ယာမြေကွက်များ ဖော်ထုတ်၍ သိပ္ပံနည်းကျစိုက်ပျိုးရန်လိုအပ်ကြောင်း ပြောကြားခဲ့ပြီး အောက်ရွာကြီးကျေးရွာအုပ်စုနှင့် အမှတ်(၃)ရပ်ကွက် ကောက်စိုက်သမများအား မိုးကာစများနှင့် တက်ရောက်လာသော ဒေသခံတောင်သူများအား တီရှပ်အင်္ကျီများ ဝေငှပေးခဲ့သည်။ **မန်းကျော်(ပြန်/ဆက်)**

## ခြင်အန္တရာယ်ကင်းဝေးရေး ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်

**ဘုတ်ပြင်း ဇူလိုင် ၁၄**

ဘုတ်ပြင်းမြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ရောဂါဘယကင်းဝေးစွာ ပညာသင်ကြားနိုင်ရန် မြို့နယ်စည်ပင်သာယာရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်း၍ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဘုတ်ပြင်းမြို့ အ. ထ. ကကျောင်း အ. မ. က (ရွှေဘုံသာ)၊ မူလွန် (အောင်မင်္ဂလာကျောင်း)၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် မိခင်နှင့်ကလေး မူလတန်းကြိုကျောင်းတို့တွင် ခြင်အန္တရာယ်ကင်းဝေးရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးရာသီအတွင်း နိုင်ငံနှင့်အဝှမ်း အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူကလေးငယ်များ ခြင်အန္တရာယ်ကြောင့် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားလေ့ရှိရာ မြို့နယ်တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေး၊ ခြင်အန္တရာယ်ကင်းဝေးရေး ၊ ရောဂါဘယကင်းဝေးစွာ ပညာသင်ကြားနိုင်ရေးရည်ရွယ်လျက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းအား စုပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ဘုတ်ပြင်း(ပြန်/ဆက်)**

## သွားလာမှုကောင်းမွန်ရေး ကွန်ကရစ်လမ်းအဖြစ်ခင်း

**ကလေးဝ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ ကုန်တင်ကုန်ချဆိပ်ကမ်းနှင့် ရွှေမုဋ္ဌောဘုရားဖူးယာဉ်များ သွားလာမှုကောင်းမွန်စေရေးအတွက် ကွန်ကရစ်လမ်းကို ဇွန်လမှ စတင်ခင်းနေရာ လက်ရှိအချိန်တွင် ရာခိုင်နှုန်းထက်ဝက်နီးပါးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ဆောင်ရွက်လျက်ရှိရာ လမ်းအမြန်ဆုံးပြီးစီးရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လမ်းခင်းထားသည်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။ လမ်းခင်းနေမှုနှင့်ပတ်သက်၍ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ ဦးဘိုးထိန်က "ကွန်ကရစ်လမ်းကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ခင်းခြင်းဖြစ်ပါတယ်။ လမ်းအကျယ်ကတော့ ၁၂ ပေအကျယ်ရရှိအောင် ခင်းမှာပါ။ အရှည်က ပေ ၁၅၀၀ ပါ၊ ထုထည်က ၉ လက်မ ရှိပါတယ်။ လက်ရှိမှာတော့ ပေ ၆၇၀ တစ်ခြမ်းခင်းပြီးနေပါပြီ။ ကျန်တာကို ဆက်ပြီးခင်းနေပါတယ်" ဟု ပြောသည်။ အဆိုပါ ရွှေမုဋ္ဌောလမ်း၏ ကုန်ကျငွေကို ကျပ် ၂၇၁ သိန်း ကုန်ကျမည်ဟု ခန့်မှန်းထားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ဘိလပ်မြေများလှူဒါန်းထားသည်။ **လင်းလက်ကြယ်စင်**

## အထက(ခမောက်ကြီး) ၌ မူလတန်း အဆင့်ကျောင်းသားများအား ကျောင်းဝတ်စုံများ အခမဲ့ထောက်ပံ့ပေးအပ်

**ခမောက်ကြီး ဇူလိုင် ၁၄**

နိုင်ငံတော်မှ တစ်နိုင်ငံလုံးရှိပြည်သူများ လူမှုစွမ်းအားအရင်းအမြစ် အရှိန်အဟုန်ဖြင့် အခမဲ့ပညာသင်နိုင်ရေး၊ မူလတန်းမှ အထက်တန်းအဆင့်အထိ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ စာသင်ခုံများ ဖြည့်ဆည်းပံ့ပိုးပေးခြင်း၊ ကျောင်းသုံးစာရေးကိရိယာများ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မူလတန်းကလေးများအား ကျောင်းဝတ်စုံများ အခမဲ့ထောက်ပံ့ပေးအပ်ခြင်း အစီအစဉ်တစ်ရပ်အား ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက အ. ထ. က (ခမောက်ကြီး) ကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးအပ်သည့် ကျောင်းဝတ်စုံများအား မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ကျောင်းဝတ်စုံ တစ်စုံစီအား ပညာရေးဝန်ကြီးဌာနကိုယ်စား ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် အတန်းအလိုက် ဆရာ၊ ဆရာမများက မိဘအုပ်ထိန်းသူများလက်ဝယ်အရောက် အသီးသီးထောက်ပံ့လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

## ပြည်ကြီးတံခွန်မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ တိုးချဲ့တူးဖော်





**မန္တလေး ဇူလိုင် ၁၄**

မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းသည် ဇူလိုင် ၁၁ ရက်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ လိုက်ပါ၍ ရေနုတ်မြောင်းများ တိုးချဲ့တူးဖော်ဖောက်လုပ်မည့်အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်ကြီးတံခွန်မြို့နယ်အတွင်း (၆၅) လမ်းတစ်လျှောက် သာယာဝတီမင်းကြီးလမ်းမှ ကိုလံဘိုမြောင်းမကြီးအထိ ရေနုတ်မြောင်းများတိုးချဲ့ဖောက်လုပ်မည့်အခြေအနေ၊ လုပ်ငန်းစီမံချက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က လမ်းတံတားဌာန ဌာနမှူးအား မိုးရာသီတွင် အနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများလျော့နည်းပပျောက်စေရန် အပိုင်းလိုက် စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

**သီဟကိုကို(မန္တလေး)**

## အရုပ်မျိုးစုံလုပ်ငန်းဖြင့် မိသားစု အပိုဝင်ငွေရရှိ



**စစ်ကိုင်း ဇူလိုင် ၁၄**

စစ်ကိုင်းမြို့နယ် ကန္နားတော်ကျေးရွာတွင် စက္ကူအသုံးပြု၍ အရုပ်မျိုးစုံ တွင်ကျယ်စွာဆောင်ရွက်လျက်ရှိပြီး အဆိုပါအရုပ်လေးများကို ဘုရားပွဲ၊ ကျောင်းပွဲ စသည့်ပွဲလမ်းသဘင်များတွင် လိုက်လံရောင်းချနေကြသည့် ၁၂ ပွဲဈေးရောင်းချသူများက တစ်ဆင့်ဝယ်ယူ၍ ရောင်းချနေသောကြောင့် ယနေ့အချိန်ထိ တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

" လုပ်ငန်းလုပ်လာတာကတော့ ကြာပါပြီ။ ရိုးရာလုပ်ငန်းလည်းဖြစ်၊ ဝါသနာလည်းပါတော့ ခုချိန်ထိ လုပ်ကိုင်နေတာပါ။ အရုပ်လေးတွေက ကလေးအသုံးအဆောင်၊ ကလေးချစ်တဲ့အရုပ်တွေဆိုတော့ ရောင်းရပါတယ်။ အခုလုပ်နေတာကတော့ အစုံပါပဲ။ ဆင်၊ မြင်း၊ ကျား၊ နွား၊ ဇီးကွက်၊ ဖိုးဝရုပ် စတဲ့အစုံပါပဲ။ လုပ်ရတာကတော့ ဘယ်အရုပ်မဆို မိုပုံစံထုလုပ်ထားရတယ်။ ဥပမာ နွားရုပ်ပေ့ါ။ နွားရုပ်နဲ့တူတဲ့ပုံကို သစ်သားနဲ့ မိုပုံစံထုတယ်။ အဲဒီသစ်သားရုပ်ကိုမှ ပထမဆုံး သတင်းစာစက္ကူအဟောင်းတွေကို ကော်သုတ်ပြီး အရုပ်အတိုင်းဖြတ်ဖြတ်ပြီး ကပ်လိုက်တယ်။ နောက်ဂျာနယ်စက္ကူကိုလည်း ထပ်ပြီးကပ်လိုက်တယ်။

"ပြီးတော့ ဘိလပ်မြေအိတ်လို့ခေါ်တဲ့ အညိုရောင်စက္ကူထပ်ကပ်လိုက်တယ်။ သုံးဆင့်လောက်လိုက်ကပ်ပေးရတယ်။ ထူသွားတာပေ့ါ။ ပြီးတော့မှ နေပူလှန်းလိုက်တယ်။ ခြောက်သွားအောင်ပေ့ါ။ ခြောက်ပြီဆိုတော့မှ ရင်ဘက်ကိုခွဲပြီး သစ်သားအရုပ်မိုပုံကို ပြန်လည်ထုတ်ယူလိုက်တယ်။ အဲဒီတော့ စက္ကူအရုပ်ပုံပေါ်လာတာပါပဲ။ ရင်ခွဲပြီးသား စက္ကူအရုပ်ကိုလည်း ပြန်လည်ဆွဲစိ၊ စက္ကူပြန်ကပ်ပြီး ကိုယ်ကြိုက်တဲ့အရောင် ဆေးခြယ်လိုက်တာပါ။ အရုပ်ပေါ်မူတည်ပြီး ဆေးတော့ ခြယ်ရတာပေ့ါ။ ကျားရုပ်ဆိုရင် မြင်နေကြဖြစ်တဲ့ အဝါ၊ အနက် အစင်းဖြစ်အောင် ခြယ်လိုက်တယ်။ ဖိုးဝရုပ်တို့ဆိုရင်တော့ အရောင်မျိုးစုံခြယ်လိုက်တာပါပဲ။ အခုဆိုရင် ဝါတွင်းကာလ ဘုရားပွဲ၊ ကျောင်းပွဲတွေများတော့ ၁၂ ပွဲဈေးလိုက်ရောင်းတဲ့သူတွေလည်း ရောင်းရပါတယ်။ လုပ်ငန်းလည်းတွင်ကျယ်ပါတယ်။ နေ့စဉ်လည်းလုပ်နေပါတယ်။ အဆင်ပြေပါတယ်" ဟု အရုပ်စုံလုပ်ငန်းလုပ်ကိုင်နေသူ လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

"ကျွန်မဒီလုပ်ငန်းလုပ်တာ ရှစ်နှစ်လောက်ရှိပါပြီ။ ဒီရွာထဲကပါပဲ။ မနက် ၇ နာရီလောက်မှာ အလုပ်ဆင်းပြီး ညနေ ၅ နာရီလောက်ထိပေ့ါ။ တစ်မျိုးတည်း လုပ်ရတာတော့ မဟုတ်ပါဘူး။ အရုပ်စုံထွက်ရှိအောင် မျှသွားအောင်လုပ်ရပါတယ်။ တစ်နေ့ကျပ် ၄၀၀၀ ရပါတယ်။ မိသားစုနှစ်ယောက်လုပ်ရင်ကျပ် ၈၀၀၀ လောက်ရတော့ မိသားစုစားဝတ်နေရေး အဆင်ပြေပါတယ်" ဟု အရုပ်စုံလုပ်ကိုင်နေသူ အမျိုးသမီးတစ်ဦးက ပြောပြသည်။

**ဇော်မြင့်နိုင်**

# ပုဂ္ဂလိကဓာတ်ဆီဆိုင်အချို့မှ အရောင်းဆိုင်ဝန်ထမ်းများ နှာခေါင်းစွပ် (mask) များ အသုံးပြုသင့်

**မကွေး ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကဓာတ်ဆီဆိုင်အချို့တွင် ဓာတ်ဆီရောင်းချသည့် ဝန်ထမ်းများမှာ လုပ်ငန်းခွင်အတွင်း ဓာတ်ဆီအငွေ့ကို တိုက်ရိုက်မရှူရှိုက်နိုင်သော နှာခေါင်းစွပ် (mask) များကို တပ်ဆင်မှုနည်းပါးသဖြင့် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ ရရှိခံစားနိုင်ကြောင်း မကွေးမြို့ခံ ဆရာဝန်တစ်ဦးက ပြောပြသည်။

"ပုဂ္ဂလိကဓာတ်ဆီအရောင်းဆိုင်၊ ပန့်ဆိုင်တွေက အရောင်းဝန်ထမ်းတွေအနေနဲ့ လုပ်ငန်းခွင်အတွင်း ဓာတ်ဆီဖြည့်ချိန်မှာ နှာခေါင်းစွပ် (mask) တွေကို မမေ့မလျော့ တပ်ဆင်ထားသင့်တယ်။ ဆိုင်ရှင်တွေကလည်း ဒါကို စည်းကမ်းတစ်ရပ်အနေနဲ့ တင်းတင်းကျပ်ကျပ် သတ်မှတ်ဆောင်ရွက်သင့်တယ်။ ဓာတ်ဆီအငွေ့၊ အဓိကအားဖြင့် (Octane) အငွေ့တွေကို နေ့စဉ်ရှူရှိုက်မှုများလာရင် အာရုံကြောရောင်တဲ့ရောဂါ ဖြစ်နိုင်တယ်။ ဦးနှောက်နဲ့ အာရုံကြောတွေ ပျက်စီးနိုင်တဲ့အထိ ဖြစ်နိုင်တယ်။ အထူးသဖြင့် ခေါင်းကိုက်၊ ခေါင်းမူး၊ မအီမသာဖြစ်တာတွေခံစားရပြီး အကိုက်အခဲပျောက်ဆေးတွေသောက်လည်း မထူးတာမျိုးတွေ ဖြစ်လာတတ်တယ်" ဟု ၎င်းက အကြံပြုပြောပြသည်။

မကွေးတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးလာသည်နှင့်အမျှ အဝေးပြေးလမ်းမကြီးများတစ်လျှောက်တွင် ပုဂ္ဂလိကဓာတ်ဆီဆိုင်များ အများအပြားဖွင့်လှစ်လာကြကာ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လင်းလာသည်မှာ မှန်သော်လည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ နည်းပါးနေသေးကြောင်း၊ အဆိုပါဓာတ်ဆီဆိုင်များအနေဖြင့် အရောင်းဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ဓာတ်ဆီဖြည့်လုပ်ငန်းခွင်အတွင်း နှာခေါင်းစွပ် (mask) များ တပ်ဆင်ခြင်းကို လိုက်နာကျင့်သုံးစေရန် လုပ်ငန်းစည်းကမ်းတစ်ရပ်အနေဖြင့် ကြပ်မတ်ဆောင်ရွက်သင့်ကြောင်း ဒေသခံများကလည်း ပြောသည်။ **ကျော်စွာ(မကွေး)**

## ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ သတ်မှတ်ကာလတွင် ပြီးစီးရန်ဆောင်ရွက်

**ကျွန်းလှ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး သတ်မှတ်ကာလအတွင်းပြီးစီးရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ဆေးရုံတွင် ခုတင် ၅၀ ဆံ့ဆေးရုံအဆောက်အအုံ အကျယ်အဝန်း အလျား ၁၀၅ × အနံ ၅၆ ပေနှစ်ထပ်ကို ရွှေသုန္ဒီကုမ္ပဏီကလည်းကောင်း၊ ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ်လူနေခန်း ၂၄ ခန်းပါ အဆောက်အအုံအကျယ် အလျား ၁၆၄ ဒသမ ၆ × အနံ ၅၀ ပေအား ကြယ်စင်မင်းကုမ္ပဏီကလည်းကောင်း၊ လေးခန်းတွဲလေးထပ်၊ လူနေခန်း ၁၆ ခန်းပါ အဆောက်အအုံအကျယ် အလျား ၁၀၄ × အနံ ၅၀ ပေကို ရွှေပိတောက်ကုမ္ပဏီကလည်းကောင်း တာဝန်ယူတည်ဆောက်လျက်ရှိကြောင်းသိရသည်။ယင်းနောက်အိမ်ခြေကျေးရွာအုပ်စု ရွာကုန်းကြီးကျေးရွာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဆောက်အအုံ အကျယ် အလျား ၁၂၆ × အနံ ၈၉ ပေနှင့် သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာတို့ကိုမြန်မာ့ခေတ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်

**တောင်ငူ ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဂရင်းဆိုရှယ်ခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို) အထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်း၊ ရုံးအဖွဲ့မှူး ဦးအောင်သူမြိုင်နှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ပဲခူးတိုင်း ၂၈ မြို့နယ်တို့မှ သတင်းစာဆရာအသင်းဝင်များ တက်ရောက်ကြပြီး အခမ်းအနားသဘာပတိအဖြစ် ဦးကျော်လှ (တောင်ငူ) က ဆောင်ရွက်သည်။

ယင်းအစည်းအဝေးမှ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ကြရာ သဘာပတိအဖြစ် ဦးကျော်လှ(တောင်ငူ)၊ ဥက္ကဋ္ဌအဖြစ် ဦးစိန်လှိုင်ဗိုလ် (ပဲခူး)၊ ဒု-ဥက္ကဋ္ဌ (၁) အဖြစ် ဦးအောင်မြင့်(ပြည်)၊ ဒု-ဥက္ကဋ္ဌ(၂) အဖြစ် မောင်ဆွေ(တောင်ငူ)၊ အတွင်းရေးမှူးအဖြစ် ဦးသိန်းဝင်း (အုတ်တွင်း-တောင်ငူ) နှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးခင်မောင်သိန်း (ဇီးကုန်း) တို့ပါဝင်သော အလုပ်အမှုဆောင် ၂၁ ဦးတို့ကို ရွေးချယ် ဖွဲ့စည်းခဲ့သည်။ (၁၂၉)

## တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ကျောင်းသားများနှင့်သင်ကြားပေးသောဆရာများအား ဂုဏ်ပြု

**ငွေဆောင် ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပို့ချပေးသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပခဲ့သည်။

အခမ်းအနား၌ မြို့အုပ်ချုပ်ရေးမှူး ဦးဝေလင်းမောင်နှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား မှတ်တမ်းတင်ဂုဏ်ပြုဆုနှင့် လက်မှတ်များ ဂုဏ်ပြုချီးမြှင့်ကြသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ဂုဏ်ထူး တစ်ဘာသာလျှင် ကျပ်သုံးသောင်းကျပ်နှုန်းဖြင့် သုံးဘာသာတစ်ဦး၊ နှစ်ဘာသာလေးဦး၊ တစ်ဘာသာ ၁၄ ဦး၊ ဂုဏ်ထူးဖြင့် အောင်မြင်သူ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးတို့အားလည်းကောင်း၊ ဂုဏ်ထူးရရှိအောင် သင်ကြားပို့ချပေးခဲ့သော ဆရာ၊ ဆရာမများအား တစ်ဦးလျှင် ကျပ်ငါးသောင်းနှုန်းဖြင့်လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ငွေဆောင်မြို့တွင် ၂၀၁၄-၂၀၁၅ ခုနှစ်ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ၃၈၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၁၃ ဦး အောင်မြင်ခဲ့ကာ အောင်ချက်ရာခိုင်နှုန်း ၂၉ ဒသမ ၆၆ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျူးကျော်တဲဆောက်လုပ်နေထိုင်သူအချို့အား ခေါ်ယူစုံစမ်း စစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် မြို့မငြိမ်းလမ်းနှင့် ငုရွှေဝါလမ်းထောင့် မူလတန်းကျောင်းဘေးမြေကွက်လွတ်တွင် ဇူလိုင် ၁၀ ရက် ညနေ ၅ နာရီ ခန့်က စတင်ကာ ကျူးကျော်တဲအိမ်များကို အုပ်စုဖွဲ့၍ အဓမ္မဝင်ရောက်ဆောက်လုပ်မှုများ ရှိနေခဲ့သဖြင့် ဇူလိုင် ၁၁ ရက် နံနက် ၁၁ နာရီခန့်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ဦးဆောင်၍ ၄၅ မိနစ်ကြာ ရှင်းလင်းသိမ်းဆည်းဆောက်ရွက်ကြကာ ကျူးကျော်တဲအိမ်ဆောက်လုပ်သူအချို့အား ခေါ်ယူစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် ညနေ ၅ နာရီခန့်မှစတင်ကာ အမှတ်(၇)ရပ်ကွက်အတွင်းရှိ မြို့မငြိမ်းလမ်းနှင့် ငုရွှေဝါလမ်းထောင့် မြေလွတ်တွင် အုပ်စုဖွဲ့ကျူးကျော်တဲအိမ်များ ဆောက်လုပ်နေကြသည်ဟု ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောဝင်းနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးတို့က သွားရောက်လေ့လာ စစ်ဆေးမှတ်သားပြီး မြို့နယ်အဆင့် တာဝန်ရှိသူများသို့ ဖြစ်စဉ်အရပ်ရပ်ကို ကြိုတင်သတင်းပေးပို့ တင်ပြထားခဲ့သည်။

ယင်းသတင်းပေးပို့မှုအပေါ် အခြေခံ၍ ဇူလိုင် ၁၁ ရက် နံနက် ၁၁ နာရီခန့်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ဒုတိယမြို့နယ်ဦးစီးဌာနမှူး ဦးဝင်းလှိုင်ဖြိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြည်စိုး၊ အမှတ်(၇)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောဝင်း၊ လှိုင်သာယာမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်ရဲနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများအပါအဝင် စုစုပေါင်းအင်အား ၈၃ ဦးဖြင့် အမိုးပါဝါးတိုင်စိုက်ထူကျူးကျော်တဲအိမ် ငါးလုံး၊ အမိုးမပါ ဝါးတိုင်စိုက်ထူလေးလုံးတို့ကို ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်သွားခဲ့ကြသည်။

နိုင်ငံပိုင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ မြေနုကျွန်းမြေ၊ လမ်းမြေ၊ သစ်တောမြေ၊ ကျေးရွာပိုင်ထင်းစိုက်ခင်းမြေ၊ စားကျက်မြေ၊ ကျေးရွာဘုံမြေ၊ သုသာန်မြေများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ခြင်း၊ အိမ်အသစ်ဆောက်လုပ်ခြင်း၊ ရပ်ကွက်ကျေးရွာအသစ်ဖွဲ့စည်းခြင်း၊ နေအိမ်အဆောက်အအုံဆောက်လုပ်ခြင်းတို့ကို တားမြစ်ထားမှုအပေါ် မလိုက်နာပါက နိုင်ငံပိုင်မြေများနှင့် နေအိမ်အဆောက်အအုံဆောက်လုပ်ခြင်း၊ ကျူးကျော်ခြင်း၊ ပုဒ်မ ၁၃ (ပ)အရ အရေးယူဆောင်ရွက်နိုင်ရန် ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ စာများဖြန့်ဝေထားပြီးဖြစ်သောကြောင့် ကျူးကျော်တဲအိမ်ဆောက်လုပ်နေမှုများကို တည်ဆဲဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အဆင့်တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မင်းထက်ပိုင် (လှိုင်သာယာ)**



**မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်တော်ရပ်ကွက်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရန်အတွက် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဘုန်းနိုင်၊ မြို့နယ်အင်ဂျင်နီယာ ဦးနိုင်ထက်လွင်တို့က ကြီးကြပ်၍ (၁၁/၀.၄) kv (200) kva ထရန်စဖော်မာအသစ် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဇူလိုင်လ ဒုတိယပတ်က တပ်ဆင်ပြီး၍ ရပ်ကွက်အတွင်းရှိ နေအိမ် ၂၀၀ ကျော်ကို လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - ဉာဏ်တိုး(ပေါက်)

ပြည်တွင်းရေးရာ

# ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်-တောင်ညို-တောင်တွင်းကြီး ကားလမ်းမကြီး အဆင့်မြှင့်တင်ဆောင်ရွက်

**တောင်တွင်းကြီး ဇူလိုင် ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေကျပ် ၂၂ သန်းဖြင့် နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီး ကားလမ်းမကြီးအား မြေထိန်းနံရံတည်ဆောက်ခြင်း၊ ကွန်ကရစ်ရေမြောင်းတည်ဆောက်ခြင်း၊ ကျောက်ကြီးစီမြေကာနံရံတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်နေမှုကို မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ တောင်တွင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်း၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာအောင်ချိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၂ ရက်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းနှင့်အဖွဲ့သည် အဆိုပါလုပ်ငန်းစဉ်များ သတ်မှတ်ကာလအတွင်းပြီးစီးရန်နှင့် အရည်အသွေးကောင်းမွန်ရန်လိုအပ်ကြောင်း ရှင်းလင်းမှာကြားကာ လိုအပ်သည်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**



# ငဖဲ စည်ပင်သာယာရေးအဖွဲ့က ကာကွယ်ဆေးဖျန်းပက်

**ငဖဲ ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်များအတွင်းရှိ ကလေး၊ လူကြီးများ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရန် ရေနုတ်မြောင်းများ၊ ရေပွက်များရှိရာ နေရာများအနှံ့ ကာကွယ်ဆေးဖြန်းခြင်းများကို ကြိုတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်သူများ ကျန်းမာရေးအခက်အခဲများ မခံစားရစေရန် ကြိုတင်တားဆီးသောအားဖြင့် နှစ်စဉ် ကာကွယ်ဆေးဖျန်းခြင်းများကို စည်ပင်သာယာရေးအဖွဲ့မှ စနစ်တကျ ပက်ဖျန်းထားသောကြောင့် သွေးလွန်တုပ်ကွေးရောဂါများ သိသာစွာ လျော့နည်းသွားပြီဖြစ်ကြောင်း သိရသည်။

"ငဖဲမြို့ဟာ စေတုတ္တရာမြို့နဲ့ နယ်မြေချင်းထိစပ်နေတဲ့ သဘာဝစိမ့်စမ်းရေတွေ၊ သစ်ဖက်ရေတွေရှိတဲ့ တောင်ပေါ်မြို့လေးဆိုတော့ ခြင်ကိုက်ခံရရာမှတစ်ဆင့် ဖြစ်လေ့ရှိတဲ့ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါတွေ ဖြစ်ပွားမှာ အလွန်စိုးရိမ်ရတဲ့အတွက် မြို့ပေါ်နှစ်ရပ်ကွက် အိမ်ခြေကိုးရာကျော်မှာနေထိုင်တဲ့ လူဦးရေ ၃၈၀၀ ကျော် သွေးလွန်တုပ်ကွေးရောဂါ မခံစားရအောင် နှစ်စဉ်နှစ်တိုင်းစည်ပင်ကထုတ်ပေးတဲ့ ကာကွယ်ဆေးရည်တွေကို ခြင်ပေါက်ပွားနိုင်မယ့် နေရာတွေမှာ ဂရုတစိုက် ကိုယ်တိုင်ဦးစီးပြီးကြိုတင် ကာကွယ်ဆေးတွေကို နှစ်ရက်ဆက်တိုက် ဖျန်းပေးပါတယ်။ တစ်နှစ်ထက်တစ်နှစ်လည်း ငဖဲမြို့မှာသွေးလွန်တုပ်ကွေးဖြစ်ပွားမှု နည်းပါးလာပါတယ်။ ထိရောက်တဲ့ကာကွယ်မှုဖြစ်လို့ မြို့နယ်ကျန်းမာရေးအဖွဲ့နဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး နောက်တစ်ကြိမ် ကာကွယ်ဆေးပက်ဖြန်းပေးသွားဦးမှာပါ" ဟု ငဖဲမြို့နယ်စည်ပင်ဦးစီးမှူးက ပြောပြခဲ့သည်။

အဆိုပါငဖဲမြို့နယ်အတွင်း တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မိုးဦးကျရာသီရောက်တိုင်း ရပ်ကွက်ကြိုရပ်ကွက်ကြားရှိ ရေဝပ်လျက်ရှိသောနေရာများ၊ ကားတာယာခွက်များအတွင်းရှိ မိုးရေအကြည်ရေများကနေ ပိုးလောက်လန်းလေးများပေါက်ပွားမှုမှတစ်ဆင့် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ ဖြစ်ပွားမှုများ လျော့ကျစေရန်ရည်ရွယ်၍ ယင်းကဲ့သို့ဆေးဖျန်းခြင်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပိုင်ဇေ(မကွေး)**

# ဇန်းမော်မြို့ ပြည်သူ့အားကစားကွင်း၌ ကျေးရွာ အုပ်စုပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ကျင်းပ

**ဇန်းမော် ဇူလိုင် ၁၄**

ကချင်ပြည်နယ် ဇန်းမော်မြို့ ပြည်သူ့အားကစားကွင်း၌ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘင်ခရာအဖွဲ့မှဦးဆောင်၍ ပြိုင်ပွဲဝင်ကစားသမားများ ကွင်းအတွင်း၌ နေရာယူကာ အားကစားအဓိဋ္ဌာန်ရွတ်ဆိုပြီး မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ဆက်လက်၍ ပန်းပွားအကနှင့်သရုပ်ပြဖျော်ဖြေပြီး ယှဉ်ပြိုင်မည့် အားကစားအသင်းများဖြစ်ကြသော နောင်ခိုဘောလုံးအသင်းနှင့် မင်းကုန်းဘောလုံးအသင်းတို့ကို တစ်ဦးချင်းမိတ်ဆက်ပေးပြီး နှစ်ဖက်ကစားသမားများ လက်ဆွဲနှုတ်ဆက်ကာ ဘောလုံးပွဲကိုစတင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘုန်းကြီးကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်း ကျောင်းအား အ.ထ.က အဖြစ် အဆင့်တိုးမြှင့်

**မြိုင် ဇူလိုင် ၁၄**

ပခုက္ကူခရိုင် မြိုင်မြို့နယ် ဘုန်းကြီးကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား အ. ထ. က အဖြစ် အဆင့်တိုးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က အဆိုပါကျောင်းဝင်းအတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ဒုခရိုင်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုမြို့နယ်ပညာရေးမှူး၊ မြိုင်အ. ထ. က ကျောင်းအုပ်ဆရာကြီးတို့က ဖွင့်လှစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဒုခရိုင်ပညာရေးမှူးက အမှာစကားပြောကြားပြီး အထက်တန်းပြဆရာ ဦးဖိုးကျော်က ကျောင်း၏သမိုင်းကြောင်းအား ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်ခဲ့သည်။

**ဇေယျာတု(မကွေး)**


စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် အထူးခရီးစဉ်
ကယားပြည်နယ် လွိုင်ကော် တောင်ကွဲစေတီ
၁၀ - ၇ - ၂၀၁၅ မှ ၂ - ၈ - ၂၀၁၅ အထိ
သုခစိန်စာငေ 01-253079/09 30184137/09 5155654

ရတနာမိုး အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း
EASY GO TRAVEL & TOURS
သီရိလင်္ကာနိုင်ငံမြတ်စွယ်တော်လှည့်လည်ပူဇော်ပွဲ
ကန္ဒီမြို့ရှိ ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုရင်း ရှေးဟောင်း
အမွေအနှစ်များစုစည်းရာ ပေါလောနရုဝမြို့ဟောင်း၊ မဟာဗောဓိပင်ရှိရာ
အနုရာဓမြို့နှင့် ကမ္ဘာ့အံ့ဖွယ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သော
စီဂီရိယတောင်တို့ကို လေ့လာလည်ပတ်နိုင်မည့်
(၅)ည (၆)ရက် ဟိုတယ်/စရိတ်ငြိမ်း
အဆင့်မြင့်လေကြောင်းလိုင်း
USD 1250
23 Aug
ရန်ကုန် Tel : 01 - 377351~2, 09 - 73029315, 5069882, 420278588
မန္တလေးရုံးခွဲ Tel : 09-444026228, 09-444027228, 256297979
ပြင်ဦးလွင်ရုံးခွဲ Tel : 085-29791, 09-794813778, 256017970

ရွှေလမ်းခရီး ...ကျိုက်ထီးရိုး/ချောင်းသာ
* တောင်ကြီး(ထမ်စမ်းလိုဏ်ဂူ)၊ (မွေတော်ကက္ကူ)၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ
* ပုဂံ (စွယ်တော်လေးဆူ)၊ (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ
* မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် လက်မှတ်ရောင်း / ဝင်းလုံးငှား
* ကယားပြည်နယ် လွိုင်ကော်(တောင်ကွဲစေတီနှင့် ငွေတောင်ဆည်)၊ ကလော ဘုရားစုံ
* မော်လမြိုင်၊ နွားလဘိုတောင်၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေ၊ ဇင်းကျိုက်ရေတံခွန်
* ဘားအံ(ရွှေယဉ်မျှော်) သမိုင်းဝင်ဂူဘုရားများ (နေ့ချင်းပြန်)ခရီးစဉ်
* ကျုံထော်ရေတံခွန်နှင့် ဘားအံ(ရွှေယဉ်မျှော်)၊ ကော့ဂွန်းဂူ ဘုရားစုံ
* ဇင်းကျိုက်ရေတံခွန်၊ နွားလဘိုတောင်၊ မဲလံဆံတော်ရှင်၊ (ကျောက်ပိရဟန္တာ)
(ထမင်းကျွေး၊ ကား၊ တစ်ဆင့်သွားကား/ဓာတ်လှေ၊ တည်းခိုခ၊ စရိတ်ငြိမ်း)
* ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး * ရွှေနှံ့ပြည်တော်ပြန်
အမှတ်(၁၁၅)၊ ပန်းဆိုးတန်းလမ်း(ဂုံးကျော်တံတားအောက်) 371317,095124678,09401589907

◈ ကရင်ပြည်နယ်-ဘားအံ-ကျုံထော်ရေတံခွန်
July 18,25,30,31, Aug 1 (35000/Ks)
◈ မော်လမြိုင်-ကျိုက္ခမီ-ဇင်းကျိုက်ရေတံခွန်
July 18,25,30,31, Aug 1 (35000/Ks)
➤အဆင့်မြင့် Scania ကား၊ အဆင့်မြင့်စားသောက်ဆိုင်များဖြင့်သာ စီစဉ်ပေးပါသည်။➤
Ph: 01-706716, 09-259257822~3, 09-250790919, 09-420179988

ဇူလိုင်သားအဖအတွက်မွေးနေ့ဆုတောင်း
ချစ်ဖေဖေ ဦးညွန့်ဝင်း (MD, Royal Mega Group Co.,Ltd) နှင့် တစ်ဦးတည်းသော ချစ်သမီးလေး မထက်အိန္ဒြေလှိုင် (ခ) ဂိုအားလား (Primary 2B) ILBC-International School တို့၏ ဇူလိုင်လတွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင် ချစ်မေမေ ဒေါ်ခင်နွယ်ထွန်း၊ ချစ်မောင်လေး မောင်ထက်အာကာဟိန်းတို့နှင့်အတူ သာယာချမ်းမြေ့စွာ ရာသက်ပန် လျှောက်လှမ်းနိုင်ပါစေ။
ဘိုးဘိုး ဦးအေးနိုင်-ဘွားဘွား ဒေါ်တင်တင်နွဲ့
ဦးဦး ဇော်လင်းနိုင်-တီတီ ဥမ္မာသန့်(ခေတ္တ စင်ကာပူ)
ဦးငယ် ဦးဝင်းနိုင်(ခေတ္တ ကိုရီးယား)-တီလေး ဒေါ်ဝတ်ရည်အေး
မီးကြီး ဇင်သီရိနိုင်၊ မီးငယ် ဇွန်သီရိနိုင်
Grade 5 (အထက-၂၊ ဒဂုံ)

"မြန်မာနိုင်ငံ အိမ် ၊ ခြံ ၊ မြေ ဝန်ဆောင်မှုအသင်း
အသင်းသားများလစဉ် ပုံမှန်တွေ့ဆုံဆွေးနွေးဖလှယ်ပွဲ ဖိတ်ကြားလွှာ"
MRESA
မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း(ဗဟို)မှ ကြီးမှူး၍ အိမ်ခြံမြေ အသင်းသားများ၏အတွေ့အကြုံများဆွေးနွေးဖလှယ်ပွဲကို
လစဉ်ပုံမှန်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသင်းသားများအသိပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပါဝင်ဆွေးနွေးနိုင်ရေးအတွက်
တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။
ယခုလ ဦးဆောင်ဆွေးနွေးမည့်သူ - ဦးထွန်းမြင့်အောင်
ဒုတိယညွှန်ကြားရေးမှူး (မြေနှင့်အိမ်ရာဌာနခွဲ)
ဆွေးနွေးမည့်ခေါင်းစဉ် - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နှင့်အိမ်ခြံမြေ ဈေးကွက်အတက်အကျ
ကျင်းပမည့်နေ့ရက် * ၁၈-၇-၂၀၁၅ (စနေနေ့)
ကျင်းပမည့်အချိန် * မွန်းလွဲ (၁း၀၀) နာရီ
ကျင်းပမည့်နေရာ * သင်တန်းခန်းမ (၁၄၉/၁၁လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ကျောက်တံတား)
မှတ်ချက်။ ။ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ပါသည်။
ရုံးခန်း - အမှတ်(၁၂၃)၊ ပထမထပ်၊ အနော်ရထာလမ်းမကြီး၊ (၄၉) လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၂၀၁၄၃၆၊ ၀၉ - ၃၁၃၂၈၂၇၂ Email : mresamyanmar2012@gmail.com, Facebook:mresamyanmar

သုံးရာသီ ဝမ္မဒါန
ဝါဆိုသင်္ကန်းကပ်အလှူ ၁၀-၇-၂၀၁၅
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀၀
ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
သင်္ကန်းပေး၊ ထမင်းကျွေး - ၄၀၀၀၀
တောင်ပြုံးပွဲတော် ကြိုတင်လက်မှတ်ရောင်းပြီး
420144148,421153797,73184847

ကိုသန့်ဇင် CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

ကား မျိုးစုံ
(Alphard/Crown/MarkII/အနံစတုံ/Hiace ၉/၁၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph:09795549249,095418126




Better Health Better Taste Better Life


# ဂုဏ်ယူဝမ်းမြောက်ခြင်း

orange supermarket ၏ (၁၁)ဆိုင်မြောက် အင်းစိန်ဆိုင်သစ်အား (၅.၇.၂၀၁၅) တနင်္ဂနွေနေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။ orange supermarket ၏ Better Health - Better Taste - Better Life ဟူသော ဆောင်ပုဒ်နှင့်အညီ Customer များ၏အကျိုးကို အစဉ်ရှေးရှု ထမ်းရွက်နိုင်ပါစေကြောင်းနှင့် ဆထက်တပိုး တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Alpine
pepsi
dot
Coca-Cola
VeVe
Shark
FIZ COLA
RICH COFFEE MIX
Dutch Mill
nautilus
win food
MAMA INSTANT NOODLES
Vita500
TOMO Food-stuff
Asian Herb Slimming Coffee
Nagar Pyan Finest Myanmar Tea
NIPPON
MBFB
BULL HEAD
HAPPY COOK
ZADE Sunflower Oil
Puro LONDON PURE SUNFLOWER OIL
YSL FANCY & YOON SHWE LI BABY FASHION
GREENCROSS INCORPORATED
Better World
ORCHID SOFT WHITE TISSUE
Infinity
LOCK & LOCK
OK
Ko Zaw Lwin
ကုန်မျိုးစုံရောင်းဝယ်ရေး
C'CARE
Mistine
မစ်စတင်းလာပါပြီရှင်
total care
MAYBELLINE NEW YORK
Berman Toothbrush
ဖိုးပါကြီး သကြားရောင်းဝယ်ရေး
(ညောင်ပင်လေးဈေး)

ကြော်ငြာ


ရင်ခုန်စိတ်လှုပ်ရှားဖွယ် မိုးရာသီကံစမ်းမဲအစီစဉ်
TG / QR / KE စသည့် လေယာဉ်လက်မှတ်ဝယ်ပြီး
iPhone 6 နှင့် GALAXY A7 များ ကံစမ်းလိုက်ကြစို့
ထပ်ဆင့်အခွင့်အရေး
ကံစမ်းမဲကာလ
Columbus TRAVELS
T: 229245, 216245, 378535, 378549


iStock®
Contact Us ...
YGN 09-252424002, 09-254151516, 09-43029798
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm


Empowering Life Seminar Series
Kyaw Kyaw Hlaing (SMART)
Life Long Learning
Pyay Khai (Singapore)
Supercharged your Life
YMCA
Free Register now
Information - 09 430 98117, 09 202 8824


SAKURA HOSPITAL
SINCE 1998
Best Health Myanmar
နှလုံးနှင့် သွေးကြောဆိုင်ရာ စစ်ဆေးကုသမှု အမျိုးမျိုးအတွက်
ဖုန်း - 01-512 668, 09-262 100 103, 09-262 100 104
Email: EDP@sakurahospital.com.mm, sakuraunique@gmail.com


HONDA | NCX
THE NEW HONDA
Dream 125
အိပ်မက်သစ်တစ်ခုပြန်လည် ဆန်းသစ် မွေးဖွားလာခြင်း
ခေတ်သစ် တစ်ခု ပြန်လည် ဆန်းသစ်ပြောင်းလဲခြင်း
NCX MYANMAR CO., LTD.

ကြော်ငြာ

KMD Education Services

Hot Line: 700895,220555

၂၀၁၄ – ၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သော ကျောင်းသား/သူများအတွက် KMD မှပေးအပ်ချီးမြှင့်သော ပညာတော်သင်ဆု

First Year Diploma in Computing (NCC, UK)

Higher National Diploma (SQA, UK)

ဂုဏ်ထူးရှင် ပညာတော်သင်ဆုများ –

| | | | |
|---|---|---|---|
| ဘာသာရပ်ဂုဏ်ထူးရှင် – ၁၀၀% | ၃ ဘာသာဂုဏ်ထူးရှင် – ၄၀% | ၅ ဘာသာဂုဏ်ထူးရှင် – ၁၀၀% | ၂ ဘာသာဂုဏ်ထူးရှင် – ၂၀% |
| ၄ ဘာသာဂုဏ်ထူးရှင် – ၅၀% | ၁ ဘာသာဂုဏ်ထူးရှင် – ၂၀% | | |


ပညာတော်သင်ဆု ၅၀%


Telephone: 381035, 391286, 391287, 502233, 534170, 527436.

Since 1996 Home

Raining Season Special

BUY One GET Free One Coffee Shelf





4' Upper Cabinet

လက်ဆောင်

** Selected Items Only (Stock Limited အတွင်းသာ)

Package Promotion!!

READY MADE FLOOR



** Selected Items Only (Stock Limited အတွင်းသာ)

ပါကေးအစားထိုး ကြမ်းခင်း အထူးPromotion

ရန်ကုန် ဖုန်း – 09 730 84 840 , 09 730 84 841
မန္တလေး ဖုန်း – 09 3311 6626 , 09 3322 6636
နေပြည်တော် ဖုန်း – 09 730 84 844 , 09 4920 5733
မော်လမြိုင် ဖုန်း – 09 7958 999 80 , 09 7958 999 81

AIR KBZ

NAY PYI TAW ✈ YANGON
YANGON ✈ NAY PYI TAW


from USD 72$
* One Way
* All inclusive
* Terms & Conditions apply

နိုင်ငံ့ဝန်ထမ်းများအတွက် အထူးဈေးနှုန်း

from USD 33$
* One Way
* All inclusive
* Terms & Conditions apply

Starts form 1st July
Daily Flight

| FLIGHT NO. | SECTOR | DEPERATURE | ARRIVAL |
|---|---|---|---|
| K7 234 | Yangon - Nay Pyi Taw | 07:00 | 08:00 |
| K7 235 | Nay Pyi Taw - Yangon | 08:15 | 09:15 |
| K7 236 | Yangon - Nay Pyi Taw | 16:45 | 17:45 |
| K7 237 | Nay Pyi Taw - Yangon | 18:00 | 19:00 |



Hotline: (01) 373766, (09) 5280445, (09) 73177805

Tickets Available at
(1) 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
:www.facebook.com/AIRKBZ
(2) Pa -184, Near Tha Pyay Gone Market, Ingine Street, Tha Pyay Gone Quarter Nay Pyi Taw, Ph: (067) 432170, Mobile: (09) 977880320, (09) 73130196

We accept VISA
www.airkbz.com

Hot Line No-0930500100



# ယဉ်ကျေးမှုအမွေအနှစ် အနုပညာလက်ရာအများဆုံးတည်ရှိ၍ ခရီးသွားများအား အထူးဆွဲဆောင်နေသော မန္တလေး

**မန္တလေး ဇူလိုင် ၁၄**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်လက်ရာအများဆုံးတည်ရှိသော မန္တလေးတိုင်းဒေသကြီးသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်လေ့လာလျက်ရှိသည်။

ယခုအချိန်သည် နိုင်ငံခြားသားခရီးသွား လာရောက်မှုနည်းပါးသော်လည်း ပြည်တွင်းခရီးသွားများမှာ လာရောက်လေ့လာမှုများပြားလျက်ရှိကြောင်း၊ မဟာမုနိဘုရားကြီး၊ ဦးပိန်တံတား၊ မန္တလေးတောင်နှင့် ကုသိုလ်တော်ဘုရားတို့တွင် ပြည်တွင်းမှ ဘုရားဖူးပြည်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း၊ မကြာသေးမီက ထီးတော်တင်ထားသည့်ကျောက်စိမ်းစေတီတော်ကြီးတွင် ညနေပိုင်း၌ ဘုရားဖူးပြည်သူများစည်ကားကြောင်း၊ ပန်း ၁၀ မျိုး ပညာရပ်များကို အများဆုံး မြင်တွေ့နိုင်သည့်မန္တလေးမြို့၌ အခြားဒေသမှ လာရောက်လေ့လာသူများ များပြားကြောင်း မန္တလေးမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

မြန်မာ့ ပန်း ၁၀ မျိုးပညာဖြစ်သော ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ပန်းရန်၊ ပန်းထိမ်၊ ပန်းပွတ်၊ ပန်းယွန်း၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့ အနုပညာလုပ်ငန်းများ အများဆုံး လေ့လာနိုင်သော မန္တလေးတိုင်းဒေသကြီးသည် ခရီးသွားများအတွက်စိတ်ဝင်စားစရာနေရာတစ်ခု ဖြစ်နေသည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိပြီး စီးပွားရေး အချက်အချာကျသော မန္တလေးမြို့တော်သည် ကမ္ဘာ့အဖော်ရွေဆုံး ၃၃ မြို့တွင် အဆင့်(၈)ရရှိခဲ့သောမြို့တော်လည်း ဖြစ်သည်။ ရှေးဘုရင်မင်းများ နောက်ဆုံးထီးနန်းစိုးစံခဲ့သည့် မန္တလေးမြို့တော်၏ လေ့လာလည်ပတ်နိုင်သော ထင်ရှားသည့်နေရာများမှာ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် မန္တလေးနန်းမြို့ရိုးနှင့် ကျုံး၊ သဘာဝအလှတရားများနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**●

## ယနေ့မာတိကာ


**တစ်လှေတည်းစီး တစ်ခရီးတည်း** စာမျက်နှာ - ၂

**သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရင် အမြန်ဆုံး မူလအခြေအနေရောက်ရှိအောင် ကြိုးစားဆောင်ရွက်လျက်ရှိ** စာမျက်နှာ - ၆

**ဘွိုင်လာဥပဒေ ပြဋ္ဌာန်း** စာမျက်နှာ - ၉

**ရှဝိန်းစတိုင်ဂါနှင့် ရှနိုက်ဒါလင်အား မန်ယူခေါ်ယူ** စာမျက်နှာ - ၁၃


## ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များပြီးဆုံး

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**

၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**
**ရခိုင်ယူနိုက်တက်-နှစ်ဂိုး။**
**နေပြည်တော် - ဂိုးမရှိ။**

ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်သို့ နှစ်ကြိမ်တိုင်တက်ရောက်ဖူးသည့် နေပြည်တော်အသင်းမှာ ယခုပြိုင်ပွဲတွင် ဒုတိယအဆင့်မှထွက်ခဲ့ရပြီဖြစ်သည်။ ရခိုင်အသင်းမှာ နေပြည်တော်အသင်းထက် ကစားပုံပိုကောင်းခဲ့သလို ရရှိသည့်ဂိုးသွင်းခွင့်များကိုလည်း ပိုင်နိုင်စွာအသုံးချနိုင်ခဲ့၍ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

နေပြည်တော်အသင်းမှာ ပွဲအစတွင် ခြေအသာရခဲ့သော်လည်း ၁၂ မိနစ်တွင် နေပြည်တော်မှ ဘီတာနှင့် ရခိုင်မှ ပြည့်ဖြိုးကိုကိုတို့ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရ၍ တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် ရခိုင်အသင်း ကစားပုံပိုကောင်းခဲ့ပြီး မိနစ် ၄၀ တွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့**❐




**နေပြည်တော်အသင်းမှ ရခိုင်အသင်းဘက်သို့ ဂိုးသွင်းရန်ကြိုးပမ်းနေစဉ်။**

## ကေကေအိုအဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင် ဦးစီးအဖွဲ့၏ လက်နက်နှင့် ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၄**

ကော့ကရိတ်-သက်နှင်းညီနောင်-မြဝတီ လမ်းဟောင်းနှင့် အာရှလမ်းသစ်အား တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF)တို့က နယ်မြေရှင်းလင်း၍ ဖွင့်လှစ်ခဲ့ပြီး အများပြည်သူလုံခြုံရေးအတွက် ကေကေအိုအဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင်ဦးစီးကြွင်းကျန်အဖွဲ့အား ဆက်လက်ရှင်းလင်းလျက်ရှိသည်။

ထိုသို့ ရှင်းလင်းစဉ် ဇူလိုင် ၁၂ ရက် ညနေပိုင်းက အောင်ဗလကုန်းနှင့် အနီးပတ်ဝန်းကျင်တွင် ၎င်းအဖွဲ့မှ သိမ်းဆည်းထားသော အမ်-၁၆ သေနတ် ၁၁ လက်၊ အာရ်ပီဂျီနှစ်လက်၊ အေကေ-၄၇ သေနတ်သုံးလက်၊ ပွိုင့်-၃၀ ကာဘိုင်သေနတ်တစ်လက်နှင့် အမ်-၇၉ ဗုံးပစ်လောင်ချာနှစ်လက် စုစုပေါင်း လက်နက်မျိုးစုံ ၁၉ လက်၊ ကျည်အိမ်မျိုးစုံ ၂၁ ခု၊ ကျည်မျိုးစုံအတောင့် ၃၁၀၊ ဗုံးသီးမျိုးစုံ ၂၅ လုံး၊ စနိုက်ပါမှန်ပြောင်းတစ်ခုတို့အား သိမ်းဆည်းရမိခဲ့သည်။ အလားတူ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းကလည်း တောင်ယာတဲတစ်လုံးအတွင်းမှ ၆၀ မမ စိန်ပြောင်းတစ်လက်၊ ဗုံးသီး ၁၄ လုံး၊ ရှေ့ထွက်မိုင်းတစ်လုံးနှင့် လမ်းလျှောက်စကားပြောစက် **စာမျက်နှာ ၈ ကော်လံ ၁ သို့**○


နိုင်ငံတကာစံချိန်မီ (MS & GI Square/ Rectangular Tubing) များကို မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။




WISCO
WIN IRON & STEEL Co., Ltd.
www.winiron-steel.com
info@winiron-steel.com
Tel: (01)374980~2, 379617, 383742, 384734
(09) 5105768, 5014672, 5042237

ဆိုင်အမှတ်(၁) အမှတ်(၁၅)၊ဘီ-၄၊ ရတနာသီဂီလမ်း၊ စက်မှုဇုန် (၃)၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့။ ၀၁ ၅၉၀၇၅၆ ဆိုင်အမှတ်(၂) အဆောင်(၁၃၂)၊ အခန်း(၁)၊ နီလာ(၄)လမ်း၊ ဈေးဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။ ၀၁ ၆၄၇၁၄၆


themirror.npt@gmail.com
www.facebook.com/themirrordaily